www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ······ ၅၀၀၇၉၀၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက် ···· ၅၀၀၈၀၄၀၆၀၉
**ထုတ်ဝေခြင်း** - ပထမအကြိမ်
**၂၀၀၉ ဇူလိုင်လ**
**အုပ်ရေ** - ၁၀၀၀-အုပ်
**တန်ဖိုး** - သုံးဆယ်ကျပ်တိတိ
**မျက်နှာဖုံးပန်းချီ** -သိန်းရွှေကြည်
**စီစဉ်သူ** -ဒေါ်ဌေးဌေးမော်

၈၉၅·

ဆုလေးနွယ်
အချစ်ဘုံမှာခိုက်ခိုက်တုန် / ဆုလေးနွယ် ။ - ရန်ကုန်
ဉာဏ်ဝင်းစာပေ ၂၀၀၉။
၂၃၉ - စာ ၊ ၁၂·၅ X ၁၇· ၅ စင်တီ။
(၁) အချစ်ဘုံမှာခိုက်ခိုက်တုန်

**ထုတ်ဝေသူ**
ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဆုလေးနွယ်

# အချစ်ဘုံမှာ..... ခိုက်ခိုက်တုန်

www.burmeseclassic.com

www.burmeseclassic.com

လုံခကျော် အိပ်ရာကနိုးတော့ အတော်နေမြင့်နေပြီ။

နံနက် ကိုးနာရီပင် ထိုးကာနီးပြီ။ အိပ်ရာထဲမှ စောင်ကို ကန်ထုတ်ပြီးနောက် ခုန်ထလာကာ အရင်ဆုံး သီချင်းဖွင့်လိုက်သည်။

သူက အိပ်ရာနိုးတာနှင့် တေးဂီတသံ ဆူဆူညံညံ ကြားလိုက်ရမှ တစ်နေ့တာအတွက် ခွန်အားစီးဆင်းဝင်ရောက်သွားသယ်ဟု အထင်ရှိသူပါ။

သီချင်းကို ဇော်လွှားတင်ပြီး ခပ်ကျယ်ကျယ်ဖွင့်ထားပြီးမှ သွားတိုက်၊ မျက်နှာသစ်ဖို့ ပြင်၏။

ထွက်ပေါ်လာတဲ့ သီချင်းက ဆူဆူညံညံ မဟုတ်ပေမယ့် နားထောင်ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတလော ကြားနေရတဲ့ 'သနပ်ခါး' သီချင်း...

*ပါးပြင်မှာ သနပ်ခါးလေးနဲ့..*

*ချစ်စရာ ကောင်းလိုက်တာကွာ...*

*သူများတွေထက် မထင်ရှားလည်းဘဲ ရေး...*

*ကိုယ့်အတွက် လမင်းလေးပါ ...*

*အမြဲတမ်းပြုံးနေလိုက်ပါ...*

*ရိုးရိုးလေး မင်းမျက်နှာ...*

*ကမ္ဘာကျော်တောင် မမီနိုင်ဘူးကွာ...*

*ကိုယ့်ရဲ့နှလုံးအိမ်ထဲမှာ ...အချစ်စိတ်တို့*

*ထလာ..*

*ဒီတသက်စာ ... ချစ်မေတ္တာ....။*

သူ့ရဲ့နံနက်ခင်းက နောက်ကျပေမယ့် လှပသက်
ကြည်လင်သွားပါသည်။

သီချင်းမှာ ခေါင်းလေးငုံ့ကာ တိမ်းကာ မျက်နှာသစ်ပြ
သား သူ့မျက်နှာသွင်ပြင်ကို သူပြန်ကြည့်သည်။

မှန်ထဲမှာ ပေါ်နေတာဟာ ဆွဲဆောင်မှုရှိသေ
ယောကျ်ားတစ်ယောက်။

ဆံပင်က အနည်းငယ် ရှည်သည်။ နားတစ်ဖက်မှာ စိ
နားကပ်တစ်ပွင့်နှင့်။ ဆံပင်က အဖြောင့်အစင်းမဟုတ်ဘဲ လှို
တွန့်ရေးရေး ခပ်ညိုညိုဆံသားမျိုးပါ။





သူ့ဆံပင်ဟာ ခလယ်မကျ ဘေးမကျ ခွဲကြောင်းရှိတဲ့ အခါရှိ...နောက်ကို လှန်ဖြီးတဲ့အခါဖြီးမို့ သပ်ယပ်သည်လို့ ဆိုနိုင်။

စူးရှတောက်ပတဲ့ မျက်လုံးအစုံနှင့် နှာတံပေါ်ပေါ်၊ မေးရိုးဖြောင့်ဖြောင့်၊ နှုတ်ခမ်းမထူမပါးနှင့် သူ့ပုံစံဟာ သိပ် အချောစားကြီးမဟုတ်တောင် ခန့်ညားပြီး ဆွဲဆောင်အား ရှိသည်ဟု သူ ယုံကြည်သည်။

မေးစေ့တဝိုက်မှာ မွေးညှင်းဝိုင်းဝိုင်းလေး ပုံဖော်သွင်း ထားသေး၏။ မျက်နှာပြင်ပေါ်က မွေးညှင်းရိပ်ရိပ်တို့ကို သူ သဘောကျသည်။

ဒါဟာ ယောကျ်ားပီသစေတဲ့ အဆောင်အယောင် တစ်ခုပဲလေ။

သူတို့ ယောကျ်ားတွေကို သဘာဝက ချီးမြှင့်ထားတဲ့ တန်ဖိုးရှိတဲ့ ဂုဏ်ယူစရာတစ်ခုပဲ ဆိုပါတော့။

ဒါကြောင့် မျက်နှာကို ပြောင်သလင်းခါတဲ့အထိ သူ ဘယ်တော့မှ ရိတ်သင်မပစ်ပါ။ ပါးပါးရေးရေးလေးတော့ ချန် ထားစမြဲ။

"ငါ့သားက ဒါတွေကြောင့် မျက်နှာပိုရင့်သလို ဖြစ်နေ တာ"

ဟု ဒက်ဒီက သူ့ကို ဝေဖန်ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့အသက်ဟာ အခုမှ နှစ်ဆယ့်ငါးထဲ ရောက်တာပါ။

ဒီမှာ အီကိုနှင့် ကျောင်းပြီးထားပြီး ဟိုကနေလည်း စီးပွားရေးနှင့်ဆိုင်တဲ့ ဘာသာရပ်တွေ တက်ထားခဲ့သေးသည်။

ဒက်ဒီက စက်ာပူမှာ ကုမ္ပဏီရုံးရှိသဖြင့် ရန်ကုန်ကို လာလိုက် ပြန်လိုက်ပါပဲ။ ဒက်ဒီက ပျော်ပျော်နေတတ်သည်။ မာမီက သူ ဆယ်တန်းနှစ်က ဆုံးသွားခဲ့သည်။

မာမီ မရှိတော့ပေမယ့် ဒက်ဒီက နောက်ထပ် အိမ်ထောင် မပြုတော့ဘဲ သူ့ကိုသာ အလွန်ဂရုစိုက် ချစ်ခင်ကြင်နာသည်။

လုံခကျော်ဟာ တစ်ဦးတည်းသောသားဆိုသော်လည်း ဖခင်အပေါ် လိမ္မာသိတတ်မှုရှိသည်။ ပညာကိုလည်း ကြိုးစားသည်။ အားကစားဘက်တွင်လည်း လိုက်စားသည်။ ထူးချွန်သော အရည်အချင်းရှိသော လုလင်ပျိုလေးတစ်ယောက်ပါ။

သီချင်းနားထောင်ရင်း လိုက်ညည်းဆိုရင်းကပဲ လုံးခကျော် အဝတ်အစား လဲသည်။ တီရှပ်ဖြူဆွတ်ဆွတ်နှင့် စတိုင်လ်ပင်န် ကော်ဖီရောင်အဖျော့ကို ဝတ်ဆင်၍ ဝေါလ်ကင်းရှူးစီးလိုက်သည်။

သူ့ဆံပင်မှာ ဂျဲနှင့် ပြောင်လက်အိတုန်နေပြီးသားပါ။ ဒါပေမယ့် လှိုင်းခပ်ရေးရေးကတော့ ရှိစမြဲ။





တစ်ခါတလေတော့ ဒီဝေ့ဗ်တွေ ပျောက်သွားအောင် ဆံပင်ကို စင်းကြည့် ဖြောင့်ကြည့်ချင်မိသည်။ စိတ်ကူးသာရှိ၍ လက်တွေ့မလုပ်ဖြစ်သေး။

နည်းနည်းထပ်ရှည်လာရင်တော့ ဒီဆံပင်ကို သွားဖြောင့်ကြည့်ဦးမှပဲဟု သူ တွေးသည်။ ထို့နောက် ရေမွှေးဆွတ်၊ ပိုက်ဆံအိတ်ယူ၊ ကားသော့ယူပြီး အိမ်က ထွက်ခဲ့သည်။

သူ၏ (CELECA)အဝါရောင် ကားလှလှလေးပေါ် တက်ပြီး မောင်းထွက်ခဲ့သည်။ သူ့ဆံပင်တွေကို လေက တိုးဝှေ့သွား၏။

အမိုးပွင့်ကားလေးက လမ်းပေါ် တရိပ်ရိပ် ပြေးနေ၏။ နံနက်ပိုင်းမို့ နေအပူရှိန်က မပြင်းသေး။

ရာသီဥတုလေးကလည်း လှပသာယာသည်။ နေရောင်နွေးနွေးလေးက ဖြန့်ကျက်ထားပြီး လမ်းဘေးဝဲယာက သစ်ပင်ကြီးငယ်တို့က စိမ်းမြမြနှင့် မျက်စိပသာဒ ဖြစ်စေသည်။

သူ့စိတ်တွေ လန်းဆန်းနေသည်။ ဒါပေမယ့် ဘရိတ်ဖတ်စ် မစားခဲ့ရသေး၍ ဗိုက်က ဆာသည်။

လပ်ကီးဆဲဗင်းထဲ ဝင်ပြီး နန်းကြီးသုပ်စားချင်စိတ်ပေါက်သဖြင့် ကားကို ထိုဆိုင်ဖက် ချိုးကွေ့လိုက်မိသည်။

ဆိုင်ရှေ့ အပြင်ပလက်ဖောင်းမှာပဲ ကားရပ်လိုက်သည်။ သူ့မှာ နံနက်ခင်းစာစားဖို့ အဖော်လည်း မပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ဘော်ဒါတွေတလည်း မိန်းမရတဲ့ကောင်ရ၊ ရည်းစားရတဲ့ကောင် ရ၊ နိုင်ငံခြားထွက်တဲ့ကောင် ထွက်နှင့် အရင်လို အုပ်စုလိုက်ကြီး မနေဖြစ်တော့ပါ။

စီးပွားရေးတွေ၊ အိမ်ထောင်ရေးတွေနှင့် ကိုယ်စီ မအားလပ်တော့ တစ်ခါတလေ ဆုံရအောင်မင် ဖုန်းနှင့်ချိန်းပြီး မနည်းစုဝေးရတာ။

လုံခကျော်က ဆိုင်တွင်းသို့ အေးအေးဆေးဆေး လှမ်းဝင်ခဲ့သည်။ အပြင်ဖက် အစွန်နားကျကျ စားပွဲမှာပဲ ဝင်ထိုင်လိုက်သည်။

လာမေးတဲ့ စားပွဲထိုးလေးကို နန်းကြီးသုပ်နှင့် နက်စ်ကော်ဖီ မှာလိုက်၏။

ထို့နောက် စီးကရက်ဗူးနှင့် မီးခြစ်ကို စားပွဲပေါ် ချထားလိုက်သည်။ တစ်ယောက်တည်း အေးအေးဆေးဆေး နန်းကြီးသုပ်စား၊ ကော်ဖီသောက်ပြီး စီးကရက်ကို ရှိုက်ဖွာနေမိတုန်းမှာ မထင်မှတ်သော အဖြစ်အပျက်တစ်ခုက စတင်ပေါ်ပေါက်လာလေသည်။

လမ်းချိုးထဲက ပန်းထွက်လာသော ဟွန်ဒါတစ်စီးသည် ပြိုင်ကားအဝါရောင်လှလှလေးရဲ့ နောက်ဘန်ကာကို ဒုန်းခနဲ တိုက်မိ၏။

"ဟယ်တော့ . . . ပလုပ်တုတ်"





ကားမောင်းကာစ ရွှေသုနီ မျက်လုံးပြူး၍ ငြိမ်သက်သွားရသည်။

သွားပြီ . . . ငါတော့ တိုက်မိပြန်ပြီ။

ဒီလထဲ လျှော်ရတာတွေ များပြီ။

ဒီတစ်ခါတော့ အမေ ဆူတော့မည်။ ရှိတဲ့ မုန့်ဖိုးလည်း လမကုန်ခင်ပဲ ပြောင်နေပြီဥစ္စာ။

အဲဒါမှ ပြဿနာပဲ။

သူမရဲ့ 'ဟဲ့ . . . ပလုတ်တုတ်' ဆိုတာနဲ့ သွားပြီပဲ။

ဟို တစ်နေ့က ဆိုက်ကားဆရာကိုလည်း လျှော်ခဲ့ရပြီးပြီ။ အကြော်သည်ရဲ့ လမ်းပေါ်မလွတ်တဲ့ အကြော်ဗန်းကိုလည်း တိုက်ချခဲ့ပြီးပြီ။ ဟိုနေ့က ကားပါကင်ဝင်တော့လည်း ဘေးက ကားကို သွားခြစ်မိလို့ တောင်းပန်ခဲ့ရပြီးပြီ . . . ။

အခု ဒီတစ်ခါဆို . . . ။

ရွှေသုနီ လန့်ဖျပ်သွားစဉ်မှာပဲ ကားပိုင်ရှင်ဖြစ်ဟန်တူသူက လက်ထဲမှ မီးညှိထားပြီးသား စီးကရက်တန်းလန်းနှင့် ဆိုင်ထဲကနေ အူယားဖားယား ပြေးထွက်လာခဲ့၏။

လူက အရပ်မြင့်မြင့် ဘော်ဒီချပ်ချပ်ယပ်ယပ်နှင့် အားကစား လိုက်စားထားတဲ့ပုံ။ ဆံပင်ရှည်ရှည် မျက်နှာက လေးထောင့်ဆန်ဆန်။ မျက်လုံးတွေကလည်း စူးရှရဲတင်းသည်။ ပုံစံက နိုင်ငံခြားမင်းသားတစ်ယောက်ယောက်နှင့် တူနေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေသုနီ အသက်ရှူဖို့ပင် မေ့ကာ ငေးနေမိသည်။

"ဟော့. . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

မာမာထန်ထန် သူ့မေးခွန်းကြောင့် ကားပေါ်က မြန်မြန် ဆင်းလိုက်မိသည်။

ဆိုင်ထဲက လူတွေကလည်း ကွက်ကြည့်ကွက်ကြည့်နှင့်။ ရွှေသုနီ မျက်နှာလေးပျက်ကာ နီရဲနေသည်။

"ငါ မေးနေတာ ဖြေလေ"

သူ့ကို ပြူးကြောင်ကြောင်လေး မော့ငေးကြည့်နေသော ကောင်မလေးကို စိတ်မရှည်။

လူပုံလေးက ခပ်ငယ်ငယ်။ နှစ်ဆယ်ကျော်လောက်ပဲ ရှိဦးမှာပါ။ ဝတ်ထားတာက အနားမညီမညာ အတွန့်လေးတွေပါသော ဆင်စွယ်ရောင်စကာဒ်နှင့် တီရှပ်ကိုယ်ကျပ်အနက်လေး။ သွယ်စင်းနေသော ကိုယ်လုံးလေးမှာ ချစ်စရာ။

မျက်နှာလေးက မျက်လုံးဝိုင်းဝိုင်း၊ မျက်အိမ်ကျယ်ကျယ်နှင့် နှုတ်ခမ်းထူထူစုစုလေးကြောင့် အရုပ်ကလေးနှင့် တူလေသည်။

ကလေးရုပ် မပျောက်တပျောက် ဟန်ပန်လေးပါ။

သူ့ကို ထိတ်လန့်သော ပုံလေးနှင့် စိုက်ကြည့်နေပုံမှာ ချစ်စရာ. . . သနားစရာ. . .။





ရွှေသုနီက ခပ်တင်းတင်းပုံစံ လူကြီးကြောင့် ဘယ်လို တောင်းပန်ရမှန်း မသိ။

သူ့ကားကြီးကလည်း တော်တော်လှတာ။ တစ်စီးလုံး ပြောင်လက်သားနားပြီး ကားဘော်ဒီရဲ့ ပြေပြေညွတ်ညွတ် ကွေး ကွေးဝိုက်ဝိုက်လေး ရှိနေပုံဟာ အတော်ချေးကောင်းမည့်ပုံ။

ဝင်တိုးမိတဲ့ ကားဟာ တော်ရုံတန်ရုံထဲက မဟုတ်။

လျော်ကြေးပေးရရင်လည်း နည်းမည် မထင်။

ဒီလူသာ စွပ်တောင်းရင် အခက်။

"ငါ့ကား ထိသွားတာ မင်းမြင်လား"

ရွှေသုနီ ခေါင်းညိတ်သည်။ ဟျာဟျာသလဲ ခါးကိုင်းကြည့် လိုက်သေး၏။

"တွေ့လား. . . ဒီမှာ"

သူ့ဘန်ကာကို ဒေါသတကြီး ပြသည်။ အနည်းငယ် ပိန်ချိုင့်ဆေးကွာသွားတာ မြင်ရသည်။

သူ့ကား အဝါရောင်လေး ပွန်းပဲ့ရုပ်ဆိုးသွားစေဖို့ ရွှေသုနီလည်း မရည်ရွယ်ခဲ့တာ အမှန်ပါ။

အခုမှတော့ ဘာမှ မတတ်နိုင်။

"အာဘာဘား. . .အာဘာဘား၊ အား ဟာ"

ရွှေသုနီက လက်ဟန်ဖြင့် တောင်းပန်လိုက်လျှင် သူ တအံ့တသြ . . . ပြီးမှ စိတ်မာတက်ကျသွားပုံဖြင့် နဖူးကို နိုင်ပြီး။



www.burmeseclassic.com

www.burmeseclassic.com



"သေစမ်းကွာ. . . အရေးထဲ စကားမပြောတတ်တဲ့ ဟာနဲ့မှ လာတိုးရတယ်လို့"

"အာ ဘာ ဘာ"

"တော်ပါပြီကွာ"

သူ စိတ်ပျက်လက်ပျက် လက်ကာပြသည်။

ဒီလို မိန်းကလေးဆိုက အလျှော်အစားပြန်ရဖို့က မလွယ်။

သူ့လို ခြေဟန်လက်ဟန်နှင့် ကိုယ်လည်း မပြောတတ်။ အမူအယာနှင့် ဘာတွေပြနေမှန်းကို နားမလည်။

စကားပင် မပြောတတ်ဘဲနှင့် ကားကမောင်းချင်သေးသည်။ ရှိုးကလည်း များချင်သေး။

အင်းလေ. . . သူ့ကားကလည်း ပြောလောက်အောင် ချိုင့်ဝင်ထိခိုက်သွားတာတော့ မဟုတ်။

လုံခ မျက်နှာက ရှုံ့မဲ့သွားရပြီး. . .

"မင်းကားက ငါ့ကားကို ချစ်လို့လာနမ်းတာပေါ့ ဟုတ်လား"

"အား. . . အာဘာဘာ"

ဆွံ့အတယ်ဆိုတော့ နားလည်းကောင်းကောင်း ကြားချင်မှ ကြားမှာပါဟု တွေးကာ သူပြောချင်ရာတွေ ပြောလိုက်မိသည်။





ကောင်မလေးက သိပ်သဘောပေါက်ဟန် မတူ။ လုံခကျော် ကိုယ့်အဖြစ်လည်း ကိုယ်ရယ်ချင်သွားရသည်။

ဆွံ့အနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အမှားဆိုတော့လည်း ခွင့်လွှတ်ရမှာပေါ့လေ။ ဝပ်ရှော့မှာသွားပြီး ချိုင့်တာလေးကို ပြန်ထု ဆေးမှုတ်ခိုင်းရမှာပေါ့။

အလုပ်က သက်သက် ရှုပ်ရဦးမှာ. . .

အလျှော်တောင်းဖို့လည်း သူ အားနာမိသည်။

တကယ်လို့ အလျှော်တောင်းချင်လည်း သူမနှင့် အပြန်အလှန် ပြောနိုင်ဖို့ လက်ဟန်အမူအယာတွေ သင်ရဦးမည် ထင်သည်။

"မင်း ဘယ်မှာနေတာလဲ၊ စာရော ရေးတတ်လား"

မိန်းကလေးက ခေါင်းညိတ်သည်။

"ဒါဖြင့် ငါ့ကို လိပ်စာရေးပေး"

ကောင်မလေးက ခေါင်းခါပြန်၏။

အိမ်လိုက်လာပြီး တောင်းရင် အဖေ သိသွားမှာပေါ့. . ဒါလည်း မဖြစ်ပါ။

"တော်ပြီကွာ. . . မင်းနဲ့ ငါနဲ့လည်း မဖြစ်ပါဘူး"

သူ့စကားကြောင့် ကောင်မလေး မျက်နှာငယ်သွား၏။

"သွားတော့. . . သွားတော့. . . ရပြီ"

သူ စိတ်မရှည်စွာ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်မလေးတ ချက်ချင်း ကားပေါ်ပြန်မတက်သေးဘဲ သူ့ကို မော့ကြည့်နေသေး၏။

အလွယ်တကူ နားလည်လိုက်လျောပေးလိုက်တာကို တောင်းပန်ဟန်လေးနှင့် ကြည့်နေတာ။

ထိုခဏမှာ လုံခကျော်ရင်ထဲ ဘာဖြစ်သွားရသလဲ မသိ။ ညို့မျက်လုံးလေးတွေဆီက ချက်ချင်း လွှဲဖယ်၍ မရပေ။

တစ်စုံတစ်ရာဟာ သူ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်းကြီး ဖြစ်ထွန်းပေါ်ပေါက်လာရ၏။

သူ့နှလုံးသားကို ဆွဲကိုင်လှုပ်နှိုးလိုက်သလို ခံစားချက်မျိုးဖြင့် သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

စူးစူးနစ်နစ် သူ စိုက်ကြည့်နေမိတဲ့ မိန်းကလေးဟာ သာမန် မိန်းကလေးတို့နှင့် မတူသူ. . .။

ရုပ်ကလေးကို ကြည့်လျှင် အဆင့်အတန်းမြင့်မြင့်၊ သားသားနားနားလေးဖြစ်၍ ဒီလို ချို့ယွင်းချက် အပြစ်အနာအဆာမျိုး ရှိနေသည်ဟု လုံးဝ မထင်ရပါ။

သနားကရုဏာနှင့်အတူ ထူးဆန်းသော နစ်မြုပ်ပျော်ဝင်မှုတစ်မျိုးဖြင့် သူ့နှလုံးသားက အရှိုက်လို ပျော်ဝင်သွားရသည်။

ကောင်မလေးက သူကြည့်နေတော့ မျက်နှာ ပြန်ငုံ့ချသည်။ ရိုကျိုးသော အမူအယာလေးနှင့် ကျေးဇူးတင်ကြောင်း သိသာအောင် နှုတ်ဆက်ပြီးမှ ကားပေါ် ပြန်တက်သွား၏။





ကားကို ဘက်ခ်ဆုတ်ထွက်ခွာပုံက ညင်ညင်သာသာ။ ကိုယ့်အားကိုယ်ကိုးချင်သော စိတ်ဓာတ်ရှိပုံရသည်။ သူ အငေးသား ကြည့်နေမိ၏။

ကားနံပါတ်ကို စိတ်ထဲက အလွတ်မှတ်ရင်း မျက်စိရှေ့မှ သူမ ကားလေး တစ်စတစ်စ ဝေးကွာ ပျောက်ကွယ်သွားသော အခါ ရင်ထဲမှာ လစ်ဟာဟာနှင့် ကျန်ခဲ့သည်။

ထိုမိန်းကလေးသည် သူ့ဆီက ဘာမှယူမသွားပါဘဲ တစ်ခုခု ပါသွားသကဲ့သို့ ထင်မိသည်။

ယူဆောင်သွားတာက သူ့ရဲ့ နှစ်လိုသဘောကျမိခြင်းတွေပဲ ဖြစ်မည်။

သူမ ရုပ်သွင်လေးက လုံခကျော်ထံမှာ ကပ်ငြိလို့ ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

လုံခကျော်သည် သူငယ်ချင်းဖြစ်သူ သက်နိုင်နှင့် စကားတပြောပြောဖြင့် ဒဂုံစင်တာလှေကားပေါ်က ဆင်းခဲ့သည်။ စနေနေ့ နေ့လည်ပိုင်းမို့ လူတွေလည်း စည်ကားရှုပ်ထွေးနေချိန်။ လူတွေကို ရှောင်ရင်း တိမ်းရင်း သူတို့နှစ်ယောက်လည်း စကားအမျှင်မပြတ်။

"ဗိုးလွင် ဝက်ဒင်က နောက်တစ်ပတ်ထဲမှာနော်၊ မင်းဆီဖိတ်စာ ရောက်ပြီလား"

"အေး. . . မနေ့ကပဲ ရတယ်"

"မင်းသွားရင် ငါ့ကို ဝင်ခေါ်ကွာ၊ အောင်ဝင်းတို့က အမြဲနောက်ကျတယ်၊ သူတို့နဲ့သွားရင် နေရာ မရတာများတယ်ကွ၊ ဗိုးလွင်က အပေါင်းအသင်းလည်းများတော့ ခန်းမလျှံမှာကသည်း သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေများ အားကျစရာကြီးကွာ၊ စိုးလွင် ကောင်မလေးက မော်ဒယ်ဆို . . ."

"အလကားပါ၊ ဒီကောင့်အစွမ်းအစနဲ့ မဟုတ်ပါဘူး။ လူကြီးတွေ ရှာပေးတာပါကွာ၊ အထင်မကြီးစမ်းပါနဲ့"

"ဘာပဲဖြစ်ဖြစ် ဒီကောင် ကံကောင်းတာပဲ"

"အေး . . . အဲဒါတော့ ဟုတ်တယ်ကွ၊ ဒီကောင့်ပုံစံက အသားဝဝပုပုနဲ့ . . . မော်ဒယ်ကိုမှ ရသေးတယ်"

"မင်းဆိုရင်ရော . . . စိုးလွင်တောင် ခပ်မိုက်မိုက်လေး ရတယ်ဆိုတော့ . . ."

"ငါလား . . . ဟဲ . . . ဟဲ . . ."

သူက ရယ်ရင်း ကားဆီအရောက်မှာ ခြေလှမ်းတုံ့သည်။

သက်နိုင် ကားတံခါးဖွင့်တုန်း သူက နောက်ခန်းထဲကဆွဲလာတဲ့ အိတ်တွေ အသာထိုးထည့်လိုက်၏။ ထို့နောက် ပတ်ကွေ့ပြီး မောင်းသူဘေးက ရှေ့ကူရှင်မှာ ထိုင်ပြီးမှ . . .

"ဟာ . . ."

သူ တအံ့တဩ ဟာခနဲ ဖြစ်သွားရ၏။ သူတို့ရှေ့မှာ ရပ်ထားတဲ့ ဟွန်ဒါအကြား . . . လန်ပါတ် ၈၈ . . . ။

ချက်ချင်းလို ကားတံခါး ပြန်တွန်းဖွင့်သဖြင့် . . .

"ဘာဖြစ်လို့လဲ လုံခ"





"ဟိုဟာကွာ . . . ရှိတ်ဖင်းခရင်ဗ်မေ့ခဲ့လို့ . . . ခဏလေး"

ပါးစပ်ထဲ တွေ့ရာ အကြောင်းပြပြီး ကမန်းကတန်း ပြန်ဆင်းသည်။

ကားက ရပ်ထားပြီး၊ လူက ဘယ်မှာလဲ။

ဒဂုံစင်တာပဲ ပတ်နေလား၊ အောက်ထပ် စီးတီးမတ်မှာပဲလား။ သူ ဇဝေဇဝါ။

ဘာပဲဖြစ်ဖြစ် ရှာကြည့်လိုက်ဦးမည်။ စိတ်ထဲက တွန်းအားတစ်မျိုးဖြင့် လုံခကျော် ချက်ချင်းဆုံးဖြတ်၍ လိုက်လံရှာဖွေမိသည်။

စီးတီးမတ်ထဲ အပြေးအလွှား ဝင်လာသည်။

သူမကို ခဏခဏ သတိရပြီး တွေ့ချင်စိတ် ပြင်းပြနေတာ။

တစ်တန်းပြီး တစ်တန်း သူ ပတ်ရှာသည်။

ဟော . . . တွေ့ပါပြီ။

နှိုးရာပုံစံ ရေညှိစိမ်းရောင် အထက်အောက်ဝတ်စုံလေးဖြင့် ဆံပင်လေးနှစ်ဖက် ခွဲချည်ထားတော့ ကလေးဆန်ဆန်ပုံလေးနှင့် ချစ်စရာ ကောင်းနေတာ . . . ။

လုံခကျော် ခြေလှမ်းရပ်ကာ ငြိမ်သက်ငေးမောသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



လှလိုက်တာများ . . .

ရွှေသုနီက ခြင်းအနီလေးကိုင်ပြီး ဈေးလျှောက်ဝယ်နေ တာ။ အစားအသောက်တန်းရဲ့ အစွန်နား လက်ဖက်တို့ အာလူး ကြော်တို့ထားတဲ့ အနားမှာ. . .။

သရက်သီး အချို့ သနပ် တစ်ပုလင်းကို ကောက်ကိုင် ကြည့်ရှုနေသည်။

ဘေးတိုက်မျက်နှာလေးမှာ ပါးမို့မို့လေးက ဝင်းပြီး နားရွက်ဖွေးဖွေးလေးက ခပ်ကားကား။ ယုန်ဖြူမလေးသဖွယ် ချစ်စရာ။

အမှန်တော့ ရွှေသုနီက ဖေဖေမှာတဲ့ လျှားစောင်းဖျော် ရည်ရယ်၊ အိမ်က ကြောင်မလေးအတွက် အစာထုပ်ရယ် အစီက လာဝယ်တာပါ။ ဒီရောက်တော့လည်း မျက်စိရှေ့မှာ ဝယ်စရာ လေးတွေ တွေ့တော့ လျှောက်ကြည့်ရင်း ကောက်ထည့်ရင် ခြင်းတစ်ဝက်ခန့် ဖြစ်သွားပြီလေ။

လုံခကျော်က သူမနံဘေးရပ်ရင်း နှုတ်မဆက်သေးဘဲ ငေးကြည့်နေမိသည်။ သူမက ပုလင်းတံဆိပ်ကိုပဲ ငုံ့ဖတ်နေပြီ ဘေးဘီကို လှည့်မကြည့်။ သူမအာရုံနှင့် သူမ. . .

ကြည့်ပါဦးဗျာ. . . တစ်ယောက်တည်း ဈေးဝယ်နေ လိုက်တာ။ ဒီလိုကြည့်ရင် ဘယ်သူက စကားမပြောနိုင်သူ မသန် မစွမ်း အဆွံ့အအလေးလို့ ထင်ပါ့မလဲ။





ဒီမှာ ဝယ်ခြမ်းနေတာက စကားမပြောလည်း ဖြစ်တာပဲ ဆိုလား။

ရွှေသုနီသည် ဘေးမှာရပ်နေတဲ့ လူတစ်ယောက်ရဲ့ ခေါလ်ကင်းရှူးဖိနပ်ကို အရင်ဆုံးမြင်မိသည်။ ကော်ဖီရောင်နှင့် အဖြူရောင်ဝတ်ထားပုံက အတော်လှသည်။ အရောင်အသွေး ကိုက်သည်။ ဘောင်းဘီရှည်ကလည်း ဂျင်းအဖြူ။ အပေါ်အင်္ကျီက အသားရောင်ပေါ် အဖြူလိုင်းလေးတွေပါတဲ့ စပို့ရှပ်။ ပတ်ထားတဲ့ နာရီက (CASIO)အနက်လေး။

လူပုံက ခပ်ချောချော။

အို. . . ဘုရားရေ. . . သူပဲ။

မျက်နှာကို မော့ကြည့်မိတော့ ရွှေသုနီ လန့်ဖြန့်သွားရသည်။

မျက်နှာလေးလည်း ပျက်သွားမိသည်။

တစ်ပတ်လောက်အကြာမှာ သူ့ကို တစ်ခေါက် ထပ်တွေ့ရမယ်ရယ်လို့ ဘယ်သူက ထင်မှာလဲ။

ဖြုန်းခနဲ သူ့မျက်လုံးနဲ့ ဆုံသွားတော့ ကြောက်မိတာ ပဲ။

ကိုယ်က အပြစ်ရှိတဲ့ သူ။ လျော်ကြေးတောင်းရင် ပေးရမယ့်သူ. . .။

ရွှေသုနီက အားနာပါးနာ ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့ အပြုံးမှာ သူ မှင်သက်သွားရသည်။ [illegible]တော့ မျက်နှာလေးက မထင်မှတ်ရအောင် ချို[illegible] [illegible]။

အတော်အပြုံးလှတဲ့ ကောင်မလေး။ အပြုံးပြိုင်ပွဲလုပ်ရ[illegible] ပထမ ရနိုင်လောက်သည်။

"မင်း ကိုယ့်ကို မှတ်မိတယ်နော်"

သူမက ခေါင်းညိတ်ပြသည်။

လုံခကျော် ဝမ်းသာသွားရ၏။ သူက ကောင်မလေးကို[illegible] မမေ့သလို ကောင်မလေးကလည်း ချက်ချင်း မှတ်မိသည်။

သူ့ရင်ခုန်သံတွေ မြန်ဆန်ရင်း ကျေနပ်မှုတစ်ခု ရှိ[illegible] ခတ်သွားရ၏။

"ဘာတွေ လာဝယ်တာလဲ"

ကောင်မလေးက မပြော။ ဟုတ်သားပဲ မဖြေနိုင်တဲ့[illegible] ကို မေးနေမိပြန်ပြီ။ လူကြားထဲ အိုး. . အိုး. . . အ. . . အ သ[illegible] ဘယ် အသံထွက်ချင်ပါ့မလဲ။

သူကလည်း လက်သင်္ကေတတွေနှင့် မမေးတတ်။

ခက်တော့ ခက်ပြီ။

လက်သင်္ကေတ သင်ရတော့မှာပဲ။ လုံခကျော် သူမ[illegible] စကားပြောချင်သူလေ။ ပြောချင်တာတွေလည်း ရင်ထဲမ[illegible] အောင် ရှိနေသည်။





စူးနစ်နက်ရှိုင်းလှတဲ့ သူ့အကြည့်ကို ကောင်မလေး သဘောပေါက်မလား။

သူ့ အရမ်း ရင်ခုန်လာရသည်။

လုံခကျော် ဘာပြောရမှန်း မသိငေးကြည့်နေမိဆဲမှာ ကောင်မလေးက ခြင်းဆွဲပြီး ထိုအတန်းထဲမှ ထွက်ခွာဟန်ပြင်သည်။ သူ့ကို သွားတော့မည်ဟု အမူအယာပြသည်။

ရွှေသုနီက သူ့ရှေ့ ကြာကြာ မနေရဲ။

မြန်မြန်လစ်ထွက်ဖို့ ရည်ရွယ်လိုက်သည်။

လုံခကျော်က ကြောင်မနေဘဲ သူမနောက်မှ လိုက်ပါလာသည်။

မသိမသာ ခပ်ခွာခွာနှင့်ပါ။ ဒါကို ရွှေသုနီလည်း သိသည်။

လူရှင်းသည့် ကတ်ရှာမှာ ငွေအမြန်ရှင်းပြီး ခပ်သွက်သွက် ထွက်လာတော့ လုံခကျော်လည်း ထက်ကြပ်မကွာပါလာပြန်ပါသည်။

သူ မယောင်မလည် ရပ်စောင့်နေတာ။

အခုထက်ထိ လျှော်ကြေးတောင်းဖို့ ရည်ရွယ်ချက်များ ရှိနေလား။

ဝယ်ရှော့ရောက်တော့ ကားဘန်ကာ ပြန်ထုဖို့က အခြေ[illegible] အခဲများ ရှိနေလို့လား. . . ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့တုန်း အိမ်သိအောင် ကြိုးစားမလို့လား။

ရွှေသုနီက အမျိုးမျိုး တွေးကြည့်နေမိသည်။ မြင်တာနဲ့ သည်းသည်းမည်းမည်း နောက်ယောင်ခံလိုက်နေတာ အကြောင်းတော့ ရှိမှာပါ။

ရင်တထိတ်ထိတ်နှင့်ပဲ ကားဆီ မြန်မြန် လှမ်းခဲ့သည်။

သော့ဖွင့်ပြီးတာနဲ့ ဆွဲလာတဲ့ အိတ်ထုတ်တွေ ဘေးချပြီး စက်နှိုးမောင်းထွက်လိုက်သည်။

"သက်နိုင်. . . လုပ်. . . လုပ်. . . အမြန်မောင်း"

"ဘာလဲကွာ. . . လာလိုက်ရင် အသည်းအသန်"

အေးအေးလူလူ ထိုင်စောင့်နေတဲ့ သက်နိုင်ပခုံးကို တဖျပ်ဖျပ်ပုတ်ရင်း သူ အလောတကြီး ပြောလိုက်သည်။

"ရှေ့က ဟွန်ဒါလေးနောက် အမီလိုက်ပေး၊ ဖြစ်တယ်မို့လား"

သက်နိုင်က နားမလည်နိုင်သလို သူ့ကို ပေစောင်းစောင်း ကြည့်နေသဖြင့်. . . .

"လိုက်မှာသာ လိုက်စမ်းပါ၊ ငါ ရှင်းပြပါ့မယ်၊ အဲဒါ ငါ့ကားကို နောက်က ဝင်ဆောင့်သွားတဲ့ တရားခံပဲ"

"ဟုတ်လား. . . မောင်းနေတာ ကောင်မလေး တစ်ယောက်မို့လား"

"အဲဒီ ကောင်မလေးပဲပေါ့"





"မင်း အဲဒီနေ့က လျှော်ကြေးတစ်ခါတည်း မတောင်းလိုက်ဘူးလား"

"တောင်းလို့ မဖြစ်လို့ပေါ့ကွာ၊ ကဲပါ. . . စကားမများစမ်းပါနဲ့၊ မျက်ခြေ ပြတ်သွားဦးမယ်"

လုံခကျော် ဘေးကနေ စိတ်မရှည်။

ဒီကောင် နှေးတုံ့တုံ့နှင့် သူသာ မောင်းလိုက်ချင်သည်။

သူက ဖြိုင်ကားမောင်းနေကျလူဆိုတော့ သူငယ်ချင်းတွေ မောင်းတာကို စိတ်တိုင်းမကျတော့ပါ။ နှေးတယ်ပဲ အောင်းမေ့မိသည်။

မီးပွိုင့်အဝင်မှာ ရှေ့က ကားတစ်စီးက အတင်းဖြတ်ဝင်သဖြင့် လုံခကျော် တောက်ခတ်လိုက်မိသည်။

"ကျွတ်. . . အရေးထဲကွာ. . ."

ဟွန်ဒါလေးကို ကွယ်သွားပြီမို့ ဒေါသဖြစ်မိသည်။

"သက်နိုင် . . . ပြန်ကျော်ဝင်လိုက်"

"ဟ. . . ဘယ်လိုလုပ် ကျော်လို့ ရမှာလဲ၊ မင်းဘိုးအေကားတွေ ဒီလောက်ကျပ်နေတာ"

"သူတောင် ဖြတ်ဝင်လို့ ရသေးတာပဲ"

ရှေ့က ဖြတ်ဝင်တဲ့ စူပါရုဖ်ပင်ကားကို နှစ်ယောက်သား မကျေမနပ် ဒေါပွနေမိကြ၏။ မိန်းကလေး မောင်းတာကိုတောင် လိုက်မမီဘူးဆိုရင် သူတို့ အောက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့ အဖြစ်မခံနိုင်။

သက်နိုင်က ပြန်ကျော်တက်ဖို့ အကွက်ချောင်းနေသည်။ လမ်းမှာ ကားတွေက များတော့ အခွင့်မသာ။

ရွှေသုနီကလည်း နောက်ကကား သူမကားဆီ တောက်လျှောက်ကပ်လိုက်လာတာ သိသည်။

ဟိုလူကြီးရဲ့ အကြံကိုလည်း ရိပ်မိသည်။

ဒါက အိမ်အထိ လိုက်မလို့ပေါ့လေ။ ရွှေသုနီဟာ ယောကျ်ားလေးတွေနှင့် ကားပြိုင်မောင်းနေတဲ့ သူပဲ။ ဒီလိုရမလား။

နှုတ်ခမ်းလေးစေ့ကာ ပြုံးလိုက်မိသည်။

ထို့နောက် မျက်ခြေဖြတ်ဖို့ သူမ ကြိုးစားသည်။

ရှေ့က ထပ်လာတဲ့ မီးပွိုင့်မှာ သူတို့ကို ချန်ရစ်ရမည်။

တကယ်လည်း တစ်စီးနှစ်စီးစာကလေးနှင့် လုံခကျော်တို့ကားက ကျန်ရစ်ခဲ့သည်။

"တောက်. . . လွတ်သွားပြီကွာ"

"ဒီလမ်းတစ်လျှောက်မှာပဲ ရှိဦးမှာပါ"

စိုးလွင်က နှစ်သိမ့်သည်။

"ရှိလည်း မင်းမီမှာ မဟုတ်ပါဘူးကွာ"

လုံခကျော်က စိတ်ဓာတ်ကျကျနှင့် ကူရှင်ကို ကျောမှီ၍ သက်ပြင်းရှိုက်သည်။





ဒုတိယအကြိမ်တွေ့တာတောင် ဘာအဆက်အသွယ်မှ မရခဲ့တာတော့ သူညံ့လို့ ဆိုနိုင်ပြီ။ သူ မချင့်မရဲ အသည်းယားမိသည်။

ဒီမထုံတက်တေးလေးကလည်း ကားမောင်းမြန်လိုက်တာကွာ။

ရှေ့ဆက်မောင်းခဲ့ပေမယ့် သူမကားနှင့် ဆင်တူတာတောင် မတွေ့ရတော့ပါ။

ဒီလမ်းပေါ်မှာပဲ မျက်ခြေပြတ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုစွန်ကင်သုပ်ကို ခက်ရင်းနှင့် ထိုးကော်ယူမြည်းရင်း ဘီယာဖန်ခွက်ကို မော့၍ တစ်ငုံ သောက်လိုက်သေး၏။

ဒက်ဒီရှိနေတဲ့ အချိန်မို့ သားအဖနှစ်ယောက်သား ညနေခင်းမှာ အေးအေးလူလူ ခြံထဲဆင်းအနားယူ ဘီယာမြှုံ့နေကြခြင်းပါ။

သူတို့ စားဖို့ တုတ်ထိုးအကင်စုံကိုတော့ ဒေါ်သောင်းစိန်တာ စီစဉ်ပေးသည်။

အသားကင်တွေနှင့်အတူ မှိုကင်၊ တို့ဟူးကင်၊ ပဲပြားကင်၊ အာလူးကင်နှင့် ရုံးပတီသီးအကင်လေးတွေပါ စုံအောင် ချပ်ထားသည်။

ဘီယာနှင့် မြည်းရတာ အရသာ ရှိလှသည်။ ရုံးပတီသီး[illegible]တ မွှေးနေသည်။ အာလူးကလည်း စိမ့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သားကင်ကလည်း အုန်းဆီမွှေးမွှေးနှင့် အရသာထူးလှ၏။

"ဒက်ဒီရာ. . . အိမ်ပြန်ရောက်တိုင်း ဒေါ်သောင်းစိန်ကြီး လက်ရာပဲ စားမှာလား၊ အပြောင်းအလဲလေး ဘာလေးမလုပ်တော့ဘူးလား"

"အိမ်လက်ရာ မကြိုက်ရင် မနက်ဖြန် အပြင်ထွက်စားမှာပေါ့ကွာ၊ ဘာဖြစ်လဲ"

"အဲဒါကို ပြောတာ မဟုတ်ဘူးဗျ"

"ဟား. . . ဟား. . ."

"ဒက်ဒီ သိရဲ့သားနဲ့ဗျာ"

"မင်းပဲ အရင် မိန်းမယူစမ်းပါ သားရာ"

"ပြီးရင် ဒက်ဒီ ယူမှာလား"

"မပြောမိပါလား"

"ကျွန်တော် အိမ်ထောင်ပြုသွားရင် ဒက်ဒီ ပိုပြီး အထီးကျန်မှာ မစဉ်းစားမိဘူးလား"

"ကျန်ပစေ. . . ရတယ်၊ နောက်မှ မြေးတွေနဲ့ လုံးထွေးပြီး ပျော်လိုက်မယ်"

"မြေးချီဖို့က ထားဦး၊ ကျွန်တော့မှာ ခုထိ ရည်းစားတောင် မရှိသေးတာ"

"ဇင်မာချိုလေးကရော"





"အဲဒါ သူငယ်ချင်းပါ"

"မင်းနဲ့ တွဲနေတာပဲ၊ မညာစမ်းပါနဲ့"

"ဒီတိုင်း ခင်တာပါဗျာ၊ တွဲတာ မဟုတ်ဘူး"

ဒက်ဒီက မျက်မှောင်ကုပ်လိုက်ပြီး. . .

"ငါကြည့်ရင် မင်းကားပေါ်မှာချည်းပဲ၊ ကျုရှင်တွေ ကြိုရပို့ရတာနဲ့"

"သူ့အိမ်က ကားရောင်းထားလို့ပါဗျာ၊ ဒီတိုင်း ကူညီတာ"

"ငါ သိတယ်၊ မင်းကူညီတာက နည်းနည်းပိုနေတယ်"

"လုပ်ပြီဗျာ၊ ဒက်ဒီက အရောက်ပို့နေပြန်ပြီ၊ မဟုတ်ပါဘူးဆိုလည်း မရဘူး"

"ငါလည်း ချွေးမ လိုချင်ပြီ၊ မင်းမရှာရင် ငါရှာပေးမှာနော်၊ နောက်မှ ကျီးမထူနဲ့၊ ဒါပဲ. . ."

လုံခကျော် မျက်နှာက ပြုံးစိစိ ဖြစ်လာရသည်။

"တွေ့ထားတာ တစ်ယောက်တော့ ရှိတယ်"

သူ ရယ်ကျဲကျဲလုပ်လိုက်ပေမယ့် ဒက်ဒီက တကယ်စိတ်ဝင်စားသွားပြီး. . .

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ မင်းကြိုက်နေတာလား"

လုံခကျော် ပြုံးမြမြမျက်နှာဖြင့် ချက်ချင်းမဖြေဘဲ ခေါင်းကို တစ်ချက် ဖွကုတ်လိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူ အမူအယာကြောင့် ဦးတင်မင်းထွဋ်မှာ စိတ်လှုပ်ရှားသွားမိ၏။

တစ်ဦးတည်းသော သား၏အသက်က နှစ်ဆယ့်ငါးကျော်လာတော့ မျိုးဆက်သစ်ရဖို့ သူ မျှော်လင့်မှုက ပို၍ပြင်းထန်လာသည်။

သူငယ်ချင်းလို ပေါင်းတဲ့သားကို သူ သတိတရ တိုက်တွန်းရသည်။ ဒီသားက စီးပွားရေးမှာတော့ ကြိုးစားသည်။ ဘယ်တော့မှ ဒီတိုင်း အလကား မနေတတ်။ ဒါပေမယ့် ရည်းစားသနာကိစ္စလည်း ရှင်းသည်။ ရှင်းလွန်းလို့ကို ဖအေလုပ်သူက ဘေးကနေ အားမလို အားမရ ဖြစ်နေရတာ။

သူ့တုန်းက နှစ်ဆယ့်တစ်မှာ အိမ်ထောင်ကျခဲ့တာမဟုတ်လား။

အခု လုံခကျော်က အသက်အစိတ်ဆိုတော့ နောက်တောင်ကျနေပြီလို့ သူ ထင်သည်။

သင့်တော်ရာ ရှာပေးပါ့မယ်ဆိုတော့လည်း ဒီကောင်က အင်တင်တင် လုပ်နေသည်။

"ကျွန်တော့်ဘက်ကတော့ သဘောကျတယ်၊ သူ့ဖက်ကတော့ ဘာမှ မသိသေးဘူး"

"ဒါဖြင့် ဖွင့်ပြောလိုက်လေကွာ"

"အဲဒါ ခက်နေတာပေါ့"





"ဘာလို့လဲ"

"ဒက်ဒီ စိတ်တော့ ပျက်မသွားနဲ့"

"ဘာလို့လဲကွ"

"သူက စကားမပြောတတ်ဘူး"

"ဘာ. . . မင်း မနောက်နဲ့ကွာ၊ ဒါမျိုး မနောက်ကောင်းဘူး"

"ဟုတ်ပါတယ် ဆိုမှဗျာ"

"ဒါဖြင့် နားရော ကြားရဲ့လား၊ နားလည်း မကြားဘူးမို့လား"

ဒက်ဒီက သူနောက်နေတာလို့ပဲ တထစ်ချထင်နေသည်။ ပြဿနာပါပဲ။ ရှေ့ဆက်ဘယ်လို ရှင်းပြရမလဲပင် မသိ။

"တော်ပါပြီကွာ၊ ဟာသပြက်လုံးတွေ မလုပ်စမ်းပါနဲ့"

"ကျွန်တော် တွေ့ထားတာ တကယ် ဆွံ့အနားမကြားလေးပါ"

ဒက်ဒီက သူ့ကို တအံ့တဩ ကြည့်နေသည်။ သူ့ပုံစံက ဗျူးစိစိဖြစ်နေတော့ သူ့စကားကိုလည်း ယုံပုံမရ။

တကယ်သာ အဲလို ချွေးမမျိုး ခေါ်လာရင် ဒက်ဒီ ရှက်နာပျက်နေမှာပဲ ထင်သည်။

သူ့အတွက် ဝမ်းနည်းလိမ့်မည်။

သူကရော. . .



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း. . . ကိုယ်တော့ မင်းရဲ့ချို့ယွင်းချက်ကို စိ
မပျက်ပါဘူး။

စိတ်မကောင်းဖြစ်မိရုံက လွဲလို့ ကိုယ့်အတွက် မထိခို
ပါဘူး။ ပြဿနာ မရှိပါဘူး။ ဒီအတွက်တော့ ဘယ်တော့မှ အ
မငယ်ပါနဲ့ ကောင်မလေး။

မင်း စကားမပြောလည်း ကိုယ်ချစ်ပါတယ်။ မင်းပ
ဘာမှမဟုတ်တဲ့ သာမန်ကောင်မလေးထက် တစ်ပတ်လော
ရှေ့ဦးမယ်ဆိုရင်တောင် ကိုယ် နောက်မဆုတ်ပါဘူး။

နှလုံးသားကို ပြင်ဆင်ချက်မပေးပါဘူး။ ဒီအတိုင်
လက်ခံသွားမှာပါ. . .။

သူသည် စိတ်ထဲက အတိုင်းမသိ ပေးဆပ်မြတ်နိုးေ
လေပြီ။

ဘုမသိ ဘမသိနှင့် စိတ်တွေက ယိုင်နေပြီ။ တစ်
ဘာကိုမှ လုံခကျော် မတွေးချင်တော့ပါ။

"ဒက်ဒီ. . . ဒက်ဒီပဲ ပြောထားတယ်နော်၊ ကျွန်
သာ တကယ်ချစ်လို့ ခေါ်လာရင် ဘယ်လို မိန်းကလေးပဲဖြစ်
ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမယ်ဆို၊ ကျွန်တော့်ကိုချစ်သလို သ
လည်း သမီးတစ်ယောက်လိုပဲ သဘောထားပြီး ချစ်မှာဆို၊
အိမ်တည်းမှာပဲ အတူတူနေကြမယ်ဆို၊ အားလုံးပြောပြီးသ
ကတိပေးပြီးနော်၊ အခုမှ ဒက်ဒီ ကတိဖျက်လို့ မရဘူး"





"မင်းက စိန်ခေါ်တာလား လုံခကျော်၊ မင်းသာခေါ်ခဲ့၊ မင်းလက်ထပ်နိုင်တဲ့ မိန်းမကို ငါက ချွေးမတော်ဖို့ အဆင်သင့်ပဲ လုပ်မနေနဲ့ ဟား. . . ဟား၊ ဒက်ဒီ သဘောမတူလို့ဆိုပြီး မင်းက အကြောင်းပြထားမယ်ပေါ့လေ၊ ဒီလို မရဘူး၊ မင်း အခု သွား ခေါ်လိုက်၊ ငါအခု လက်ထပ်ပေးစားလိုက်မယ်၊ သူဟာသူ ဘာကြီးပဲ ဖြစ်နေနေ၊ တကယ် ပေါင်းရမှာက မင်းပဲလေ၊ မင်း ဆုံးဖြတ်နိုင်ရင် ပြီးတာပဲ၊ ရတယ်၊ ငါကလည်း မင်းဒက်ဒီပါကွာ၊ မင်းပါးစပ်ဟတာနဲ့ အူတွေပါ မြင်ပြီးသား"

"ဒက်ဒီ တကယ် သေချာတယ်နော်"

"ဒါဆို ကျွန်တော်ရအောင် ကြိုးစားကြည့်လိုက်မယ်"

"အေး. . . အေး၊ ကြိုးစား၊ မင်းပြောတာ ဆွံ့အနား မကြားရုံပဲမှနော်၊ ဒီလောက်ပဲ မဟုတ်ဘူးလား၊ တစ်ခုလပ်တို့ မုဆိုးမတို့ ထပ်မပါဘူးမို့လား"

"ဒါတော့. . ."

"ဘာဖြစ်လဲ"

"ကျွန်တော် ကိုယ်တိုင်လည်း မသိသေးဘူး"

သားလုပ်သူက မှင်သေသေနှင့် သူ့ကို ကလိနေသည် ဟုသာ ဦးတင်မင်းထွဋ် ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ငြိမ်သော လမ်းရှင်းရှင်းလေးမှာ လုံခကျော် ကား ဖြေးဖြေးမှန်မှန် မောင်းလာသည်။

စကားပွင့်လေးတွေ ကြွေကျသော ပုဂ္ဂလိကပိုင် ကျောင်းဆိုင်းဘုတ်လေးရဲ့ရှေ့ ကွန်ကရစ်ခင်းပေါ် ကားကို ဆင်းရပ်လိုက်၏။

ကျောင်း၏ရှေ့မြက်ခင်းပြင် ကလေးကစားကွင်းမှာ ကလေးတစ်အုပ်က နေရာယူ စီတန်းရပ်နေသည်။ ဝင်းတံခါးက ပိတ်ထားသည်။ သူတံခါးကြား သံပန်းမှတစ်ဆင့် ချောင်းကြည့်နေမိစဉ် အစိမ်းရောင်စပို့ရှပ်လက်ရှည် အားကစားဘောင်းဘီရှည်တို့နှင့် ဆရာမဖြစ်ဟန်တူသူတစ်ဦးသည် ကလေးများရဲ့ရှေ့က တွပ်ပျစ်ခုံနိမ့်နိမ့်တစ်ခုပေါ် ဟန်ပါပါ တက်သွားတာ မြင်ရသည်။

www.burmeseclassic.com



လုံခကျော်က သူ့အစ်မဝမ်းကွဲ သက်ထားကျော်ဆီ လာတာပါ။ စာသင်ချိန်မို့ ကားကို ဟွန်းမတီးဘဲ အပြင်မှာပဲ ရပ်လိုက်တာ။

ဆရာမကလေး လျှောက်သွားပုံကို စိတ်ထဲ ဒိန်းခနဲ တစ်ချက်ဖြစ်မိ၏။ လက်ကလေး လွှဲပုံ၊ ခြေလှမ်းပုံဟာ နွဲ့နှောင်းပြီး စမ်းရေစီးကျသံလေးလို ရင်ထဲ ငြိမ့်ခနဲ ဖြစ်စေတဲ့ဟန်အမူအယာ။

ဒီအမူအယာမျိုးကို သူ မြင်ဖူးသည်။ စိတ်ထဲ မှတ်မှတ်ရရ ရှိနေတာပဲ။

မျက်နှာကို သေချာမမြင်ရသေး၍သာ တထစ်ချမပြောနိုင်တာ။ သူမဟာ ကိုယ့်ရင်ထဲက လမင်းလေးများလား။

လုံခကျော် ရင်တွေ တဒိုင်းဒိုင်း ခုန်လာရသည်။

ဆံထုံး ပွံ့ပွံ့လေး ထုံးဖွဲ့ထားပေမယ့် သည်ပုံရိပ်ကို သူ မှတ်မိသည်။ မမှားနိုင်ပါဘူး။

သူမက ကက်ဆက်ကို လှမ်းဖွင့်ကာ အားလုံးကို အေရိုးဗစ်ကဖို့ ရယ်ဒီ နေခိုင်းလိုက်သည်။

ထွက်ပေါ်လာသော တီးလုံးဖြင့်ပျော့ပျော့ပျောင်းပျောင်း စတင်က,လေသည်။

ခုန်စွ ခုန်စွလေးနှင့် ဘယ်လိုမှန်း မသိ။

လက်သီးလေးဆုပ်ကာ ခါးနံဘေးသို့ ကပ်လိုက်ပုံ။ ခြေထောက်ကလေး ခုန်ခုန်မြောက်လိုက်ပုံတို့ဟာ ရှုမငြီးစဖွယ်လေး။





ကလေးတွေထက်ပင် ဆရာမလေးက ပိုချစ်စရာကောင်းနေပါရောလား။

လုံခကျော် တမေ့တမော ငြိမ်သက်ငေးစိုက်သွားရ၏။ ထိုခဏမှာ ကျန်တဲ့အရာအားလုံးကို သူ မေ့သွားသည်။

ဟိုဖက်လှည့်ပြီး က,နေပေမယ့် သူ့စိတ်ထဲမှာ သေချာသွားပါပြီ။

ထင်တဲ့အတိုင်း ပြန်တွေ့ရပြန်ပြီ။ သူမကို ပြန်တွေ့ရမည်ဟု သူ့နှလုံးသားက ယုံကြည်ထားခဲ့သည်။

အခုတော့ ထိုယုံကြည်ချက် ဖြစ်မြောက်လာပြီ။

သူ့ရဲ့ဝမ်းသာမှုက ဖော်မပြနိုင်။ သူမကို သတိလက်လွတ်နှင့် ခပ်ပြုံးပြုံးလေး ငေးကြည့်နေမိသည်။

အရင်က ဒီကျောင်းလေးမှာ သူမကို မမြင်မိပါဘူး။

မမြင်မိဆို သူကလည်း မမထားဆီ သိပ်ရောက်တာမဟုတ်ဘူးလေ။

အခုတောင် လျှောက်လွှာပုံစံတွေ ဝင်ပေးဖို့ဆိုပြီး ဒီဖက်လှည့်လာလို့ ရောက်လာတာ။

"ဆရာ. . . အထဲဝင်မလို့ မဟုတ်လား"

ခြံစောင့်ဦးလေးကြီးတစ်ယောက် ရောက်လာပြီး သူ့ကို မေးတော့မှပဲ သတိဝင်လာမိသည်။

"ဗျာ . . . ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကားဝင်မှာလား ဆရာ"

"မဝင်တော့ဘူး. . . ဒီဖက်တံခါးအသေးပဲ ဖွင့်ဗျာ"

လူဝင်ပေါက်တံခါးဖက်သို့ သူ တိုးရွေ့ရပ်လိုက်သည်

ဦးလေးကြီးက သော့တံနှင့် ကမန်းကတန်း သော့

ခလောက်ဖွင့်ရင်း သူ့ကို အားနာစွာ ပြုံးပြသည်။

ကားရောက်ရောက်ချင်း သူမရှိတာကို အားနာ

အပြုံးပါ။

"ဆရာမ သက်ထားကျော်ရှိလား မသိဘူး"

"အထဲ ဝင်မေးကြည့်ပါ ဆရာ"

ဖြစ်နိုင်ရင် သူက ကျောင်းထဲ မဝင်ချင်ပါ။ အေရိုး

အကနည်းပြမလေးကိုသာ ထိုင်ကြည့်နေချင်သည်။

သူမက ဘယ်ကိုမှ မကြည့်ပါ။ သူ့လှုပ်ရှားမှု၊ သူ

တကွက်နှင့် သူသာ ရှုပ်ယှက်ခတ်နေသည်။ ဘေးဘီကို စပ်စု

အာရုံရှိဟန် မတူ။

လှလိုက်တာ မိန်းကလေးရာ. . . မင်းဘာကြောင့်

လောက်ဆွဲဆောင်မှု ရှိရတာလဲ။ စကားမပြောတတ်ပေမယ့်

အကသင်ပေးနိုင်သလား။ သူ မနေ့မွမ်းဘဲ မနေနိုင်။ စိတ်ထဲက

လေးစားသဘောကျသွားမိသည်။

ဌဲသတ္တိရှိရှိနဲ့ ဘဝကို အရှုံးမပေးစတမ်း ချီတက်နေတာ

ပေါ့လေ။ မင်းစိတ်ဓာတ်က သိပ်ခိုင်မာပါလား။





သူ အံ့ဩချီးကျူးမိတာ အမှန်ပါ။

ကြာကြာရပ်ကြည့်နေဖို့ မကောင်းတတ်လို့သာ ရုံးခန်း

ဆီ လျှောက်လာရသည်။

"မသက်ထားကျော်"

"ဩော်. . . ရှိပါတယ်၊ ဝင်သွားလိုက်ပါ၊ ဒီဖက်က

အခန်းလေးမှာပါ"

ရုံးခန်းတောင် နေရာပြောင်းထားသည်။

လိုက်ကာ ဝါဖျော့ဖျော့လေးတွေ တပ်ဆင်ထားတဲ့

မှန်ခန်းလေး။ သူတံခါးကို တွန်းဖွင့်ဝင်သွားလိုက်တော့ လေအေး

ပေးစက်ကြောင့် စိမ့်ခဲအောင် အေးမြနေသည်။

အခန်းထဲမှာ လေးထောင့်စားပွဲတွေက သူ့နေရာနှင့်သူ

သပ်သပ်ယပ်ယပ်၊ အတွင်းမှာ ခန်းလုံးပြည့်ကော်ဇော ရှားညို

ရောင်လေး ခင်းထားသည်။

ပန်းအိုးလေးတွေထဲမှာက သစ္စာပန်း အနီရဲရဲတွေ၊

ပန်းအိုးတွေ ဟိုနားတစ်အိုး ဒီနားတစ်အိုး ချထားပုံက မျက်စိ

ပသာဒ ဖြစ်စရာပါ။

လုံခကျော် မမသက်စားပွဲကို ရှာလိုက်သည်။

ဟော. . . တွေ့ပါပြီဗျာ။

စာကြည့်မျက်မှန်ကြီးတပ်လို့ စာရင်းစာအုပ်ထူကြီးတစ်

အုပ်ဖွင့်ကာ ဘာတွေရေးမှတ်နေသလဲ မသိတဲ့ မမသက်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှိရာ သူ လျှောက်သွားလိုက်သည်။

"မမသက်"

"ဟယ် . . . လုံခါ၊ ပျောက်နေပါလား၊ လာထိုင်"

မျက်မှန်ကို ငယ်ထိပ်ပေါ် ပင့်တင်ရင်း သူ့ကို ပြုံးပြုံး ရွှင်ရွှင် ကြိုဆိုလိုက်သည်။

"နင် ဘာတွေလုပ်နေလဲ၊ နင်တို့ရဲ့ Lucky စူပါမားကတ် မှာ ရှိုးပွဲတွေ လုပ်မလို့ဆို"

"Kid ဖက်ရှင်ပွဲလေးတွေပါ၊ အဲဒါ မမသက်တို့ကျောင်း က ကလေးတွေပါ ဝင်ပြိုင်လို့ရအောင် လျှောက်လွှာလာပေး တာ"

လုံခကျော်က သူ့ဖိုင်ထဲမှ လျှောက်လွှာတစ်ထပ်ကို ထုတ်ပေးလိုက်သည်။

"ညာဏ်စမ်းပဟေဠိရော၊ သီချင်းဆိုပြိုင်ပွဲရော၊ ကစား နည်းတွေရော အစုံ ထည့်ထားတယ်၊ မမသက် ကြည့်လုပ်ပေး လိုက်ဦး"

"အေးပါဟယ် . . လုပ်ပေးရမှာပေါ့၊ ငါတို့ကျောင်းမှာ အဆိုတော်တွေ ပေါမှပေါ၊ သီချင်းဆိုတတ်တဲ့ ကလေးတွေ အများကြီးပါ"

"ဒါဆို အိုကေ၊ ဖုန်းဆက်လိုက်ဦး၊ မမသက် အခု အတန်းဝင်စရာ ရှိသေးလား"





"ပြီးသွားပြီ . . . မနက်စောပိုင်းပဲ ရှိတာ"

"ဟုတ်လား"

"ကင်န်တင်းသွားမလား၊ နင်အချိန်ရတယ်မို့လား"

"အင်း . . . ရပါတယ်"

မမသက်က ဖိုင်တွေ စာအုပ်တွေသိမ်း၊ အံဆွဲတွေ သော့ ပြီး သူနှင့်အတူ ကျောင်းက ကင်န်တင်းငယ်ကလေးဆီ ခဲ့သည်။

အအေး၊ ကော်ဖီ၊ မုန့်မျိုးစုံရသော ကင်န်တင်းလေး ခြံဝင်းထဲမှာပဲ ရှိသည်။ စားပွဲဝိုင်းတွေတော့ သိပ်အများ ဟုတ်ပါ။

သူနှင့် မမသက် ကော်ဖီမှာသောက်ရင်း စကားစမြည် ပြောကြသည်။

"အန်ကယ်လ်ထွန်းရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဒေါ်လေးရော . . . ဘယ်လိုလဲ"

"အမေလား၊ အမေကတော့ ပြောမနေနဲ့၊ ဆိုင်ထွက် လပြည့်နေ့တွေလောက်ပဲ နားရတာ၊ အဲဒီရက်မှပဲ ဘုရား ကျောင်းသွားပေါ့"

"ကျွန်တော်နဲ့လည်း မတွေ့တာ ကြာပြီ"

"နင်မှ အိမ်မလာဘဲ"

"မအားလို့ပါဗျာ၊ သတိရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမအားတာလဲ၊ ဘယ်ကောင်မလေးတွေဆီ လျှောက်သဝေထိုးနေသလဲမှ မသိတာ"

"ဟာဗျာ. . . မမသက်ကလည်း . . . မမမောင် ဒီလောက် မစွံပါဘူး၊ ယခုမှ ရှာတုန်းဖွေတုန်းပါ"

"အခုထိပဲ မတွေ့သေးဘူးလား"

"တွေ့တော့ တွေ့ထားတယ်၊ အဲဒါ ပြောမလို့"

"အံ့မယ်. . . ငါနဲ့ တိုင်ပင်ဦးမယ်ဆိုပါတော့"

"မေးစရာရှိလို့ဗျ"

"မေးစမ်းပါတော်၊ ဘာမေးမှာလဲ"

မမသက်က အားတက်သရော လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

အရင်းအချာ မောင်နှမ မရှိတဲ့ လုံခကျော်က မမသက်ကို ခင်မင်သလို မမသက်ကလည်း အဖိုးကြီးမှို့ အဖေနှင့် ဒီမောင်သာ အားကိုးအားထား အရေးတယူရှိတာမို့လား။

ဘာကိစ္စလေးဖြစ်ဖြစ် သူသိရမှ ကျေနပ်တတ်သူ။

လုံခကျော် မျက်နှာလေးမှာ အပိုမကျိုးလှဘဲ ရယ်ကျဲကျဲ ဖြစ်နေရပါသည်။

မမသက်တို့ ကျောင်းမှာ သူမကို မြင်ရတာ အားရှိသွားသည်။ အဆက်အစပ်ရှိသွားပြီ မဟုတ်လား။

"ဟိုဟာလေဗျာ. . . ဒီက ဆရာမတစ်ယောက်"





"ဘယ်သူလဲ"

နာမည်လည်း မသိတော့ သူပြောဖို့ နှုတ်ခမ်းပြင်ဆဲမှာပင်. . .

အစိမ်းရောင်အရိပ်ကလေးတစ်ရိပ်က ဆိုင်ရှေ့သို့ ပြုန်းခနဲ ရောက်လာပါသည်။

ရေခဲသေတ္တာသွားဆွဲဖွင့်ကာ ကုတ်တစ်ဗူး ထုတ်ယူပြီး ကောင်တာမှာ ငွေရှင်းလိုက်ပုံလေးက သွက်သွက်လက်လက်။

'က' ရတာ မောသွားပြီ ထင်သည်။

အင်္ကျီကျောမှာပင် ချွေးကလေးတွေ စိုနေသည်။

ကုတ်ဗူးနှင့် ပိုက်တံကိုင်ပြီး သူတို့စားပွဲနားက ဖြတ်အထွက်မှာ မမသက်က သူမလက်ကို ဖျပ်ခနဲ ဆွဲထားပြီး. . .

"ဟိတ်. . . အကချိန်ပြီးသွားပြီမို့လား"

"အား. . . မမသက်"

"ထိုင်ဦးလေ၊ မမသက်လည်း ရွှေသုနီလို အေရိုးဗစ်ကမှဖြစ်တော့မယ် ထင်တယ်၊ လှလို့ အားကျလို့ ဟေ့"

"အင်းလေ. . ကပါလို့ ပြောသားပဲ ဉစ္စာ"

ပါးစပ်အဟောင်းသား ဖွင့်ဟကာ အံ့သြသွားရသူက လုံခကျော်. . .

"မင်း. . . မင်း. . . အခုကျတော့ စကားပြော"

"အို. . . ရှင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသုနီလည်း အခုမှ သူ့ထံ ဖျပ်ခနဲ ကြည့်မိသည်။

"နင်တို့ သိနေကြပါလား၊ ဘယ်တုန်းက သိကြတာလဲ"

"မမသက် ဆရာမက ကျွန်တော့်ကားကို အသားလွတ်နောက်က ဝင်ဆောင့်တာလေ"

"အို. . . မတော်တဆပဲ ဥစ္စာ"

"ပြီးတော့ ကျွန်တော့်ကို လျော်ကြေးလည်း မပေးဘူး"

သူမက မျက်စောင်းလေးတစ်ချက် ဝင့်ပြီး. . .

"ရှင့်ဘာသာ အလျှော့်မတောင်းတာပါနော်"

"ခင်ဗျားက အ,ချင်ယောင်ဆောင်တာကိုး. . ."

"အဟင်း. . . ဟင်း. . . ဟင်း. . ."

သူမက နှုတ်ခမ်းလေး လက်နှင့်ကာပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

"အံမယ်မယ်. . . နင်တို့ဟာက ဇာတ်လမ်းနဲ့ပါလား"

"မဟုတ်ပါဘူး မမသက်ရဲ့၊ သူက ရယ်ရလို့ပါ"

"ရွှေသုနီနော် ကျုပ်မောင်ကိုတော့ အရှုံးမလုပ်နဲ့"

သူတို့ စားပွဲဝိုင်းမှာ ရယ်သံတို့ စီစီညံညံ ဖြစ်သွားရပါသည်။

လုံခကျော် သူမကို မမသက် မမြင်အောင် နှုတ်ခမ်းကိုက်၍ တစ်ချက်ကြည့်လိုက်သည်။

ကြည့်ပါဦးဗျာ. . .





မထင်မှတ်အောင် သရုပ်ဆောင်ကောင်းတဲ့ ကောင်မလေး။

အမှန်အတိုင်း သိလိုက်ရတော့ သူ့ရင်မှာ လှိုက်ခနဲ ဝမ်းသာသွားရသည်။

"အခု ရှင့်ကား ဆေးပြန်မှုတ်လိုက်ပြီလား၊ သုနီကဖြင့် အဝါရောင် ကားတွေ့တိုင်း ရင်တုန်နေတာ သိလား"

"ခင်ဗျား ရှောင်နေလို့ ဘယ်ရမလဲ၊ တန်ရာတန်ကြေးတော့ လျော်ပေးရမှာပေါ့"

"မရဘူး. . . ပြောပြီး စနစ်၊ ရှင်ပဲ ကိစ္စမရှိဘူး၊ သွားတော့ဆို"

"စီးတီးမတ်မှာတွေ့တော့ ဒါကြောင့်ထွက်ပြေးတာလား"

"အံမယ်. . . မပြေးပါဘူးနော်"

"ကျွန်တော်က ခင်ဗျား တကယ် ဆွံ့အနေတယ်ပဲ မှတ်တာ"

"အဟင်း. . . မမသက်မောင်ကို သုနီ ပညာပြလိုက်တာလေ"

"ဒါကြောင့် ငါ့မောင်လေးခမျာ မိန်းကလေးတွေကို မယုံရဲအောင် ဖြစ်နေရှာတာကိုး. . ."

"သုနီလည်း ပိုက်ဆံမပါတာနဲ့ စိတ်ထဲအကြံရသလို ဒိုင်ပိုလိုက်တာ၊ အောင်မြင်သွားတယ်၊ ဟီး. . . ဟီး. . ."



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပုံလေးက ခပ်ရွှင်ရွှင်. . .

"ခင်ဗျားက ကွယ်ရာမှာ ဟားနေတာပေါ့"

"မဟားပါဘူးနော်၊ ရင်ထိတ်နေတာပါဆို၊ ရှင်နဲ့ ဘယ်မှာများ ပြန်တွေ့ပြီး အညာပေါ်မလဲလို့"

"အခု အညာပေါ်ပြီပဲ"

"တောင်းပန်ပါတယ်ရှင်"

"ဟိုတစ်ခါကလို အမူအယာနဲ့ တောင်းပန်လေ"

"ဟီး. . . ဟီး၊ မလုပ်တတ်တော့ဘူး"

သူမလည်း ကိုယ့်အဖြစ်ကိုယ် ရယ်ချင်နေဟန်ရှိသည်။

"ခုန ကနေတာ တွေ့တယ်"

"ဟင်. . . တွေ့လိုက်သေးလား"

ရွှေသုနိက ရှက်စနိုး. . .

"သူက ဒီကျောင်းရောက်တာ မကြာသေးဘူး၊ အစက ကွန်ပျူတာသင်တာ၊ အခု အားကစားပါ တွဲလုပ်ရတာလေ"

"ကျွန်တော် အရင်တစ်ခေါက်လာတုန်းက မတွေ့ဖူးပါဘူးလို့"

"ရှင်က ဒီကျောင်းက ဆရာမတွေအားလုံးကို သိမှာမို့လို့လား"

"ခပ်ချောချောလေးဆိုရင် သူ မှတ်မိတယ်လေ"

"ဟာ. . . ဟာ. . မမသက်က လုပ်ပြီ"





"ထင်တယ်. . . ထင်တယ် သူ့ပုံကြည့်ကတည်းက သိတယ်"

ရွှေသုနိက တမင်နောက်လိုက်သည်။ တကယ်တော့ သူ့ပုံစံက တည်တည်ကြည်ကြည်ပါ။

မိန်းကလေးတစ်ယောက်ကို ချစ်ရင်လည်း အလေးအနက်ထား ချစ်တတ်မယ့်ပုံပါ။

"ဘာကြောင့် လူပျိုကြီးဖြစ်နေမှန်းသာ မသိတာ"

"ကျွန်တော့်အသက် အစိတ်တောင် မပြည့်သေးပါဘူး မမသက်ရာ"

"ဟဲ့. . . အဲဒါ လူပျိုကြီးပေါ့"

မမသက်လည်း ဒက်ဒီလေသံပေါက်နေပြန်ပြီ။ သူ့ကို အင်မတန် မိန်းမ ယူစေချင်နေပြီ။

"လုံခက Lucky စူပါမားကတ်ပိုင်ရှင်လေ၊ သိလား"

"မသိဘူး မမသက်၊ သူ့ကားက တအားလှတော့ သုနိက နိုင်ငံခြားမှာ ပြိုင်ကားမောင်းတဲ့သူလားလို့"

"အေး. . . ကားမောင်းတော့ ကြမ်းတယ်"

"Lucky ကို သုနိတို့ ရောက်နေကျပဲ"

"မမသက်က လျှောက်ပြောနေတာ၊ ပိုင်ရှင်ကြီးတော့ မဟုတ်ပါဘူး၊ သူဝယ်ချင်းငါးယောက် ရှယ်ယာပါ"

"အဲဒါလည်း အတူတူပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မမသက်မောင်က မာနမကြီးဘူး၊ သူ့ကို Lucky ကလွ ဘယ်သူမှ မထင်ဘူး၊ လမ်းဘေးလက်ဖက်ရည်ဆိုင်လည်း သူက ထိုင်လိုက်တာပဲ၊ ခြံရှေ့ထွက်ပြီး ဂစ်တာထိုင်တီးချင်လည်း တီး လိုက်တာပဲ၊ ဟဲ့. . . နင့်ဥစ္စာ လုပ်ငန်းရှင်ပုံစံနဲ့ အထိုက် အလျောက်နေဦးမှပေါ့လို့ မမသက် အမြဲပြောနေရတာ၊ သူက ဟိတ်ဟန်မထုတ်ဘူးလေ၊ နေချင်သလို နေတတ်တာ၊ CELEC တစ်စီးနဲ့ လျှောက်သွားနေတာလေ၊ လမ်းသရဲလေးလိုပဲ"

မမသက်က သူ့အကြောင်းတွေ ချစ်စနိုး ပြောပြနေ သည်။

သူမ ပြုံးလဲ့လဲ့လေး နားစိုက်ထောင်နေပုံက ချစ်စရာ ချထားတဲ့ ကုတ်ဘူးဟာ အခုထိ မသောက်ရသေး။ လုံခကျော်က ဗူးကိုဖောက်ပြီး ပိုက်တပ်ပေးလိုက်သည်။

"သင့်ခ်ယူနော်"

အေးဆေးယဉ်ကျေးသော အသံလေးကို သူ ချစ်သွား မိသည်။

မကြားရတော့ဘူးလို့ ထင်ထားတဲ့ စကားပြောသံမို့ သူ အတွက် ဆန်းနေပါသည်။

ဆွဲ့အလေးဆိုလည်း ရှေ့ဆက်တိုးမယ်လို့ ဆုံးဖြတ်ထား ပြီးသားပါ။ အခုလို သာယာနာပျော်ဖွယ် စကားသံလေးကြား တော့ အတိုင်းမသိ ကျေနပ်စရာ။





"အခု ဒါဆို မမသက်ဆီ အလည်ရောက်လာတာပေါ့"

"မဟုတ်ဘူး၊ အလုပ်ကိစ္စနဲ့၊ သူ့ရဲ့ Kid မော်ဒယ်ရှိုးပွဲ အတွက်လေ"

မမသက်က ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပမည့် အကြောင်းကို ဖောက်သည်ချလိုက်ပါသည်။

ကျောင်းက ဝင်ပြိုင်မည့်ကလေးတွေကို သီချင်းတိုက် တာ လမ်းလျှောက် Cat walk သင်တာ၊ အကသင်တာတွေကို ကြိုပြင်ဆင်ရဦးမည် မဟုတ်လား။

"ရွှေသုနီလည်း အကသင်ပေးရဦးမှာ"

"ရပါတယ်၊ အဲလို ပွဲလုပ်တာ ပျော်စရာတောင် ကောင်း သေးတယ်၊ လိုတာရှိရင် သုနီကို ပြောနော် မမသက်"

အတူပါဝင်လှုပ်ရှားဖို့ ရွှေသုနီက တက်တက်ကြွကြွ ရှိနေ ပါသည်။

လုံခကျော်ကတော့ သူမစကားပြောပုံ၊ မျက်လုံးလေး ဝင့်ကြည့်လိုက်ပုံ၊ မေးလေးပင့်လိုက်ပုံ၊ ခေါင်းလေးငဲ့လိုက်ပုံ၊ လက်ဟန်လှုပ်ရှားပုံလေးတွေ အကုန်လုံးကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။

ဒီမိန်းကလေး အနားထိုင်ပြီး စကားလက်ဆုံပြောနေခွင့် ရတာ ဟုတ်မှဟုတ်ရဲ့လားဟု သူကိုယ်သူလည်း အံ့အားသင့် ပျော်ရွှင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရှေးရေစက်ရှိတာတော့ သေချာ
သည်။

ရွှေသုနီကတော့ ရိုးရိုးလေးပြောနေတာပါပဲ။ ဒါပေမယ့် အဲဒီပုံစံလေးကို သူ ကြည့်လို့မဝ။ ဒီနေရာက ထတောင် မပြန်
ချင်တော့။

အအေးဗူးလေးကိုင်ပြီး ပိုက်နှင့် စုပ်သောက်ရင်း သူ
ဖက် အကြည့်တစ်ချက် ဝေ့ခနဲရောက်လာတိုင်း သူ့ရင်မှာ ဖိုခ
ဖြစ်သွားတတ်သည်။

ရွှေသုနီဆိုတဲ့ မိန်းကလေးအပေါ်မှာ လုံခြုံ့ စိတ်
တွေဟာ မယုံနိုင်အောင် စွဲမက်တွယ်ငြိသွားပုံမှာ ဆန်းကြယ်
သည်။

အခုတော့ သူဟာ လမ်းပျောက်နေသူ မဟုတ်တော့ပါ

"ရယ်ဟာဇယ်က ဘယ်တော့လဲ၊ ရယ်ဟာဇယ်လုပ်
နေ့ မမသက်တို့ လာခဲ့မယ်လေ"

မမသက် မလာလည်း ဒီကျောင်းလေးကို သူ ချော
ပေါက်အောင် လာမိတော့မှာပါ။

ကိုယ့်ရဲ့ အသည်းစွဲလေးက ဒီမှာ ရှိနေတယ်လေ။



ကလေးတွေက ထင်တာထက် ပိုတော်နေသည်။

သူတို့ရဲ့ အမူအယာဟန်ပန်လေးတွေကလည်းချစ်စရာ။

မော်ဒယ်ဆရာမ ပြပေးတဲ့အတိုင်း တသွေမတိမ်း ခါးလေးလိမ်ပြီး လိမ်ဖယ်ဖယ် လျှောက်ပြနေတာများ ဝါရင့်မော်ဒယ် ဝဲလ်အတိုင်းပါ။

"သမီးလေးက ပြီးရင် ဟိုဖက်သွားရပ်နေနော်၊ ကဲ . . . တဲ့ အခုဆက်ပြီး ထွက်ရမယ့်အလှည့်က မောင်ဘုန်းတလူခန့်နော်၊ သားက ဘာစတိုင်လ်လဲ"

"စိုင်းစိုင်းသီချင်းဆိုမှာ . . ."

"ဟုတ်ပါပြီတော် . . . ဆိုပါ"



www.burmeseclassic.com

www.burmeseclassic.com



အစမ်းလေ့ကျင့်ရက်မှာ အားလုံး စုံစုံညီညီ ပျော်ပျော်ပါးပါး ရှိသည်။

လိုက်ပို့၊ လိုက်စောင့်ရှောက်တဲ့ လူကြီးတွေအဖွဲ့ကလည်း ဟိုနားတစ်စု၊ ဒီနားတစ်စု စကားဝိုင်းဖွဲ့လို့ပါ။

ကလေးတွေကို ထိုင်ကြည့်ပြီး အားပေးနေသူတွေလည်း ရှိသည်။

တစ်ချိတစ်ချိမှာ ရယ်သံတွေလည်း ဝေါခနဲ လွင့်လာ၏။

ကိုယ့်ကလေးအလှည့်မှာ ဓာတ်ပုံဗီဒီယိုရိုက်တဲ့ ကလေး တွေကလည်း ရိုက်သည်။

စင်မြင့်ထက်မှာ တစ်ယောက်ပြီးတစ်ယောက် ထွက် လျှောက်ပြကာ ကိုယ့်နေရာကိုယ် ရပ်နေကြပုံမှာ ရှုမငြီးစရာ

"ဟိတ်. . . ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"ကျွန်တော်လည်း ဓာတ်ပုံရိုက်နေတာ"

သူ့အနားသို့ ရွှေသုနီရောက်လာသဖြင့် လုံခကျော် မျက်နှာက ဝင်းခနဲ လက်သွားသည်။

အခုန မမသက်ရှိနေသဖြင့် သူမ အနားသိပ်မကပ်ရဲ ဒီဖက်မှာ ဟိုလျှောက်ဒီလျှောက်နဲ့ အယောင်ပြနေရတာ။

အခုလို ရွှေသုနီရောက်လာတော့ ရွှင်ပြလန်းဆန်းသွား ရသည်။

"ဆရာမလည်း ဝင်ကလေ"





"ဟွန်း. . . တော်ပါပြီ"

"ဆရာမကို ဓာတ်ပုံရိုက်မလို့"

ပြောပြောဆိုဆို သူက ကင်မရာလေးနှင့် ဖျပ်ခနဲ ချိန် ကိုက်လိုက်ပါသည်။

သူမက ခေါင်းချင်းဆိုင် ပြန်ကြည့်ကာ. . .

"ကိုလုံခရယ်. . . ကလို့စ်အပ်ကြီး၊ လှလည်း မလှ ဘူး"

"ရွှေသုနီ မျက်နှာလေးက ဒီလောက်လှတာများ"

"ဟွန်း. . . မလှပါဘူး"

သူက ကင်မရာထဲမှာ သူမပုံရှိသွားတာကို ကျေနပ်နေ ပုံ. . .

"အလစ်မှာ မပြောဘဲ မရိုက်နဲ့နော်"

"အမှတ်တမဲ့ ပုံလေးတွေက ပိုသဘာဝကျတယ်ဗျ"

"ကလေးတွေပဲ ရိုက်ပါလား"

"ရွှေသုနီ မောနေပြီမို့လား၊ အအေးသွားသောက်ရ အောင်"

စူပါမားကတ်ရဲ့ အောက်ထပ်အအေးဆိုင်ကို သူ ခေါ် သည်။

ရွှေသုနီလည်း မတ်တပ်ရပ်နေရတာ ညောင်းညာနေပြီ မို့ မငြင်းဘဲ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မမသက်က ကျောင်းက သူ့ကလေးတွေနှင့် အလုပ်ရှု
ရင်း ကျန်ခဲ့သည်။

ဆိုင်ရောက်တော့ စတော်ဘယ်ရီမစ်ခ်ရှိတ်နှစ်ခွက်မှာပြီ
ထိုင်လိုက်သည်။

"ဆယ့်ကိုးရက်နေ့ဆို ပွဲစမှာနော်၊ ဆုပေးပွဲရော တစ်ခါ
တည်း လုပ်မှာလား"

"ဖိုင်နယ်နေ့မှာ ဆုပေးလိုက်မယ်"

"ကိုလုံခတို့ ပင်ပန်းနေမှာပဲနော်"

"ပွဲရှိတော့ နည်းနည်း အလုပ်ရှုပ်တာပေါ့"

လုံခက သူမကို စေ့စေ့ကြည့်ပြီး...

"ပွဲပြီးရင် Lucky လပ်ကီးကို မလာတော့ဘူးလား"

"တစ်ခါတလေတော့ ရောက်ဖြစ်မှာပါ"

"ဒါကြောင့် ပွဲကို မပြီးစေချင်တာ"

"ဟင်... ဘာဆိုင်လို့လဲ"

"ကျွန်တော်တို့ ဒီလို တွေ့နေရတာ ပျော်စရာကောင်း
လို့ပါ"

သူ့ပြောပုံလေးက တစ်မျိုးသော အဓိပ္ပာယ်များ ပါနေ
သလားဟု ရွှေသုနီ သံသယ ဖြစ်ချင်သည်။

ရီဝေဝေနှင့် နူးညံ့ရွှန်းရီလာတဲ့ မျက်လုံးတွေကြော
ပို၍ပင် သံသယက ပိုများလာပြီး ပင့်သက်နွေးနွေး ပင့်ရှိုက်မိ





"သုနီ"

"ရှင်"

"ကျွန်တော် တစ်ခါတလေ အိမ်လာလည်လို့ ရမလား"

"ကျောင်းကို လာလို့ရတာပဲ"

"ကျောင်းပိတ်ရက်တွေ ဆိုရင်ရော"

"လာချင်လာပေါ့"

"ရွှေသုနီက ဘယ်သူနဲ့ နေတာလဲ"

"မေမေနဲ့ပေါ့"

"မောင်နှမတွေရော"

"ဟင့်အင်း... မရှိဘူး"

"ဒါဆို ကျွန်တော်နဲ့ အတူတူပဲ၊ အထီးမကျန်ဘူးလားဗျာ
နော်... တစ်ယောက်တည်းဆိုတော့ တစ်ခါတစ်ခါ ပျင်းစရာ
ကောင်းတယ်"

"အလုပ်လုပ်နေတော့လည်း မပျင်းတော့ပါဘူး၊ ဒီလိုပဲ
အချိန်က ကုန်သွားတာပဲလေ"

"ဒီပွဲပြီးရင် ကျွန်တော်တို့ မိတ်ဆုံစားပွဲလေး လုပ်ဦးမယ်၊
သုနီတို့ကိုလည်း ဖိတ်မယ်၊ လာရမယ်ဗျာ၊ လာမယ် မဟုတ်
လား"

"ဖိတ်ရင် လာရမှာပေါ့"

"ကျွန်တော် သုနီကို ပေးစရာ တစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ခုံးပင့်သွား၏။

လုံးခကျော်က သူ၏ဂျာကင်အင်္ကျီအိတ်ထဲမှ အသည်းပုံ ဗူးအနီလေးတစ်ခုကို ထုတ်ယူလိုက်သည်။

ထည့်စရာ ကတ္တီပါဗူးလေး တစ်ခုပါ။

"သုနီအတွက်ပါ"

"ကျွန်မအတွက်"

"ဟုတ်တယ်. . . ဖွင့်ကြည့်လေ"

သူမက နားမလည်ဟန်လေးဖြင့် ဗူးအဖုံးကို ဖွင့်ကြည့်လိုက်သည်။

ပလက်တီနမ် ဟန်းချိန်းလေး တစ်ခုပါ။

ပါးပါးလက်လက်ကလေး. . .

"အရမ်းလှတာပဲ"

"ကြိုက်တယ်မို့လား၊ ကျွန်တော့်လက်ဆောင်ကို မငြင်းကြိုက် မှာစိုးလို့"

"လက်ဆောင်. . ဟို. . ဘာအတွက်လဲ၊ မယူပါရစေနဲ့"

"ကျွန်တော့်ကို ခင်ရင် လက်ခံပါဗျာ. . . နော်. . . တန်ဖိုးလည်း မများပါဘူး"

"ကူညီစရာရှိရင် ဒီတိုင်းပဲ ပြောပါ၊ လက်ဆောင်တွေ ဘာတွေ မလိုပါဘူးနော်"





သူက ဘာစိတ်ကူးပေါက်သလဲ မသိပါ။ မမျှော်လင့်ဘဲ လက်ဆောင် အတင်းပေးနေသည်။

ရွှေသုနီက ဗူးကလေးကို ပြန်တိုးရွှေ့ပေးတော့ သူက ဖျပ်ခနဲ ကောက်ယူ အဖုံးဖွင့် ထုတ်ယူလိုက်သည်။

ပြီးလျှင် ဗိုးဗိုးဇတ်ဇတ်နှင့် သုနီလက်ကောက်ဝတ်မှာ အမှတ်မထင် ချိတ်ပေးလိုက်ပါသည်။

ဟင်းနီချိန်းလေးက သူမ အသားဖြူဝင်းဝင်းလေးပေါ်မှာ ထင်းခနဲ လှပပေါ်လွင်နေ၏။

လက်ကို ကိုင်ပြီး ဟင်းနီချိန်းလေးတပ်ပေးတာ ဘေးလူ တွေမြင်မှာစိုးလို့ သုနီ အမူအယာလေးက မဝံ့မရဲနှင့် ဘေးဘီကို အလန့်တကြား ဝေ့ဝဲကြည့်မိသည်။

သူဟာ စိတ်ထဲရှိသလို ထင်ရာလုပ်တတ်သည့် လူစား မျိုး ထင်ပါရဲ့. . .။

ကိုယ်တိုင်ဝတ်ဆင်ပေးမှတော့ ငြင်းဆန်ဖို့ရာကလည်း အားနာစရာပါ။

ရွှေသုနီ မျက်နှာအမူအယာလေးမှာတော့ တစ်မျိုး ဖြစ် နေရသည်။

အမှန်အတိုင်း ပြောရရင်တော့ သူစိမ်းယောကျ်ားပျို တစ်ယောက်ရဲ့လက်ဆောင်ကို သူမ လက်မခံချင်။ ဒါပေမယ့် ဖွတ်ပေးနေတော့လည်း မတတ်သာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကားကို တိုက်မိပြီး လျှော်ကြေးမပေးတာက တစ်ကြိမ်။

အခု သူ လက်ဆောင်ပေးတာက တစ်ကြိမ်။

သူ့အပေါ် သုနီ အကြွေးနှစ်ခု တင်နေပါပြီ။

သူမသည် အားနာပြုံးလေးနှင့်သာ နှုတ်ခမ်းကိုက်၍ ရှက်စနိုး ငြိမ်တိတ်နေမိသည်။



မြန်မယ်ဆိုပြီး ကရဝိတ်ထဲက ထွက်လာပြီးမှ ချိုးကွေ့ဝင်လာသော ကားတစ်စီးကို မြင်ပြီး 'ဟာ' ဟု ခြေလှမ်းတုံ့သွားသော လုံခကျော် ပုံစံကြောင့်. . .

"ဘယ်သူလဲ"

"ဟိုကား. . ."

"ဟာ. . . အဲဒါ. . . မင်းဟိုတစ်ခါ ငါ့ကို လိုက်ခိုင်းတဲ့ကားမို့လား၊ မှတ်မိပြီ၊ ဘယ်က ကောင်မလေးလဲကွ၊ မင်းကို လက်မြွသွားပါလား"

သက်နိုင်က တအံ့တသြ ပြုံးစိစိ. . .

"မင်း ဘယ်တုန်းက လှုပ်ရှားလိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်နိုင် မေးခွန်းကို မဖြေနိုင်သေးဘဲ လုံခကျော် ရွှေသုနီမောင်းသွားသော ကားလေးနောက်သာ လိုက်ကြည့်နေ မိသည်။

လမ်းနံဘေးတစ်နေရာမှာ ကပ်ရပ်လိုက်တာ မြင်မှ ပြုံးသွားပြီး. . .

"ကားရပ်လိုက်ပြီကွ"

"သွားလေ၊ ဘာကြည့်နေတာလဲ"

"လာလေကွာ"

"မင်းဘာသာ ရှေ့ကသွား။ အိုကေတယ်ဆိုရင် ပြော စရာရှိတာ ပြောလိုက်၊ ငါ့ဘာသာ ငါ ပြန်လိုက်မယ်"

"နေပါဦး. . ."

အရေးထဲ ဘုမသိဘမသိနှင့် သက်နိုင်က မြှောက်ပေး နေပါသည်။

သူ့ပုံစံက သိပ်ကြိုက်တယ်ဆိုတာ သိသာနေပြီလား။

"စိတ်ဝင်စားရင် နှေးမနေနဲ့၊ သူတစ်ယောက်တည်း တွေ့တုန်း လုံးထားလိုက် ဟေ့ကောင်၊ ငါ မလိုက်ဘူး၊ မင်း ဘာသာ သွား"

ကျောကို တွန်းလွှတ်၏။

"သူ့ကြည့်ရတာလည်း မင်းကို စိတ်ဝင်စားတဲ့ပုံပါ"

"ငါနဲ့ ခင်နေပြီကွ"





"ဟာ. . . ဘာဖြစ်လဲ၊ အဲဒါဆို ပိုကောင်းတာပေါ့"

"မပြောရဲဘူး"

"ပြောသာပြော၊ ဒါက မင်းတာဝန်ပဲ၊ သွားလေကွာ၊ ကောင်မလေးတောင် ကားပေါ်က ဆင်းပြီး မင်းကို စောင့်နေပြီ၊ မတွေ့ဘူးလား။ ငါပါလာရင် သူ ရှက်နေမယ်"

"မင်းနေခဲ့ရင် ပိုပြီး တစ်မျိုးထင်မှာပေါ့"

"ထင်ပစေပေါ့ တစ်မျိုးထင်ဖို့ပဲ လိုတာ၊ မင်းလည်း သဘောရိုးမှ မဟုတ်တာ၊ မရိုးဘူးဆိုတာ သူ ရိပ်မိနေတော့ရော ဘာဖြစ်လဲ၊ ကြိုက်ရင် ကြိုက်တယ်ပေါ့၊ မင်းဟာမင်း သွား၊ ငါတော့ လစ်ပြီ"

ပြောပြီးတာနှင့် သက်နိုင် တစ်ချိုးတည်း ပျောက်သွား လေသည်။

လုံခကျော်သည် မျက်နှာနီနီ ရှက်ကိုးရှက်ကန်းနှင့်ပဲ ရွှေသုနီထံ လျှောက်လာ၏။

သူ့စိတ်တွေလည်း လှုပ်ရှားနေသည်။ ဒီလိုတစ်ယောက် တည်း ခွဲခြားပြီး သီးသန့်လာကတည်းက သူ့အမူအယာမှာ မရိုးတာတော့ ပေါ်လွင်နေမှာပါ. . .

အကြိမ်ကြိမ် စိတ်ကူးကြည့်ပြီးသား ရည်းစားစကားကို ပြောလိုက်ရင် ဖြစ်မလား. . .

ဒီအနေအထားက သင့်တော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကန်တော်ကြီး ပရဝဏ်လေးကလည်း လှပသာယာ
အေးမြနေသည်။

သူတို့ အနားမှာ အနှောင့်ယှက်မည့်သူတစ်ယောက်မှ
မရှိဘူးလေ။

အခွင့်သာတုန်းမှာ သတ္တိရှိရှိ ရင်ဖွင့်ရဲရမည်။

"ကိုလုံခ ဘယ်ကို သာတာလဲ"

"ဒီလိုပါပဲ၊ လေညှင်းခံ လမ်းလျှောက်တာပါ"

"ဟုတ်ရဲ့လားရှင်၊ မစ္စတာဂီတာမှာ ဘီယာလာသောက်
တာပဲ ဖြစ်မှာပါ၊ အခုန ရှင့်ဘော်ဒါလည်း တွေ့ပါတယ်နော်"

လုံခကျော် ရယ်လိုက်သည်။

သူမပုံစံလေးက ရိုးရိုးနောက်ပြောင်နေတာ. . . ကိုယ့်
အကြံကို ရိပ်မိဟန်မတူ။

"ကျွန်တော့် ဘော်ဒါလား၊ သူက အရမ်းအလိုက်သိ
တတ်တယ်"

"ရှင်"

"ရှောင်ပေးတာလေ"

သူကလာတဲ့ စကားပေါ်ပဲ နင်းလျှောက်လိုက်မိသည်။

သုနီ မျက်လုံးလေးဝိုင်းသွားပုံကလည်း အသည်းအေး
စရာလေး။

"မင်း ပြောစရာရှိရင် သွားပြောတဲ့"





သူ့စကားကြောင့် ရွှေသုနီ တအံ့တသြလေး ဖြစ်သွားရ
၏။

"ကျွန်တော်လည်း ရွှေသုနီကို ပြောစရာရှိတယ်"

သူ့အမူအယာမှာ ရယ်ကျဲကျဲနှင့် တစ်မျိုးလေး။

ရွှေသုနီ ရင်ထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ
မြတ်တရက် ဆူညံလာသည်။ ဒါပေမယ့် နောက်ကျခဲ့ပြီ။

"ရွှေသုနီကို ကျွန်တော် ချစ်တယ်"

ရင်ထဲမှာ သိမ်းထားမြိုသိပ်ထားရတာ ခက်ခဲလှသော
စကားတစ်ခွန်းကို လုံခကျော် အလျှင်အမြန်ပဲ ဖွင့်ချပြောပြ
လိုက်မိသည်။

သူမက ဘာမှ ပြန်မပြော။ စိတ်ရှုပ်သွားသလို တအံ့
တသြ အားနာဟန်နှင့် ကြည့်နေသည်။

သူပြောတာ ဘာမှားလို့လဲ။

ချစ်လို့ ချစ်တယ် ပြောတာပဲ။ ဘာလဲ။ ချစ်ခွင့် မရှိဘူး
လား။

ပြောမိပြီးမှတော့ သေချာအောင် ထပ်ပြောရမှာပဲ။

"စ,တွေ့ကတည်းက ခင်ဗျား ဆွဲ့အနေတယ်ထင်ပြီး
ရင်ထဲမှာ သနားစိတ်နဲ့ တအားချစ်သွားမိတယ်ဗျာ၊ ကျွန်တော့်
ဘဝမှာ ခင်ဗျားကို ချစ်သလိုမျိုး ဘယ်သူ့ကိုမှ မချစ်ဖူးဘူး၊
ခင်ဗျားက ကျွန်တော့်အတွက် အနှိုင်းမဲ့ မိန်းမတစ်ယောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရွှေသုနီ၊ ဒီစကားကို လွယ်လွယ်လေးနဲ့ ပြောတယ် မထင်ပါ
အချိန်အခါနေရာဒေသတွေ ကျွန်တော် မရွေးတတ်ပေမ
ရွှေသုနီကို အရမ်းချစ်နေတယ်ဆိုတာ ပြောပါရစေ၊ ဒီလို
ပြောလိုက်ရမှ ကျွန်တော့်ရင်ထဲမှာ နေသာထိုင်သာ. . .”

သူ့စကားမှာ တစ်ပိုင်းတစ်စနှင့် ရပ်သွားရသည်။

ဘာကြောင့်လဲဆိုရင် ရွှေသုနီအကြည့်က ရှေ့မှလာ
သော လူတစ်ယောက်ဆီ ချိုချိုရီရီလေး ရောက်သွားတာကြော
ပါ။

အလွန်လှိုက်လှဲနေသော အပြုံးချင်း ဖလှယ်လိုက်ပုံ
သူ မှင်သက်သွားမိသည်။

“ကို. . . လာပြီ”

သူမက ကလေးငယ်တစ်ယောက်လို ထိုလူ့အနား
ပြေးသွား၏။

ဆံပင်အထောင်ကေနှင့် အသားညိုညို အရပ်မြင့်
လူတစ်ယောက်၊ တီရှပ်အနက်နှင့် ဂျင်းဘောင်းဘီအနက်
ဝတ်ဆင်ထားသည်။

လက်ထဲမှာ ရေခဲမုန့်ခွက် နှစ်ခွက်နှင့်. . .

သူမကို တစ်ခွက် လှမ်းပေးသည်။ ရယ်ရယ်မောမော
ဘာတွေ ပြောနေသလဲ မသိ။

“မြန်မြန်စားလိုက်လေ ကိုရယ်၊ အရည်တွေ ပျော်





ထိုမြင်ကွင်းကို ကြည့်ပြီး လုံခကျော် ရှက်သွားမိ၏။
ရင်ထဲမှာလည်း အတိုင်းအဆမဲ့ ကြေကွဲသွားရသည်။

သူမက လာကတည်းက အဖော်ပါလာပုံပါ။

တစ်ယောက်တည်းမှ မဟုတ်တာ။

သူကသာ ဘာရယ်ညာရယ် မစူးစမ်းမလေ့လာဘဲ ရင်
ထဲရှိတာ ထုတ်ပြောလိုက်မိတာ။

ထိုလူက ရေခဲမုန့်ကို ညာလက်နှင့်စားရင်း ဘယ်လက်
က သူမပခုံးကို နွေးနွေးထွေးထွေး ဖက်ထားလိုက်သည်။

သူ့ရင်မှာ နာကျင်အောင့်ကျိန်းသွားရတဲ့ ခံစားချက်ဟာ
ဘာနှင့်မှ မတူနိုင်။

ကြည့်တာနှင့် သမီးရည်းစားစုံတွဲမှန်း သိသာလွန်းလှ
တာပဲ။

လုံခကျော် ငုတ်တုတ်မေ့သွားရ၏။

ရယ်ရယ်မြူးမြူးစုံတွဲလေးဟာ သူ့ကို ရှိတယ်မထင်။

အချင်းချင်း တွန်းထိုးစကားဆိုရင်း ကားဆီ လျှောက်
လာ၏။

ရွှေသုနီက သူ့ကို နှုတ်မဆက်။ သူမရဲ့အမျိုးသားနှင့်
လည်း မိတ်ဆက်မပေးပါ။

ရည်းစားစကား ပူပူနွေးနွေး ကြားထားရတာကို မသိ
ယောင်ဆောင်ပြီး ပျော်ပျော်ပါးပါး ကားပေါ် တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူက ရေခဲမုန့်ခွက်ကို သူမဆီပေးပြီး သော့ယူ
ကားစက်နှိုးသည်။

ရွှေသုနိက အပြုံးအရယ်မရှိဘဲ သူ့ဆီ တစ်ချက်သ
မျက်လုံးလေး စွေကြည့်သွားသည်။

"ဆောရီးပဲ. . . ငါမှာရှိပြီးသား"

ဟု ပြောသွားသကဲ့သို့ပင်။

လုံခကျော်သည် မျက်နှာလေး အပျက်ကြီး ပျက်မိ
ထိုနေရာမှာ လက်ပိုက်ရပ်ကျန်ရစ်ခဲ့သည်။



ဘီယာတစ်ခွက်တောင် မသောက်နိုင်ဘဲ လုံခကျော်
ငိုတွေနေမိသည်။

သူ့မျက်နှာက မှိုင်းညို့နေ၏။ မျက်ဝန်းတွေကရီဝေဝေ။

"မင်းကလည်းကွာ၊ ချစ်မ်းပါ။ အဲ့လောက် ဖြစ်မနေပါနဲ့"

သက်နိုင်က အားမလိုအားမရ ဆိုသည်။

"ပွဲဦးထွက်မှာ ကျိုးတာကွာ၊ ငါ့ပါးစပ်က ချစ်တယ်လို့
တ်ဖို့ သိပ်ခက်ခဲတာ၊ သူ့ကိုမို့လို့ အောက်ကျို့ပြောတာပါ၊
အကြောင်း မင်းလည်း သိသားပဲ၊ ငါ ဒီလို အောက်ကျနောက်
နိုင်တဲ့ ကောင်စားမျိုးလည်း မဟုတ်ပါဘူး"

"ဘာလဲ၊ မင်း အရမ်းနောင်တရနေတာလား၊ ပြောပြီး
ာ ပြီးပစေပေါ့ကွာ၊ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နောင်တတော့ မရပါဘူး၊ ငါ့မျှော်လင့်ချက်တွေလည်း ပျောက်မသွားသေးပါဘူး"

"ဘာ. . . မင်းက မျှော်လင့်တယ်၊ သူ့မှာ အိမ်ကို ဝင် ထွက်ခွင့်ရနေတဲ့ ရည်းစားရှိပြီးသားဆို၊ လက်လျှော့လိုက်စမ်းပါ ကွာ၊ အလကားသက်သက် စိတ်ညစ်မခံစမ်းပါနဲ့၊ မင်းအတွက် ရှားတာလည်း မဟုတ်ဘူး"

သက်နိုင်က ရှုံ့မဲ့ကန့်ကွက်၏။ လုံခကျော်က ခေါင်းကို ခပ်ဖြေးဖြေး ခါလိုက်သည်။

"ငါ သူ့ကိုပဲ ချစ်တယ်၊ ရအောင် ယူချင်တယ်"

"လူကြမ်း မလုပ်စမ်းပါနဲ့ လုံခရာ. . ."

"ငါ ရှေ့ဆက် တိုးကြည့်ဦးမယ်လို့ စဉ်းစားထားတယ်"

"မင်းတော့ ရိုက်ပေါက်ပဲ"

ခေါင်းမာနေတဲ့ သူငယ်ချင်းကို ကြည့်ပြီး သက်နိုင် စိတ် မချမ်းသာ။

"သူ့လူက မင်း ဒီလို ဝွတ်ဝင်တိုးတာကို လက်ခံပါ့မလား သိရင် ပြဿနာတက်မှာ. . ."

"တက်. . . တက်"

"ငါသာဆိုရင်တော့ ငါ့ရည်းစားကို လာလုရင် လက်သီး နဲ့ ဆွဲထိုးမှာပဲ၊ ကောင်မလေးရည်းစားက လူကြီးလူကောင်းပုံ လား"





"မသိဘူး၊ စတိုင်လ်ကတော့ လူငယ်စတိုင်လ်ပါပဲ"

"မင်းလောက်တော့ မချောဘူးမို့လား"

သက်နိုင်က ရယ်သံနှင့် မေးသည်။

"အေးပေါ့ကွာ. . . ဘယ်လိုပဲ ယှဉ်ယှဉ်ပါ"

"ဒီကောင် ဘာအလုပ်လုပ်တာလဲ"

"အစကတော့ သဘော်သားလို့ ပြောတာပဲ၊ အခု အငှား ကားစီ မောင်းနေတယ်"

သက်နိုင်က တစ်ချက်ငြိမ်ပြီး စဉ်းစားသည်။ အငှား ကားစီမောင်းတဲ့ယောကျ်ားတစ်ယောက်နှင့် စူပါမားကတ် ရှယ် ယာရှင်တစ်ယောက်ဆိုတာကတော့ အကွာကြီးကွာနေတာပေါ့။

မိန်းကလေးဆိုတာ ဂုဏ်ပကာသနမက်မောတတ်တာ း မဟုတ်လား။

လုံခလည်း သူ့ရဲ့စည်းစိမ်းချမ်းသာကို ဒီနေရာမှာ သုံးချချင်မှာပေါ့လေ။

သက်နိုင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ကောင်မလေး စိတ်ပြောင်းသွားနိုင်တယ်လို့ မင်း ထင် လား"

လုံခကျော်က မဖြေ။ မေးစေ့ကို ပွတ်ပြီး တစ်စုံတရာ တွေးတောနေဟန်။ သူက ဘီယာမှော့ပြီးသွားလို့ စီးကရက် ရှိုက်ဖွာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လုံခကျော်က ဒီနေ့ ငေါင်နေသည်။

ပုလင်းထဲက လက်ကျန်ကို သူ့ဖန်ခွက်ထဲသို့ သက်နိုင်က လှမ်းထည့်ပေးလိုက်သည်။

ပြည့်စုံချမ်းသာတဲ့ လူတစ်ယောက်မှာလည်း နှလုံးသာ ရေးရာပြဿနာဆိုတာတော့ ရှိတတ်တာပဲလေ။

ချစ်သူရှိတဲ့ မိန်းကလေးကို သွားကြိုက်နေမိတာကကိုက သူ့ရဲ့လွဲချက်ပေါ့. . .။

ဖွင့်ပြောမိပြီးမှ အကြောင်းမှန်ကို သိရတဲ့အတွက်လည်း လုံခရင်မှာ မခံချိမခံသာ ဖြစ်နေပုံရသည်။

"အေးလေ ရည်းစားရှိတာပဲ၊ ယောကျ်ားရှိတာမှ မဟုတ် ဘဲ"

"ငါ ထပ်ကြိုးစားကြည့်ဦးမယ်ကွာ၊ ဆုံးဖြတ်ထားတယ်"

"ပြောမရရင်လည်း လုပ်သာလုပ်ကွာ၊ မင်းတော့ အဖု ရတော့မှာ မြင်ယောင်နေတယ်"

"ငါ အဲလောက် မိုင်းရိုင်းစိုင်းစိုင်းကြီးတော့ မချဉ်းက ပါဘူး၊ ငါချစ်နေတုန်းပဲဆိုတာ သူသိရင် တော်ပြီ၊ လက်ခံတ လက်မခံတာကတော့ သူ့အပိုင်းပေါ့"

လုံခကျော် ပြောနေပုံမှာ အစွဲအလန်းကြီးနေမှန်း သိသ ပါသည်။ တော်ရုံနှင့် လက်လျှော့နောက်ဆုတ်မည့်ပုံ မဟုတ်ပါ

သူ့ကိုယ်စား သက်နိုင် သက်ပြင်းသာ ရှိုက်မိ၏။





နှစ်ယောက်သား စကားထပ်မပြောဘဲ ငြိမ်သွားချိန်မှာ ဆိုင်မှာ ဖွင့်ထားတဲ့ သီချင်းလေးကို ခံစားမိသည်။

ဖိုးကာ သီချင်းပါ. . .။

*မျက်စိအောက်က ပျောက်မသွားနဲ့. . .*

*မျက်လုံးအရှေ့မှာ မြင်တိုင်း၊ ကြည့်ခဲ့ဖူးတယ် မထင်ပါနဲ့*

*သူများအတွဲ လှလွန်းသူတွေလည်း ကိုယ် အမှတ် တမဲ့ပါပဲ. . .*

*အားလုံးထဲ မင်းကျတော့ ရေး. . . ကိုယ် မျက်တောင် မခတ်ဘဲနဲ့. . .*

*တစ်နေကုန်ထိုင်ပြီး. . . တစိမ့်စိမ့်ကြည့်. . .*

*နဖူးက ခြေဖျားထိအောင် ချစ်တယ်. . .*

*အသည်းလေးအား စွဲညို့သူရေ. . .*

*မျက်စိအောက်က ပျောက်မသွားနဲ့ဦး. . .*

*တစ်နေကုန်ထိုင်ပြီး ကြည့်. . .*

*ဒီမျက်စိက အသည်းထဲထိ စီး ဝင်. . .*

*ဘယ်တော့ ကြည့်ကြည့် ချစ်မိသူရေ. . .*

*ဒီလို မျက်စိအောက်က ပျောက်မသွားနဲ့ဦး. . .*

*တစ်နေကုန် ထိုင်ပြီးကြည့်. . .*



www.burmeseclassic.com

www.burmeseclassic.com

“ဟက်လို”

ဖုန်းခေါ်ပြီး ချက်ချင်း ဖာသံမပေးသဖြင့် ရွှေသုနီ မျက်နှာလေး ရှုံ့ကာ ခပ်တင်းတင်းဖြင့်. . .

“ဘယ်သူလဲ. . . ဟက်လို”

ဟု ဆောင့်အော်မိ၏။

“ခင်ဗျားရဲ့ မိတ်ဆွေပါ”

“ကိုလုံခလား”

“ဟုတ်ပါတယ်”

“ပြောပါ. . . ဘာကိစ္စများလဲ”

ရွှေသုနီက ခပ်အေးအေးလေသံနှင့် မေးလိုက်ပါသည်။ သူအောင့်သက်သက်နှင့် မဆက်သွယ်တော့ဘူးလို့ပဲ ထင်ထားမိတာ။



www.burmeseclassic.com

www.burmeseclassic.com



ငါးရက်ခန့်အကြာမှာ ဖုန်းထပ်ဆက်တာကို အံ့ဩမိသည်။

"သုနီ . . ကျွန်တော် သုနီနဲ့ တွေ့ချင်တယ်"

"ကျွန်မ အခုကျောင်းမှာ. . ."

"သိပါတယ်. . . ခဏလေးပါ"

"မဖြစ်နိုင်ဘူး. . . စိတ်မရှိပါနဲ့"

"ဒါဆိုရင် ညနေရော၊ ညနေ ခဏလောက် ထွက်ခဲ့ပါလား"

"ရှင်ပြောစရာရှိရင် ဖုန်းထဲက ပြောလို့ရတာပဲ"

"ကျွန်တော်က မျက်နှာချင်းဆိုင်တွေ့ပြီး ပြောချင်တာ"

"ကျွန်မ လာနိုင်မှာ မဟုတ်ဘူး"

"ဘာလို့လဲ သုနီ"

"ညနေ မအားဘူး"

"မိတ်ဆွေတစ်ယောက်ကို သုနီ ဒီလို အပြတ်ငြင်းသင့်ရဲ့လား၊ ကျွန်တော်လည်း ကလေကချေကောင် မဟုတ်ပါဘူး"

"ဆောရီးပဲ၊ ကျွန်မ တကယ်မအားလို့ပါ"

"ချိန်းထားပြီးသား ရှိနေလို့လား. . . ဟဲ. . ဟဲ"

"ဒါက ကျွန်မ ကိုယ်ရေးကိုယ်တာပါ"

"ဘာပဲဖြစ်ဖြစ် ဒီညနေ ကျွန်တော်လာစောင့်မယ်၊ သုနီတို့ လမ်းထိပ်က ကော်ဖီဆိုင်ကိုပဲ လာခဲ့မယ်၊ လာခဲ့ဗျာ၊ ထွက်လာမယ် မဟုတ်လား၊ မလာမချင်း စောင့်နေမယ်၊ ဒါပဲ"





ပြောချင်ရာ ငွတ်ပြောပြီး စကားဖြတ်၍ ဖုန်းချသွားပါသည်။

ရွှေသုနီသည် နှုတ်ခမ်းလေးကိုက်၍ စိတ်အနှောင့်အယှက် ဖြစ်သွားရသည်။

သူ ဘယ်လို လူပါလိမ့်. . .

သုနီမှာ ရည်းစားရှိတာလည်း သူ့မျက်မြင်ပဲဥစ္စာ။

ဘာများထပ်ပြီး ပြောစရာရှိမှာလဲ။

စိတ်ရှုပ်လိုက်တာနော်။

www.burmeseclassic.com

လုံခကျော်က ဆိုင်ရဲ့အပြင်ဖက်ကို မြင်နေရတဲ့ ရှေ့ဆုံးတန်းက စားပွဲကို ရွေးထိုင်ကာ ကော်ဖီတစ်ခွက်မှာပြီး သူမ အလာကို စောင့်စားနေမိသည်။

ရင်ထဲမှာ တွေ့လိုမြင်လိုစိတ်တွေက ပြင်းပြင်းပြပြနှင့် ဖူးရှုနေသည်။ သူမကို တစ်ပါးသူတစ်ဦး ပိုင်ဆိုင်သွားမှာကို သူ ဘယ်နည်းနှင့်မှ မရှုစိမ့်နိုင်။ တွေးလိုက်တိုင်း တုန်လှုပ်နေသည်။

သူ့မေတ္တာရဲ့အတိမ်အနက်ကိုလည်း တစ်စတစ်စ ပိုပြီး သဘောပေါက်လာရသည်။ သူ ဘယ်လိုမှ ရွေသုန်ကို မမေ့နိုင် မစွန့်လွှတ်နိုင်။ ရှေ့ဆက်ရအောင် ယှဉ်ပြိုင်ရမှာပါပဲ။

ပိုင်ရှင်ရှိတာ မဟုတ်သေးတဲ့အတွက် သူ့ဘက်မှာ အခွင့်အရေး အများကြီး ရှိပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ဆိုတာ ရှိတယ်ပဲထား။ ဟိုလူနှင့် ပြတ်သွားနိုင်တာပဲ။

ချစ်ပြီးမှ မညားဘဲ ပြတ်စဲသွားတဲ့ စုံတွဲတွေလည်း ဒီလောကမှာ အများကြီး ရှိနိုင်တာပဲ။

သူနဲ့မှ ဖူးစာမှန်နေခဲ့ရရင်ရော. . . မဖြစ်နိုင်ဘူးလား။

လုံခကျော်သည် ထက်သန်သော စိတ်ဇောအဟုန်ဖြင့် သူမ ရောက်လာစေရန် ဆုတောင်းနေမိသည်။

နာရီဝက်ခဲ့အကြာမှာပဲ သူ့ရဲ့ဆုတောင်းက ပြည့်လေပြီ။

သိုးမွေးဦးထုပ်အပြာရောင်လေးနှင့် ဂုတ်ကြိုးသိုင်းအကျီ ပုံဆန်းလေးကလည်း အပြာရောင်၊ ဘောင်းဘီရှည်အပြာနှင့် တစ်ရောင်တည်း။ ခြေထောက်မှာတော့ ကြိုးချည်ဖိနပ်လေး စီးထားသည်။ သရီးကွာတားဘောင်းဘီဆန်ဆန်မို့ ခြေကျင်းဝတ်မှာ ချည်ထားတဲ့ ကြိုးဖိနပ်ကလေးဟာ သူမခြေထောက်ဖွေးဖွေးလေးမှာ အထင်းသား ပေါ်လွင်နေပါသည်။

လမ်းလျှောက်လာဟန်လေးက ပန်းပွင့်လေး ယိမ်းနွဲ့သလို နွဲ့နွဲ့နှောင်းနှောင်းကလေး. . .။

လုံခကျော် အံသည်းပြင်မှာ နွေးခနဲ ဖြစ်သွားရ၏။

ဆိုင်ထဲ လှမ်းဝင်လာတဲ့ သူမကို မတ်တပ်ရပ်၍ ကြိုဆိုလိုက်သည်။

"လာပါ သုနီ. . . ဒီမှာ ထိုင်ပါ"





သူ့အနီးဆုံးက ထိုင်ခုံကို ညွှန်ပြလိုက်သည်။ အတူတူ နီးကပ်ကပ် ထိုင်ချင်သည်။ နည်းနည်းလေးမှ အလှမ်းမဝေးချင်။

"သင့်ခ်ယူ. . . ကျွန်မ အပြင်သွားစရာရှိသေးလို့၊ သိပ်အချိန်မရဘူးနော်"

သူမက ကြိုတင်ပြောပြီးမှ အသာအယာကလေး ဝင်ထိုင်သည်။

သူမဆီက မွှေးရနံ့လေးတစ်မျိုးက လုံခကျော်ကို လာရောက် ကလူကျီစယ်နေသလိုပါ. . .။

သူ့စိတ်တွေက ကြည်မွေ့စွာ လှုပ်ရှားလာသည်။ နှလုံးသားက စည်းချက်ညီညီ အခုန်မြန်လာသည်။

ထာဝရ ငေးကြည့်နေချင်မိတဲ့ မျက်နှာလေးကို နီးနီးကပ်ကပ် သူ ငုံကြည့်နေမိသည်။

"ဘာပြောမလို့လဲ. . . ပြောလေ. . ."

"တစ်ခုခု စားဦးမှပေါ့"

"ရတယ်. . ကော်ဖီပဲ တော်ပါပြီ"

သူမအသံက အေးစက်စက် ဖြစ်နေသည်ဟု ထင်မိသည်။

"ခင်ဗျားကို မြင်လိုက်ရတာ ပျော်သွားတာပဲ"

"ရှင် ဘာပြောချင်လို့လဲ"

"ပြောချင်တာတွေကတော့ အများကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသုနီ မျက်လုံးတွေက သူ့ကို ခပ်တင်းတင်း ကြည့်
နေ၏။ တည်ငြိမ်ရင့်ကျက်သော မိန်းမတစ်ယောက်၏ ကြွေ
နှင့် ခက်ထန်ရိပ်ပါ စွန်းနေသယောင်ယောင်. . .။

ဒါက သူ ထပ်မပြောနိုင်အောင် ကြိုတင်တားဆီးထား
တဲ့ သဘောလား မသိပါ။ ချိုရီနူးညံ့ဖျော့ပျောင်းနေတဲ့ သူ့
အကြည့်မှာ အချစ်တွေ ပါနေလို့ပဲ ဖြစ်မှာပါ။

"ကျွန်တော် သေချာထပ်စဉ်းစားတယ်၊ ရွှေသုနီသာ
အနားမှာမရှိရင် ကျွန်တော့်ဘဝကဘယ်လိုမှ ပြည့်စုံမှာ မဟုတ်ဘူး

"ကိုလုံခ. . ရှင်. . ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်
မှာ ချစ်သူရှိတာ ရှင်သိနေပြီ မဟုတ်လား"

"သိတယ်. . . လုံးဝသိတယ်၊ ဒါပေမယ့် ခင်ဗျားလည်း
ကျွန်တော့်ကို နားလည်ပေးပါ။ ကျွန်တော့်ဘဝမှာ တစ်ခြားအရ
အားလုံး ပြည့်စုံပါတယ်၊ ဒါပေမယ့် ရွှေသုနီကို မရရင် အလက
ပဲပေါ့"

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ၊ ကျွန်မက ဝယ်လို့ရ
ရုပ်ဝတ္ထုပစ္စည်းလို့ ထင်နေလား၊ ဘာဖြစ်လို့ ကျွန်မရဲ့အေးချမ်း
နေတဲ့ ဘဝထဲ ဇွတ်တိုးပတ်သက်နေရတာလဲ"

"ဘာကြောင့်လဲ ဟုတ်လား၊ အဲဒါ သုနီကို ချစ်လို့ပါ"

"ကျွန်မမှ မချစ်နိုင်တာ"

"ကျွန်တော် သုနီကိုပဲ လက်ထပ်ချင်တယ်"





"ရှင် ရူးနေလားဟင်၊ ကျွန်မတို့ တွေ့တာသိတာ ဘာ
ကြာသေးလို့လဲ၊ ဒီလောက်အချိန်ကလေးနဲ့ လက်ထပ်ဖို့အထိ
ရည်ရွယ်ရလောက်အောင် ရှင့်ဘက်က စိတ်ကူးမယဉ်လွန်းဘူး
လား၊ ရှင်လက်ဆောင်ပေးကတည်းက ကျွန်မ ဖွင့်ပြောမလို့ပဲ၊
ဒါပေမယ့် ရှင့်ရဲ့ခင်မင်မှုကို စော်ကားသလိုဖြစ်မှာစိုးလို့ ကျွန်မ
ဖက်က ရှင့်အပေါ် တလေးတစား ဆက်ဆံခဲ့တာပါ၊ ရှင်လည်း
စကားကို အလွယ်မပြောပါနဲ့"

"ဟာဗျာ. . ခက်တာပဲ၊ ကျွန်တော် အလေးအနက်ပြော
တာပါ၊ ဒါ ပေါ့ပေါ့ဆဆပြောရမယ့်စကားမျိုးလည်း မဟုတ်ပါဘူး"

"ဒီမှာ ရှင့်လက်ဆောင်ကို ပြန်ယူလိုက်"

သူမက ဗူးကလေးကို သူ့ဘက် တိုးပေး၏။

"ပေးကတည်းက ပြန်ယူဖို့မှ မဟုတ်တာ"

"ရှင့်ဖက်က မရိုးမှန်းသိရဲ့နဲ့တော့လက်မခံနိုင်တော့ဘူး"

"ပြန်သိမ်းထားလိုက်ပါ၊ ဒါမှမဟုတ်ရင် သုနီလက်မှာ
ကျွန်တော်ကိုယ်တိုင် ပြန်ဝတ်ပေးရလိမ့်မယ်"

"ရှင် ဒီလို အကြပ်မကိုင်ပါနဲ့ ကိုလုံခ"

"ကျွန်တော် သုနီကို တကယ် အရမ်းချစ်လို့ပါ"

"ထပ်မပြောနဲ့"

"တစ်သက်လုံး ချစ်သွားမယ်"

"အို. . . မကြားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းကို ယမ်းခါလိုက်၏။ ကြားရတာပင် ခါးသီးတဲ့ သဘော။

"သူနီနှလုံးသားက ရှင့်အတွက် မဖြစ်နိုင်ဘူးလေ၊ ရှင် သိပါတယ်၊ ကျွန်မတို့ အခင်အမင်ပျက်အောင် ရှင် မလုပ်ပါနဲ့၊ ထပ်မကြိုးစားပါနဲ့တော့"

"မရဘူး၊ နောက်မဆုတ်ဘူး"

"ကျွတ်. . . ရှင်တော့. . ."

လုံခကျော်သည် စားပွဲပေါ်တင်ထားတဲ့ သူမ လက်ဖမိုး လေးကို ဖိအုပ်၍ ဆုပ်ကိုင်လိုက်သည်။

သူမ အလန့်တကြား လက်ကို ရုန်း၏။ လုံခကျော်က လွှတ်မပေးဘဲ ခပ်တင်းတင်း ဖိကိုင်ထားပြီး. . .

"ရွှေသုနီ လက်ခံတဲ့အထိ ကြိုးစားသွားမယ်၊ အဲဒါ မြဲမြဲ မှတ်ထားလိုက်"

"ဆောရီးပဲ၊ ကျွန်မလည်း ရှင်းရှင်းပဲ ပြောလိုက်မယ် ရှင့်ကို လုံးဝ လက်မခံနိုင်ဘူး၊ နောက်ထပ်လည်း မဆက်သွယ် ပါနဲ့၊ ကျွန်မချစ်တာ ကျွန်မရဲ့ချစ်သူ ကိုသြဇာနည်ပဲ၊ ဒါပဲ၊ ကဲ ကျွန်မ သွားမယ်"

ပြောပြောဆိုဆို လှစ်ခနဲ ထ,ထွက်သွားသဖြင့် စားပွဲမှာ သူတစ်ယောက်တည်း ငေါင်စင်းစင်း ကျန်ခဲ့ရ၏။



"အေးပေါ့. . . မင်းက လက်ပါဆွဲသေးတယ်ဆိုတော့ သူ စိတ်ဆိုးသွားမှာပေါ့၊ ပါးမရိုက်တာပဲ ကံကောင်း"

လုံခကျော်က သူငယ်ချင်းသက်နိုင်ကိုပဲ ရင်ဖွင့်ရသည်။

ခံစားမှုတွေ အားလုံး သူ့ရင်ထဲမှာ တစ်ယောက်တည်း မြိုသိပ်မထားနိုင်ဘူးလေ. . . .

"ဒါပေမယ့်. . . သူ မှန်ပါတယ်ကွာ၊ သစ္စာရှိတာ ကောင်းတာပေါ့"

"ဘာ ဒါဆိုရင် ငါက မှားတာလား၊ ဒီနေရာမှာ သစ္စာရှိ တာ ငါ့အတွက် မကောင်းဘူး"

"အဲဒါဆို မင်းက ဘာဖြစ်ချင်သေးတာလဲ"

"ငါ့ကို ပြန်ချစ်စေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ရည်စားနှစ်ယောက်တစ်ပြိုင်တည်း ထားခိုင်းနေတာလား"

"ငါ့ကို ချစ်ရင် ဟိုကောင့်ကို ဖြတ်ပေါ့"

"လာ. . . လာချည်သေး၊ တယ်လည်း တရားကျဖို့ကောင်းတဲ့ကောင်"

"ဒါဆို နောက်တစ်ယောက်ကို ထပ်ချစ်ရင် မင်းကိုဖြတ်ရမယ့် သဘောပေါ့၊ ဥပမာ. . . တတိယလူက ငါဆိုရင်. . ."

"သေစမ်း. . . ငပေါ၊ အရေးထဲမှာ မင်းက အမှတ်ယူချင်နေသေးလား"

လုံခကျော် နှုတ်က ပြောရုံမက သူ့ကို ဝိတ်ကန်သဖြင့် သက်နိုင် အမြန်ထပြေးရ၏။

ဒီနေ့ လုံခတို့အိမ်မှာ ညစာလာစားရင်း ဘောလုံးပွဲကြည့်ရင်း သူငယ်ချင်းနှစ်ယောက် ပြောဆိုတိုင်ပင် စကားကောင်းနေကြတာပါ။

"မင်း ထင်သလောက်တော့ မလွယ်ပါဘူးကွာ၊ တစ်ခြားကောင်မလေးတစ်ယောက်ယောက် ပြောင်းစဉ်းစားရင် ပိုပြီးနီးစပ်ဦးမယ်၊ မင်းဒက်ဒီ သဘောတူတာတွေ ရှိတယ်မို့လား"

"ငါမှ မကြိုက်တာ"

"ဟိုတစ်ခါ မင်းကို နာရီလက်ဆောင်ပို့ပေးတဲ့ ကောင်မလေးရော၊ စင်္ကာပူက ပြန်လာတာဆိုတာလေ၊ စိုးအေမိ၊ မှတ်မိသွားပြီ၊ ငါနဲ့တောင် နှစ်ခါလောက်ဆုံသေးတာပဲ၊ မင်းနဲ့ဆိုလိုက်တယ်၊ ပုံစံလေးကလည်း အမိုက်စားလေး"

"မင်း ဒါတွေ မသိပါဘူး၊ အခု ငါက လူရွေးပွဲလုပ်နေတာ မဟုတ်ဘူး၊ ဒီရင်ဘတ်ထဲက ခံစားမှုအကြောင်းကွ"

"အေး. . . အဲဒီ ရင်ဘတ်ကိစ္စပဲ၊ ရွှေသုနီ ယောကျ်ားယူသွားမှ အသည်းကွဲနေရမှာ စိုးလို့"

"မဦးမချွတ် သက်နိုင်ရာ၊ ဘာလို့ အသည်းကွဲရမှာလဲ"

"မင်းဘက်ကလည်း သူမှသူ စွဲနေတယ်၊ ဟိုမှာကလည်း ယူမယ့်ယောကျ်ားက အဆင်သင့်၊ ဘာဖြစ်လာမလဲဆိုတာ ရှင်းနေတာပဲ"

သက်နိုင်ရဲ့ ချက်ကျလက်ကျစကားကြောင့် သူစိတ်ဓာတ်ကျချင်သည်။

"ဘာပဲဖြစ်ဖြစ်ကွာ၊ သူ လက်မထပ်သရွေ့တော့ ငါ့မှာ မျှော်လင့်ချက် ရှိသေးတာပဲ၊ ကဖျက်ယဖျက် မပြောနဲ့၊ မိန်းကလေးတွေရဲ့စိတ်ဆိုတာ ခန့်မှန်းရခက်တာပဲကွ"

"ဒါဆို မင်းဘယ်လိုဆက်လုပ်မှာလဲ၊ ဟိုက အတွေ့မခံတော့ဘူးမို့လား"

"ငါ့မှာ နည်းလမ်းတွေ ရှိပါသေးတယ်"

ပြောရင်း လုံခကျော်က ပြက္ခဒိန်ကို လှမ်းကြည့်သည်။

"အခုလာမယ့် ဗုဒ္ဓဟူးနေ့က သူ့မွေးနေ့ပဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ၊ မွေးနေ့ဆို ဘုရားတက်တတ်လို့လာ
မင်း သူ့နောက်က တကောက်ကောက် လိုက်ကြည့်မလို့လာ

လုံးခကျော်က နှုတ်ခမ်းစေ့ကာ မထိတရိ ပြုံးနေသည်

"ကဲ. . လာ. . . လာ. . . ပွဲပြန်စပြီကွ"

သက်နိုင်က သူ့ကို တီဗွီရှေ့ပြန်ဆွဲခေါ်သည်။

ဘောလုံးပွဲက ဒုတိယပိုင်း စပြီဆိုတော့ ဝါသနာ
နှစ်ယောက်သား တစ်ခဏ နှုတ်ဆိတ်သွားကြတော့၏။



စပျစ်သီးအလုံးကြီးကြီးတွေနှင့် ပန်းသီးမွှေးမွှေးတို့ကို ရေစင်စင်ဆေးပြီး ဘဲဥပုံပန်းကန်ပြားထဲ သပ်သပ်ယပ်ယပ် လှပအောင် ထည့်သိုနေဆဲမှာပင် အပြင်က တံခါးဘဲလ်သံကြားရသည်။

"သမီးရေ. . . မောင်ဩဇာ ရောက်လာပြီထင်တယ်"

"ဟုတ်မယ်. . . မေမေ"

ရွှေသုနီက လက်သုတ်ပဝါအနီရဲလေးနှင့် လက်ကို အမြန်သုတ်ရင်း တံခါးဖွင့်ဖို့ အိမ်ရှေ့ ပြေးသွားမိသည်။

တထိတ်ချအထင်နှင့် တံခါးကို ပြုံးခနဲ ဆွဲဖွင့်လိုက်၏။

"ဩော်"

ခြေစုံရပ်နေသူမှာ ရွှေသုနီ မမြင်ဘူးတဲ့ ချာတိတ်လေး တစ်ယောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မရွှေသုနီရှိလား မသိဘူး ခင်ဗျာ"

"အစ်မက ရွှေသုနီပဲ၊ ဘာကိစ္စလဲ"

သူက နှင်းဆီပန်း အနီရဲရဲ ခပ်လှလှကြီးတစ်စီးကို သူမထံ ပေးရင်း. . .

"အစ်ကို ပေးခိုင်းလိုက်တာပါ"

"ဘယ်လို အစ်ကိုဟုတ်လား၊ သူ ဘယ်မှာလဲ"

ကိုယ်တိုင် လာမပေးတာကို စိတ်တိုတိုနှင့် ရွှေသုနီ နှုတ်ခမ်း စူထော်လိုက်မိသည်။

"သူ လာမှာပါ ခင်ဗျာ"

"အေး. . . အေး. . . ကောင်းပြီ. . . ကျေးဇူးပဲ"

ပန်းအစစ်တွေမို့ ရင်ခွင်ထဲ ပိုက်ကာ ငုံ့မွှေးမိ၏။ ကိုကတော့ နည်းနည်းထွင်ရမှ . . . ကြည့်လေ. . .

ရွှေသုနီက သူ့ချစ်သူပေးတဲ့လက်ဆောင်ဟုသာ ထင်မိသည်။

အခုပဲ ထွက်လာပြီလို့ အိမ်ကို ဖုန်းဆက်ထားပြီးသားမို့လား. . .။

ငုံ့မွှေးရင်းမှ ကတ်ကလေးချိတ်ထားတာကိုတွေ့မိသည်။

ဖတ်လိုက်တော့ မျက်လုံးလေး ဝိုင်းသွားရ၏။

**မွေးနေ့မှာ ပျော်ရွှင်ပါစေ. . .**

**ချစ်ခွင့်ရမယ့် နေ့လေးတစ်နေ့ကို**





**စောင့်မျှော်နေဆဲပါပဲ. . .။**

**အသက်ရှိသရွေ့ ချစ်သွားမယ့်သူ. . .**

ဟင်. . . ဒင်းပဲပေါ့. . .

နာမည်မပါပေမယ့် သူမ ဖြုန်းခနဲ သိလိုက်ပါပြီ။

ကဒ်ကို ဆွဲဖြုတ်ပြီး ဒေါသနှင့်ဆုတ်ကာ ခြေမွမိဆဲမှာ တံခါးခေါက်သံ ကြားရပြန်၏။

ရွှေသုနီသည် ဘာလုပ်ရမှန်း မသိဘဲ တစ်ခဏ တွေဝေနေမိပြီးမှ ပန်းစည်းကို အံဆွဲထဲဝှက်ပြီး ကဒ်ကိုတော့ အမှိုက်ခြင်းထဲသို့ ပစ်ထည့်လိုက်သည်။

ဒီတစ်ခါ တံခါးခေါက်တာ ဘယ်သူလဲ. . .

ဖွင့်ကြည့်လိုက်ရာ. . .

"ဟက်လို. . . ချစ်ကလေး. . ."

ဩဇာနည်က လက်နောက်ပစ်ကာ သူမကို ပြောင်စပ်စပ် နှုတ်ဆက်သည်။

"နောက်ကျလိုက်တာ"

ဩဇာက နောက်ဖက်မှာ ဝှက်ထားသော ရေမွှေးနှင်းဆီပန်းရောင်လေးတစ်ပွင့်ကို သူမအား ပေး၏။

"ကားထဲရောက်မှ သုနီမွေးနေ့ဆိုတာသတိရလို့ အပေါ်ပြန်တက်ပြီး ဒေါ်လေးပန်းအိုးထဲက ပန်းတစ်ပွင့် ခူးလာတာလေ"

"ဩော်. . . ရှင်က ကျွန်မမွေးနေ့တောင် မေ့နေတာယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ၊ အဲလောက် ဂရုစိုက်တယ်ပေါ့။ တော်ပြီ ဒီနှင်းဆီလည်း မလိုချင်တော့ဘူး"

သူမက ဖျပ်ခနဲ လှည့်ဝင်သွား၏။

ဩဇာက သုနီ မေမေကို . . .

"အန်တီ နေကောင်းတယ်နော်၊ ကြည့်ပြောပါဦးဗျာ သုနီ စိတ်ကောက်သွားပြန်ပြီ"

"အဟင်း. . . ဟင်း. . . မင်းတို့နှစ်ယောက်ကတော့ လေ အမြဲတမ်း ဒီအတိုင်းချည်းပဲ၊ ကဲ. . ကဲ. . သွားချော့ချည်ဦး"

သုနီ ဝင်သွားရာ ထမင်းစားခန်းဆီ ဩဇာက လိုက်ဝင် လာသည်။

"ဟော့. . . မွေးနေ့မှာ စိတ်မကောက်ရဘူးလေ၊ ဘယ် သွားချင်လဲပြော၊ ဘုရား သွားမလား"

"မေမေနဲ့သွားပြီးလို့ ပြန်တောင်လာပြီ သိရဲ့လား၊ နံနက် စောစောလာမယ်ဆိုပြီး ဘယ်တွေလျှောက်သွားနေလဲမှ မသိတာ"

သုနီက မျက်နှာလေးတစ်ဖက်လွှဲ၍ စူပွပွ ပြစ်တင်

ရွှတ်နေပါသည်။

"ဒီတိုင်းပဲ. . . ကိုက သုနီကိုဆို ဘယ်တော့မှ အလေး အနက် မထားဘူး၊ ကိုကိုစွတွေပဲ ရှေ့တန်းတင်မယ်"

"မဟုတ်ပါဘူး၊ ဒေါ်လေးခိုင်းထားတဲ့ကိစ္စ အင်းစိန်ဖက် က အရင်ဝင်နေရလို့ပါ။ ကို့စိတ်က နံနက်မိုးလင်းတာနဲ့ သု





ဆီပဲ ရောက်နေတာ၊ ကဲ. . မွေးနေ့လက်ဆောင် ဘာပေးရမလဲ၊ အမှတ်တရအနေနဲ့ လက်ထပ်ခွင့်ပဲတောင်းမယ်၊ ဘယ်လိုလဲ၊ အန်တီ့ကို ဖွင့်ပြောလိုက်ရမလား"

"ဟွန်း . . . သွားပါ"

ရွှေသုနီ မျက်နှာလေးမှာ ရှက်ခြင်းနှင့် ကျေနပ်ခြင်းတွေ ရောယှက်နီမြန်းသွားရသည်။

"အိုကေ. . . နော်၊ ပြောလိုက်တော့မယ်၊ ဟား. . . အတော်ပဲ၊ အန်တီ လာပြီ"

မေ့မေက ဝင်လာရာ သူက ပြုံးစေ့စေ့ဖြင့်. . .

"အန်တီ. . . ကျွန်တော် သု့ကို လက်ထပ်ခွင့် တောင်း နေတာ"

မေမေက သဘောတကျ ပြုံးရယ်သွားပြီး. . .

"ဟုတ်တာပဲ၊ သားတို့ လက်ထပ်သင့်ပြီ၊ အန်တီလည်း အဲဒါကို စဉ်းစားနေတာ၊ ကလေးလို ငြင်းခုန်မနေကြနဲ့နော်၊ သေသေချာချာ တိုင်ပင်ကြ၊ မင်္ဂလာဆောင်ရင် ဘယ်မှာဆောင် ချင်လဲ၊ အဲဒါကတော့ သားတို့ဘာသာ ရွေးကြ၊ နေစရာကတော့ အန်တီ့တာဝန်ထား"

"ကျွန်တော်တို့ ဒီမှာပဲ နေရမှာလား"

"ဒါပေါ့ကွယ်၊ သားက အန်တီ့သား ဖြစ်သွားပြီပဲ၊ မင်းတို့ အပေါ်ထပ်မှာ နေကြပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဝမ်းသာလိုက်တာ အန်တီရာ"

သူတို့တိုက်ခန်းက နှစ်လွှာမို့ အဆင်ပြေသွားသည်။ ဩဇာနည်က အဒေါ်နှင့်နေရသူပါ။ သူ့မှာ မိဘတွေလည်း မရှိတော့။ သူပိုင် ကားတစ်စီးကို နည်းနည်းလေးမြတ်တာနှင့် ရောင်းချပြီး သင်္ဘောတက်သွားလိုက်တာ သုံးနှစ်ကြာမှ ပြန်ရောက်သည်။ အခုတော့ ငွေလည်း လက်ထဲမှာ သိပ်မကျန်။

လောလောဆယ် သူ့သူငယ်ချင်းရဲ့ တက္ကစီတစ်စီးကို ယူမောင်းနေသည်။ ကို့အကြောင်းတွေသိနေတာမို့ ရွှေသုနီက တခမ်းတနားကြီးလည်း အကျယ်ချဲ့ကာ မင်္ဂလာမဆောင်လိုတော့ပါ။

အတူတူ နေရဖို့သာ အဓိကပါ။

နေစရာအိမ်က မေမေပေးထားမည်ဆိုတော့ အဆင်ပြေပြီပေါ့။

တော်ရုံတန်ရုံ အကျဉ်းချုံးလေးပဲ မင်္ဂလာဆွမ်းကျွေးစီစဉ်ဖို့သာ ဆုံးဖြတ်ထားသည်။

ဟိုတယ်ကြီးတွေမှာ တက်မဆောင်တော့ပါဘူး။

ကိုနဲ့သာ အတူတူနေရမယ်ဆိုရင် ရွှေသုနီဘဝကပြီးပြည့်စုံ စိတ်ချမ်းမြေ့ပါပြီ။



ကိုက ကားကို မပြောမဆို ဟိုတယ်ဝင်းထဲသို့ ခပ်တည်တည် ချိုးကွေ့ချလိုက်သည်။

အပြင်ထွက်ပြီး ညစာစားမယ် ပြောထားပေမယ့် ဟိုတယ်မှာ စားရမယ်လို့ မထင်။

"ကို. . . ဒီမှာ စားမှာ. . ."

"ဒါပေါ့"

"ဈေးကြီးမှာပေါ့"

"တစ်ခါတလေပဲကွာ၊ ကုန်ပါစေ"

"တကယ်နော်. . . ဟေး. . . ပျော်စရာကြီး"

မီးတွေလင်းပြီး ခမ်းနားလှပနေတဲ့ အဆောက်အဦကြီးကို မော့ကြည့်ရအောင်ပင် စိတ်တွေကို ပျော်ရွှင်တက်ကြွအားစေသည်။

၀



www.burmeseclassic.com

www.burmeseclassic.com



"ကိုက . . အဲဒါတွေ ချစ်ဖို့ကောင်းတာ"

"ကဲ . . . လာ"

သူမ ခါးကလေးကို လှမ်းဖက်ပြီး ခြေလှမ်းစသည်။

"ဗိုက်ဆာနေပြီကွ . . . သုနီရော"

"အင်း"

ဧည့်ကြိုလေးတစ်ယောက်က သူမတို့ကို ဦးညွှတ် အရိုအသေပြုကာ နေရာချထားပေး၏။

"ကြွပါ ခင်ဗျာ"

ကိုက ရီဆာ့ဗ်စားပွဲ ကြိုတင်ပြင်ဆင်ခိုင်းထားပုံရ၏။

ဝိတ်တာလေးတွေက ပျာယာခတ်အောင် ဝန်ဆောင်မှု ကျေပွန်သည်။

စားသောက်စရာ ပန်းကန်တွေ တစ်မျိုးပြီး တစ်မျိုး စားပွဲပေါ် လာတင်ကြကာ တစ်ခဏနှင့် စားပွဲပြည့်သွားသည်။

"ကို . . . ဒီလောက် အများကြီး ဘယ်လိုစားမှာလဲ"

"အေး . . . ဟုတ်တယ်၊ ကိုမှာတာထက် များနေပြီ"

သြဇာနည်လည်း အံ့သြနေသည်။

"ဟော့ . . . ဒါတွေ ဒီစားပွဲမဟုတ်ဘူး ထင်တယ်ကွ"

စားပွဲထိုးကိုပင် မေးမိသည်။

"ဟုတ်ပါတယ် . . မွေးနေ့အမှတ်တရ အစီအစဉ်လေ"

"ငါ့ချစ်သူမွေးနေ့ကတော့ ဟုတ်ပါတယ်"





ရွှေသုနီက သူမ အံ့သြပျော်ရွှင်အောင် ကို တမင်လုပ်ပေးတာဟု ထင်နေသည်။

ပန်းအိုးလှလှလေးတွေလည်း အထူးရှယ်လာချပေးသည်။ ပြီးတော့ တွန်းလှည်းလေးနှင့် ဘတ်ဒေးကိတ်နှင့် ဖယောင်းတိုင်တွေလည်း တွန်းယူလာပေးသည်။

ကျေးဇူးတင်လိုက်တာ ကိုရယ် . . .

ဒါဟာ ကို ဖန်တီးပေးတဲ့ လက်ဆောင်တွေပေါ့နော် . .

မယုံနိုင်သလိုပင် ဖြစ်နေမိသည်။

"ကို . . . ကိတ်မုန့်က လှလိုက်တာနော်"

"ဟာ . . အဲဒါ ကို မမှာဘူး၊ ဟော့ . . မင်းတို့ မှားနေပြီ"

ကိုက ခပ်ရှင်ရှင် လှမ်းပြော၏။

"ကိုနော် . . . မနောက်နဲ့၊ ဒီမှာ ရွှေသုနီလို့ နာမည်ရေးထားပြီးသားဥစ္စာကို"

သြဇာနည်မှာ နားမလည်နိုင်ဘဲ မျက်မှောင်ကုတ်သွားရသည်။

ဟုတ်သားပဲ . . . ရွှေသုနီ ဟက်ပီးဘတ်ဒေးတဲ့။

ဒါ နာမည်ဆင်တူနေတာလား။ မဖြစ်နိုင်ပါဘူး။

သူ ဦးနှောက်စားနေဆဲမှာ ရွှေသုနီက စားပွဲထိုးကောင်လေးစီစဉ်ပေးတဲ့ ဖိုင်ဘာဓားအဖြူရောင်လေးနှင့် ကိတ်ထိုးလှီးဖို့ အဆင်သင့်ဖြစ်နေပါပြီ . . .



www.burmeseclassic.com

www.burmeseclassic.com



"လှီးတော့မယ်နော်. . . ကိုရေ ဖယောင်းတိုင် 
မှုတ်ရအောင်လေ"

မတတ်နိုင်ပါ။ သူလည်း ဟူးခနဲ ဝိုင်းမှုတ်ပေးလိုက်

ယော်လို စင်မြင့်လေးပေါ်ကနေ ဟက်ပီးဘတ်
တီးလုံးက ထွက်ပေါ်လာသဖြင့် ပို၍ အံ့အားသင့်ရသည်

ရွှေသုနီကတော့ ထူးထူးခြားခြား ပျော်ရွှင်မြူးတူး
သည်။

မျက်နှာလေးက ချိုမြစွာ ပြုံးနေသည်။

ဒါပေမယ့် တစ်ခုခု မှားနေပြီဆိုတာ သူခံစားမိသ

ပြဿနာပဲ. . . ဒီဟိုတယ်က မွေးနေ့ပွဲ ကျင်းပမ
ဖုန်းဆက်လိုက်တာနဲ့ ဒါတွေအကုန်ပါပြီး. . . တွက်ပြီးသား
စတန့်ထွင်မိတဲ့ကောင်တော့ သေပြီပဲ။

ငါ့မှာပါတဲ့ ပိုက်ဆံနဲ့ လောက်ပါ့မလား။

ရည်းစားရှေ့မှာ အရှက်တော့ ကွဲတော့မှာပဲ. . .

ယောင်ပြီး ပိုက်ဆံအိတ်ကို လှမ်းဆွဲမိ၏။

အခြေအနေတွေကို သူ အံ့ဩလည်း အံ့ဩနေသ

"ကိတ်မုန့်က ခပ်သေးသေးပဲမှာရင်ရတဲ့ဥစ္စာကို 
ဘယ်လို စားနိုင်မှာလဲ၊ အိမ်ကို သယ်ရတော့မှာပေါ့"

"ရတယ်၊ ကိစ္စမရှိဘူး၊ ကျွန်တော် ကားထဲ ပို့ပေး
လိုက်မယ်"





ဝိတ်တာလေးက လက်တွန်းလှည်းလေးကို ပြန်ဖယ်ပေး
၏။

ပြီးတော့ သူတို့ ထမင်းစားကြသည်။

တကယ်တော့ ဟင်းတွေ၊ အကင်တွေပဲ စားကြတာပါ။
ထမင်းကို ထိတောင် မထိဖြစ်။

"စားလို့ ကောင်းလိုက်တာ၊ ဒီမွေးနေ့ကို သုနီ မေ့တော့
မှာ မဟုတ်ဘူး၊ ကိုကို အရမ်းကျေးဇူးတင်တာပဲ၊ သိလား"

နေရာတကာ စေ့စေ့စပ်စပ် တိုင်းတိုင်းထွာထွာ တွက်
ချက်စိစစ် သုံးစွဲတတ်တဲ့ ဩဘာနည်ဟာ ဒီမှာ ဒီလောက်ထိ
ဖြုန်းလိုက်တာကို သူမ မယုံအောင် ဖြစ်နေရပါသည်။

သူ့ရဲ့စေတနာတွေအတွက် ဝမ်းသာကြည်နူးရတာက
ပိုပါသေး၏။

ဒီလောက် အလျှံပယ် စားစရာမျိုးတွေ နှစ်ယောက်ထဲ
စားသောက်ရတာ အလွန်အိပ်မက်ဆန်နေပါသည်။

မကုန်မခန်း လောဘတကြီး မှာထားတာတွေအတွက်
မိန်းကလေးပီပီ နှမြောလည်း နှမြောရသေးသည်။

ဩဘာနည်ကတော့ ဘီလ်တောင်းဖို့အရေး လန့်တောင်
လန့်နေရ၏။

ဒါပေမယ့် မတောင်းလို့ကလည်း မဖြစ်။

"ခဏကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ဆရာ၊ ဘာလိုပါသလဲ ခင်ဗျာ"

"ဘယ်လောက်ကျလဲ၊ ဘီလ်ယူလာခဲ့ကွာ"

စားပွဲထိုးလေးက ပြုံးရင်း. . .

"အားလုံးရှင်းပြီးသားပါ ဆရာ"

"ဟေ"

သူ့ကိုယ်ကြီး မတ်ခနဲ ဖြစ်သွားရသည်။

"ဘယ်က ရှင်းရမှာလဲ၊ ငါ ပိုက်ဆံ မရှင်းရသေးပါဘ

ကို့ကိုတစ်လှည့် စားပွဲထိုးလေးကိုတစ်လှည့် မျက်မှေ ကုတ်နှင့်ကြည့်ရင်း ရွှေသုနီ တစ်စုံတစ်ရာကို ရိပ်မိသွားရပါ

ဒင်း. . . လုံခကျော်. . လုံခကျော်ပဲ နေမှာ. . .

"ဆရာရဲ့ . . . မနောက်ပါနဲ့၊ ဆရာ့သူငယ်ချင်း ပြီးသားပါ"

"ရှင်းပေးတယ် ဟုတ်လား၊ ဒါ ဘယ်သူ့လက်ချက် သုနီ၊ ဘယ်လိုဖြစ်တာလဲ၊ ကိုလည်း မသိပါလား"

"သု. . . သုနီ သိတယ်ကို . . . သူပဲ ဖြစ်မှာပါ"

သူမ ခပ်တိုးတိုး ထင့်မြင်ချက်ပေးလိုက်မိသ စိတ်တွေလည်း ရုတ်တရက် လှုပ်ရှားသွားရသည်။

ကို . . . ဘာပြောမလဲ၊ အထင်လွဲမှာတော့ ကြော သည်။

"မင်းနဲ့သိတဲ့လူလား၊ ဘယ်သူလဲ"





"သုနီ ပြောပြပါ့မယ်"

ဇဝေဇဝါနှင့် သူတို့ စုံတွဲထွက်လာရာ လုံခကျော်က ားနားမှာ အသင့်ရောက်နေတာ တွေ့ရသည်။

"သုနီ. . . ဟက်ပီးဘတ်ဒေးဗျာ၊ အဆင်ပြေတယ်မို့ ား"

သူသည် အလွန်မျက်နှာပြောင်လှစွာ သူမရဲ့ချစ်သူရှေ့ ခပ်တည်တည် ရောက်လာခဲ့သည်။

ရွှေသုနီ သူ့ကို မြင်တာနဲ့ ဒေါသဖြစ်သည်။

"ရှင်ဘာတွေ လျှောက်လုပ်နေတာလဲ၊ ရှင့်ကို ပိုက်ဆံ ယ်သူ ရှင်းခိုင်းလို့လဲ၊ ဒီလို အာပိုတွေ လျှောက်မလုပ်ဖို့ ရှင့်ကို ယ်နှစ်ခါ ပြောရမလဲ ဟင်"

ဒေါသသံလေးနှင့် သူမမေးရာ ကိုက သူမလက်ဖျား းကို တစ်ချက်မျှ ဆုပ်ညှစ်၍. . .

"ကိုတို့ကို ဧည့်ခံတာ သူလား၊ ကျေးဇူးတင်ပါတယ်၊ တွေ့ရတာလည်း ဝမ်းသာပါတယ်၊ ခင်ဗျားက သုနီရဲ့မိတ်ဆွေ င်တယ်"

"အို. . . မဟုတ်ပါဘူး၊ သူနဲ့ သုနီ မခေါ်တာ ကြာပြီ"

ရွှေသုနီက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။

လူကြီးလူကောင်းလေးပမာ မိတ်ဆွေဟန်ဆောင်၍ ရ ည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းတွေကို မသိလို့ပေါ့. . .

"ဒီလိုပဲဗျာ. . . ရွှေသုနီက ကလေးဆန်တယ်"

ကိုက သဘောကောင်းကောင်းနှင့် သူမဆက်ဆံရေကျဲတာကိုပင် အားတုံ့အားနာ ဖြစ်နေသေး၏။

သုနီ မျက်နှာထားလေးကတော့ ခပ်တင်းတင်း။

ခုထက်ထိ အတင်းဝင်ရော ပတ်သက်နေတဲ့ လုံခကျော်ရဲ့သဘောကိုလည်း နားမလည်နိုင်အောင် ဖြစ်ရသည်။

ဒါ သုံနီကို အထင်သေးလျော့တွက်တဲ့သဘောလား။

သူက လူချမ်းသာမို့ သူ့ကို ပြောင်းကြိုက်မယ်လို့ အလွယ်တွက်နေတာလား။

သူ့အပြုအမူက မထင်မဲ့မြင်ဆန်နေသလို သုနီရင်ထဲခံစားရသည်။

"ဒီမှာ ကိုလုံခ၊ ရှင့်မှာ ငွေတွေ ဂုဏ်တွေရှိတိုင်း လူတစ်ဖက်သားကို ဆွဲဆောင်လွှမ်းမိုးနိုင်မှာပဲလို့ မထင်ပါနဲ့"

"မဟုတ်ပါဘူး သုနီ၊ ကျွန်တော် တကယ်ပဲ ပျော်စေချင်လို့ လုပ်ပေးလိုက်တာပါ"

"ရှင့်အပြုအမူက တစ်ခြားလူတစ်ယောက်ကို ထိခိုက်နိုင်တယ်ဆိုတာ နားမလည်ဘူးလား"

"ဆောရီး. . . သုနီ၊ ကျွန်တော့်မှာ ဒီလို သဘောမျိုး မရှိပါဘူး"





"သုနီ. . . ဘာလို့ စိတ်တိုနေတာလဲ၊ သူ အဲဒီသဘောဟုတ်ဘူးလို့ ပြောနေတယ်လေ"

ကိုက ပျာပျာသလဲ ဝင်ပြော၏။

"ကို မသိပါဘူး ကိုရယ်၊ အသာနေစမ်းပါ၊ သူ့ကို ရိုးရိုးအေးသားလို့ ထင်နေလား၊ သူက သုနီနဲ့ နီးစပ်အောင် ကြိုးစားနေတာ၊ ချစ်သူချင်း အထင်လွဲအောင် ဖန်တီးနေတာ၊ သူ့ကို အလွှာမတွက်နဲ့"

ပွင့်လင်းပြောင်ကျလွန်းသော သုနီရဲ့အပြောကြောင့် လုံခကျော် မျက်နှာ ကွက်ခနဲပျက်သွား၏။

ဩဇာနည်မှာတော့ ထိုအဖြစ်အပျက်ကြောင့် ပိုလို့ပင် အားနာမျက်နှာပူသွားရသည်။

ဒီကောင်မလေး စကားပြောတဲ့ပုံကြည့်ပါဦးဗျာ. . .

ဟုတ်နေတယ်ပဲ ထားပါဦး၊ ယဉ်ယဉ်ကျေးကျေး မသိဆောင်ဆောင်ရမှာ မဟုတ်ဘူးလား။

စိတ်ဆိုး စိတ်နာအောင် လုပ်ရင် ဘာအကျိုးရှိမှာလဲ။

"စွတ်မပြောနဲ့လေ သုနီ၊ သူက ကိုတို့နှစ်ယောက် အချစ်ကို ဘာလို့ ဝင်ဖျက်မှာလဲ၊ ဘာအကြောင်းရှိလို့လဲ"

မသိဆိုးရွားနိုင်လှသော ဩဇာနည်ကို ရွှေသုနီ စိတ်ပျက်လက်ပျက် မော့ကြည့်မိသည်။ ရည်းစားဝင်လုချင်တဲ့သူဆိုတာ ကြည့်တာနှင့် မသိဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုက အင်မတန် စိတ်ရှည်သဘောကောင်းနေပါလား နော်။

ဩဇာနည်က သူမကို အေးချမ်းတည်ငြိမ်သောမျက်လုံးတွေနှင့် နှစ်သိမ့်သလိုတစ်ချက်ကြည့်ပြီးနောက် လုံခကျော်ထံ. .

"သူငယ်ချင်း ကိုယ်တို့နှစ်ယောက်က မကြာခင် လက်ထပ်ကြတော့မှာပါ။ သူ့မှာ ကိုယ်ရှိနေတယ်ဆိုတာ မသိဘဲ မင်းအနေနဲ့ စိတ်ဝင်စားမိတယ်ဆိုရင် ဒါလည်း မင်းမမှားပါဘူး။ ကိုယ့်ချစ်သူက သိပ်လှတာကိုး။ ပြီးတော့ သူက ဖော်ဖော်ရွေရွေနဲ့ ပွင့်ပွင့်လင်းလင်း စကားပြောတတ်တယ်၊ သုနီကို မြင်တာနဲ့ ယောကျ်ားလေးတွေတစ်ချို့က နည်းနည်းလေးဖြစ်ဖြစ် သဘောကျသွားမိတာမျိုး ကိုယ် မကြာခဏ ကြုံဖူးပါတယ်၊ ဒါကို ကိုယ်နားလည်ပါတယ်၊ ဒါပေမယ့် ချစ်ခြင်းမေတ္တာဆိုတာ အတင်းအကြပ် လုပ်ယူဖန်တီးလို့ မရဘူးဗျာ၊ ဟုတ်တယ်မို့လား၊ ရော့ ဒီမှာ မင်းစိုက်ထားတဲ့ ပိုက်ဆံ . . . ပြန်ယူလိုက်ပါ"

ဩဇာနည်က သူ့အိတ်ထဲက ပိုက်ဆံတစ်အုပ်ကို ထုတ်ပေးလိုက်သည်။ လုံခက နောက်ဆုတ် ခေါင်းယမ်းလက်ခါပြီး. .

"ရပါတယ် . . . ကိစ္စမရှိမှါဘူး၊ နေပါစေ"

"ဘယ်လိုမှတော့ သဘောမထားပါနဲ့ကွာ၊ ယူလိုက်ပါ။ ဒါမှ သုနီ ကျေနပ်သွားမှာ၊ ကိုယ်သိတယ်၊ မင်းစေတနာကို ကျေးဇူးတင်တယ်ကွာ"





ကိုက လုံခကျော်လက်ထဲ ပိုက်ဆံကို အတင်းထည့်ပေးလိုက်၏။ ရွှေသုနီ နည်းနည်းတော့ ကျေနပ်သွားရသည်။

ကိုယ့်မှာနနှင့် ကိုယ်ပဲလေ။ သူစီစဉ်ပေးတိုင်း လက်ခံရမလား။

"ရှင် သိပြီမို့လား၊ ကျွန်မချစ်သူက သိပ်သဘောကောင်းတာ တော်ရုံတန်ရုံဆို သူက ခွင့်လွှတ်လိုက်တာချည်းပဲ၊ အခုရှင်နဲ့ ကိုဩဇာလည်း သိသွားပြီဆိုတော့ ကျွန်မတို့ မင်္ဂလာဆောင်ရင် ရှင့်ကို ဖိတ်လိုက်ပါ့မယ်နော်၊ ကဲ. . . ခွင့်ပြုပါဦး၊ ကျွန်မတို့ ပြန်မယ်"

ရွှေသုံနီက ခပ်ကြောငှကြောလေးပြောကာ ဩဇာနည် လက်မောင်းကို ချိတ်လိုက်ပါသည်။

သူသည် ရင်ထဲအောင့်သက်သက် ထိခိုက် ကြေကွဲစွာ သူမကို ကြည့်နေမိသည်။

မင်းဟာ တစ်ခြားလူတစ်ယောက်အတွက် ဖြစ်နေလိမ့်မယ်လို့ ငါ အခုထိ မယုံနိုင်ပါလား သုနီရယ်။

ငါကတော့ မင်းအတွက် ထာဝရပါ. . .။

သူ့မှာ မာနတွေ မရှိနိုင်အောင်ပင် ထိုမိန်းမအပေါ် ဘာကြောင့်ဒီလောက်ထိ ပျော်ဝင်တွယ်ငြိနေသလဲဆိုတာ သူ့ကိုယ်သူပင် နားမလည်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

သြဇာတည်က သူ့ချစ်သူလေး အလှပြင်နေတာကို ဧည့်ခန်းကနေ စိတ်ရှည်ရှည် ထိုင်စောင့်နေပါသည်။

CHEQ တံဆိပ်ရှပ်အင်္ကျီအစိမ်းဖျော့လက်ရှည်နှင့် အညိုစိမ်းရောင် ခပ်ရင့်ရင့်စတိုင်လ်ပင်န်ကို သေသပ်ကျနစွာ ဝတ်ထားသဖြင့် လူက ရှင်းသန့်ချောမော၍ ခန့်ညားနေပါသည်။

ဆံပင်တွေကို ဂျဲနှင့်အထောင်ပုံစံဖြီးထားပြီး မျက်နှာမှာလည်း ခရင်မ်ပါးပါး လိမ်းထားသေးသည်။

သူချည်ထားတဲ့ နက်ခ်တိုင်အနက်ရောင်အစိမ်းစင်းလေးကလည်း သူ့သဏ္ဍာန်ကို ပို၍ ကြော့မတ်စေသည်။

ဒီညနေ သူငယ်ချင်းတစ်ယောက်ရဲ့ညီ မင်္ဂလာညစာစားဖိတ်ကြားထားသဖြင့် သြဇာက တစ်ယောက်တည်း မသွားဘဲ ချစ်သူလေးကို အဖော်ခေါ်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



"သုနီရေ. . . ခြောက်နာရီ ထိုးတော့မယ်နော်"

"အင်းပါ. . . ပြီးပါပြီ"

သုနီက ပြန်လှမ်းအော်၏။

နားစွဲရွှေရောင်လှုပ်လှုပ်လေးကို နားမှာ ပန်ရင်း မှန်ထဲသို့ သဘောကျစွာ ကြည့်မိသည်။

နှုတ်ခမ်းမှာ ဆိုးထားတာလည်း Up Gloss အရည်မို့ အရောင်ချင်းဟပ်နေပါသည်။ မျက်ခွံပေါ်မှာလည်း ရွှေရောင်အိုင်းရှဲဒိုးနှင့်ပါ။

ဝတ်ဖို့ ရွေးထားတာကလည်း ရွှေညိုရောင်ပခုံးပြတ်ပြတ် ဂါဝန်လှလှလေး. . .

ပခုံးပေါ်ကမှ ပုဝါပါးလွှာလွှာလေးကို ထပ်လွှမ်းထားမှာ ပုဝါကို ထွင်းဖောက်ပြီး ပခုံးသားရော ကျောပြင်လေးပါ မြင်နေရပါမည်။

လေဒီရှူးကလည်း ရွှေရောင်ပဲမို့ ဒီညတော့ ရွှေရောင်မင်းသမီးလေး ဖြစ်နေပါပြီ။

ပြင်ဆင်ပြီးစီးတော့ ရေမွှေးဆွတ်ပြီး အခန်းပြင်ထွက်လာသည်။

ကို့ရှေ့မှာ ရွရွလေး ဟန်လုပ်လျှောက်ပြတော့. . .

"အားပါး. . . သတို့သမီးနဲ့ မှားသွားပြီ၊ ကိုတို့ပဲ မင်္ဂလာဆောင်လိုက်ရင် မကောင်းဘူးလား"





ကိုက ပြောပြောဆိုဆို သူမပခုံးလေးကိုဖက်လိုက်သည်။

"ကောင်းပါဘူး. . . တစ်လလောက် လိုသေးတဲ့ဥစ္စာ"

"မသိဘူးကွာ. . . သတို့သမီးကို အခန်းထဲခေါ်သွားလိုက်တော့မယ်"

"ရှူး . . ကိုနော်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ မေမေ ကြားသွားဦးမယ်"

"အန်တီက သဘောတူပြီးသားပဲ"

"ဟွန်း. . . ဖယ်ကွာ၊ ပုဝါတောင် ရွဲ့သွားတော့မယ်"

ကိုက ပါးပြင်လေးကို ထိကပ်မွှေးရှိုက်လိုက်၏။

သူမက ပုဝါအနေအထား ညီအောင် ပြန်ပြင်သည်။

"ကဲပါ. . . နောက်ကျနေပြီဆို"

"အိုကေ. . . သွားမယ်"

"မေမေရေ. . . သုနီတို့ ထွက်ပြီနော်"

"အေး. . . အေး"

မေမေ့ကို နှုတ်ဆက်ပြီးနောက် ကားရပ်ထားရာဆီ ဆင်းလာခဲ့သည်။ ထိုအချိန်ထိ စိတ်ထဲမှာ ဘာမှမရှိ။ သူနှင့်တွေ့ရဦးမည် ရယ်လို့ လုံးဝမထင်။

ဟိုတယ်ကြီးတစ်ခုရဲ့ ခန်းမထဲမှာ ကျင်းပသော မင်္ဂလာညစာစားပွဲဟာ အတော်လေး လူများပြီး ဧည့်ပရိသတ်များများစည်စည်ကားကား ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သုနီတို့ ရောက်သွားချိန်မှာ ခန်းမထဲ လူတောင်ပြည့်လု
နေပါပြီ။

အဝင်တံခါးဝနားက စားပွဲတစ်ဝိုင်းမှာ သုံးခုံသာ လွတ်
နေတော့တာမို့ ကို့အသိက ထိုနေရာမှာ မြန်မြန်နေရာချပေ
လိုက်ပါသည်။

ကိုသည် စားပွဲမှာ နေရာယူထိုင်ပြီးမှ လှေကားဝမှ
ကြိုဆိုပေးဖို့ လူရင်းတစ်ယောက်က လာခေါ်သွားသဖြင့် ပြ
ထွက်သွားပါသည်။

"ခဏလေးနော်. . . သုနီ၊ ပြန်လာခဲ့မယ်"

"အင်း. . . အင်း"

ဒီပွဲမှာ သုနီ အသိ သိပ်မပါ။

ကို့သူငယ်ချင်းတွေလောက်ပဲ မျက်နှာသိရှိတာ
အနည်းငယ်တော့ ကြောင်အမ်းအမ်း ဖြစ်နေရပါသည်။

ထိုအချိန်မှာ တိုက်ဆိုင်လှသော တွေ့ဆုံမှုတစ်ခု
အမှတ်မထင်ဘဲ ပေါ်ပေါက်လာတာ။

"တစ်ယောက်တည်းလား. . . လာပါ. . . ဒီမှာ နေ
ရှိပါတယ်"

သူမ နံဘေး လွတ်နေတဲ့ ထိုင်ခုံမှာ နေရာချထား
တာ ခံရသူမှာ လုံခကျော် ဖြစ်နေသည်။

သုနီက မော့ကြည့်ပြီး မျက်လုံးလေး ဝိုင်းသွားရ၏။





သူက မမြင်သေးပါ။ ထိုင်ချပြီးလို့ လှည့်ကြည့်မှ မြင်သွား
သည်။

"ဟာ. . . သုနီ တစ်ယောက်တည်းလား"

"အံမယ်. . . ဘာလို့ တစ်ယောက်တည်း ဖြစ်ရမှာလဲ"

"ကျွန်တော် ဒီတိုင်း မေးမိတာပါဗျာ"

"ကို ပါတယ်၊ ဟိုထိပ်စားပွဲမှာ ထွက်ကြိုပေးနေတာ
မမြင်ဘူးလား"

သူက သုနီ ညွှန်ပြတဲ့နေရာကို တစ်ချက်လှမ်းကြည့်
သည်။

"သြော်. . . ဟုတ်လား"

သူ့ပုံစံက သုနီနံဘေး လာထိုင်ခွင့်ရတာကို လှိုက်လှဲ
ဝမ်းသာသွားရပုံ။

"လာတွေ့မယ်လို့ မထင်မိဘူးဗျာ၊ တကယ်ပါ၊ သုနီတို့
က သတို့သမီးဘက်က အသိတွေလား"

"မဟုတ်ပါဘူး၊ သတို့သားအစ်ကိုက ကိုနဲ့သူငယ်ချင်း"

"သြော်. . . သြော်. . . ကျွန်တော်က သတို့သမီး
အစ်ကိုနဲ့ လုပ်ဖော်ကိုင်ဖက်တွေဆိုပါတော့၊ သူတို့ကုမ္ပဏီက
အထည်တွေ ကျွန်တော်တို့စူပါမားကတ်မှာ တင်တယ်လေ"

သူသည် သုနီနှင့် စကားမရှိ စကားရှာ ပြောနေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



"နှနက်ပိုင်းက ပွဲရော လာလား"

"ဟင့်အင်း"

"ကျွန်တော်လည်း မနက်ပိုင်းက မရောက်ဖြစ်ဘူး၊ ညေ တော့ အမီရောက်အောင်လာတာ၊ ဒါတောင် နောက်ကျနေ သေးတယ်"

လုံခကျော်က စကားပြောရင်း မီးရောင်အောက်မှ ပြုံးပြုံးပြက်ပြက်ကလေးဖြင့် လှချင်တိုင်းလှနေသော သူမ မျက်စိမလွှဲချင်အောင် ဖြစ်နေမိသည်။

ဒီမျက်နှာလေးကို ချစ်စနိုး စိုက်ကြည့်နေမိရင်း သူ့ရ မှာ အတိုင်းမသိသော ကြည်နူးပီတိတို့ ခံစားရသည်။

ပခုံးလေးတွေ၊ ရင်ညွန့်ဝင်းဝင်းလေးတွေ ဖောက်ထွ မြင်နေရတော့ ပိုပြီး စိတ်လှုပ်ရှားချင်စရာ ကောင်းနေသည်

ဝန်ခံရမည်ဆိုလျှင် ရည်းစားရှိနေမှန်း သိသော်လည် သူ့စိတ်တွေ ထိန်းမရအောင် ချစ်နေမိတုန်းပါပဲ။

ရွှေရောင်လေးနှင့် အင်မတန်လိုက်ဖက်ပနီရနေတာ ကြည့်လို့ မဝ။

ရိုင်းတယ် ထင်ရင်လည်း မတတ်နိုင်။ သူ မျက်တော မခတ်စတမ်း ငေးစိုက်ကြည့်နေမိ၏။

ရွှေသုနီမှာ သူ့မျက်လုံးများရဲ့ လွှမ်းမိုးမှုအောက် မျက်နှာမထားတတ်အောင်ပင် ဖြစ်နေမိသည်။





ရီဝေဝေ နက်ရှုန်းစိုလက်သော သူ့အကြည့်တွေက ဘာမှ မပြောင်းလဲပါ။

အရင်လိုပဲ နူညံ့ပျော့ပျောင်းပြီး ချစ်မြတ်နိုးရိပ်တို့ ထင်ဟပ်နေဆဲပါ။

သူ့ရဲ့သဘောထားပြတ်သားခိုင်မာလှပုံကို သုနီ လန့်ပင် လန့်မိသည်။

သူ့စိတ်ထဲမှာ လက်လျှော့နောက်ဆုတ်ဖို့ တွေးမှ တွေး ထားရဲ့လား. . .

ချစ်သူရှိပြီးသား မိန်းကလေးတစ်ဦးရယ်လို့ အသိအမှတ် ပြုရဲ့လား. . .

စူးရှသော အကြည့်ငေးရဲ့ဒဏ်မှာ သုနီ ကိုယ်လေးတွေ အလိုလို ကျုံ့နေရသည်။

အရေးထဲ ကိုကလည်း တစ်ခဏနှင့် ပြန်ရောက်မလာ။

ဒီမှာ လုံခကျော်က စိမ်ပြေနပြေ စူးစိုက်ကြည့်နေတာ များ စိတ်ညစ်ပါရဲ့. . .။

ရွှေသုနီက တတ်နိုင်သရွေ့ သူ့ဘက်အကြည့် မရောက် မိစေအောင် သတိထားသည်။

ဒါပေမယ့် တစ်ချိန်လုံး သူကြည့်နေတာ သိနေသည်။

"သုနီ . . . ဘာလို့ မျက်နှာလွှဲနေတာလဲ၊ ကျွန်တော် ရှိနေတာ စိတ်အနှောင့်အယှက်ဖြစ်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး. . . ကို့ကို ကြည့်နေတာ"

"ကိုဩဇာကိုက နောင်တစ်သက်လုံး ကြည့်သွားရမှာ ဗျာ မဟုတ်ဘူးလား၊ အခု ဒီခဏလေးမှာ ကျွန်တော့်ကို တ တည့် မကြည့်ရဲဘူးလား"

"ဘာတွေ လာပြောနေတာလဲ၊ ရှင် ခုထိ ရိသဲ့သဲ့လု တုန်းပဲလား"

"မဟုတ်ပါဘူး၊ သုနီ အနေခက်နေလို့ မေးကြည့်တ ပါ"

"ဘာမှ အနေခက်စရာ မရှိဘူး"

"ကျွန်တော်တော့ ရင်ခုန်နေတယ်"

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ"

"ရင်ခုန်တဲ့အကြောင်း ပြောပြတာပါ"

"ရှင် ဘာမှထပ်မပြောတာ အကောင်းဆုံးပဲ"

"ဘာလို့လဲဗျာ. . . အသံတောင် မကြားချင်ဘူးလာ မိတ်ဆွေတစ်ယောက်လို သဘောထားပေးရင် မရဘူးလာ"

"ရှင်ကမှ မိတ်ဆွေလို မနေတာ၊ လူမှုစည်းကမ်းတွေ ရှင်မှ ဂရုမစိုက်တာ"

"ချစ်မိတာ အပြစ်ပေါ့ ဟုတ်လား"

သူ မခံချိ မခံသာ မေးသည်။

"မချစ်သင့်ရင် မချစ်နဲ့ပေါ့"





"မချစ်သင့်တာနဲ့ ရင်ထဲက ချစ်နေတာက တစ်ခြားစီပဲ၊ ကျွန်တော် ခင်ဗျားကို ဘာမှ နှောင့်ယှက်ဖို့ မရည်ရွယ်ပါဘူးဗျာ၊ စိတ်ချပါ။ ခင်ဗျားတို့ ချစ်ခြင်းကိုလည်း မကောင်းကြံပြီး လိုက်ခွဲနေမယ့်သူ မဟုတ်ပါဘူး၊ ဒါတော့ ယုံပါ။ ကျွန်တော်လည်း ခင်ဗျား ပျော်နေတာပဲ မြင်ချင်ပါတယ် သုနီရယ်၊ သုနီ ပြုံးနေမှ စိတ်ချမ်းသာမယ့် ကောင်ပါ"

"ဒါဆို ပြီးရောပေါ့"

"မိတ်ဆွေတစ်ယောက်လိုတော့ စကားပြောခွင့်ပေးမယ် မဟုတ်လား"

"ရှင့်ဖက်က နိုးရင် ကျွန်မက ဘာပြောစရာ ရှိမှာလဲ"

"မရိုးရင်တော့ မုန်းမယ့်သဘောလား"

"ကပ်သီးကပ်သပ် မမေးပါနဲ့၊ ကဲ. . . ထမင်းရော စားမှာလား၊ ဟိုမှာ ကိုလည်း လာပြီ"

သဘောထားကြီးသော ဩဇာသည် ချစ်သူနှင့်စကားလက်ဆုံကျနေသော လုံခကျော်ကို မြင်သောအခါ တလှိုက်တလှဲဝင် ပြုံးရယ် နှုတ်ဆက်ပါသည်။

"ဘယ်တုန်းက ရောက်တာလဲ၊ မင်းလည်း ကိုယ်တို့လိုပဲ နောက်ကျတဲ့အဖွဲ့ထဲ ပါသွားတာပေါ့၊ ဟား. . . ဟား တစ်ဝိုင်းတည်း လာဆုံတယ်နော်"

ပွဲတစ်ပွဲမှာ အတူလာကြုံဆုံဖို့ဆိုတာလည်း ဖြစ်ကောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါ။ ဒီလူနှင့် ရေစက်တော့ပါတာ အမှန်ပါပဲ။ ဩဇာ
ရင်းရင်းနှီးနှီးပင် စားပွဲဝိုင်းမှာ ဟင်းပန်းကန်တွေတော်င် သူ့ဘ
တိုးပေးလိုက်၏။

"လွတ်လွတ်လပ်လပ် စားဗျာ၊ ရပါတယ်"

သူက မင်္ဂလာမောင်နှံကိုယ်စား ဧည့်ဝတ်ကျေနေ
၏။

ရွှေသုနီက ငွန်းခက်ရင်းလေးကိုင်ကာ လူတိုင်းအ
အကောင်းသာ မြင်လျက် အမြဲသဘောကောင်းသော ကိုဩ
ကို ကြည့်ရင်း ပင့်သက်ကလေး ရှိုက်မိတော့သည်။

သူသည် ပြဿနာမှန်းသိလည်း ပြဿနာဘက်သို့ အ
တော့မှ မသွား။ ပြေလည်ငြိမ်းချမ်းရေးဘက်ကိုပဲ ရှေ့ရှုသွား
သူ။

သွားနိုင်ဖို့လည်း အမြဲ အနစ်နာခံ ကြိုးစားသည်။

ကြည့်လေ. . . ကိုယ့်ရည်းစားကို ပိုးမှန်းသိတာတော
မဓာတ်မလှုပ် သဝန်မတိုဘဲ စိတ်ကောင်းထား ဖော်ရွှေနေ
တာ။

သူ့စိတ်မှာ တကယ်ပဲ သဝန်မတိုဘူးလား၊ သုနီတော
အကဲခတ်ရ ခက်လာသည်။

သူ ဟန်ဆောင်ကောင်းတာလည်း ဖြစ်တော့ ဖြစ်နိုင်
သည်။





ကိုက အင်မတန် ထူးဆန်းတဲ့သူပါလားနော်။

သုနီကို သူမချစ်ဘဲ ပေါ့ပေါ့ဆဆသဘောထားလို့လည်း မဟုတ်။

ဒါပေမယ့် သူကိုက ငြိမ်းချမ်းရေးသမားကြီး ဖြစ်နေတာ။

ငယ်ပေါင်းရောင်းရင်းကြီးပမာ ခပ်ပြုံးပြုံးနှင့် စကားတွေ ပြောလို့. . .။

မျက်နှာပင် တစ်ချက်လေးမှ မပျက်ပေ။

မျက်နှာထိ မျက်နှာထားနှင့် စူပုတ်ပုတ်သိပ်အရေးမလုပ် သတဲ့ သုနီကတောင် စိတ်ပုပ်သလို ဖြစ်နေရပါသည်။

ဒီလို သွေးအေးတည်ငြိမ်လှတဲ့ ရည်းစားမျိုးကို ပိုင်ဆိုင်ထားတာပဲ ကံကောင်းသည်ဟု ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်းနှင့် ဩဇာနည်းနှင့် ရွှေသုနိုတို့ မင်္ဂလာ လက်ထပ်ရက်က တစ်စတစ်စ နီးကပ်လို့ လာပါသည်။

ကိုလုံခသည် တစ်ခါတရံ အိမ်ကိုဖြစ်စေ၊ ကျောင်းကို ဖြစ်စေ ဖုန်းဆက်၍ အလ္လာပသလ္လာပ မေးမြန်းပြောဆိုတတ်၏။

ဘာရယ်မဟုတ်. . . စားပြီးပြီလား၊ နေကောင်းလား၊ ဘာတွေလုပ်နေလဲ၊ လက်ထပ်တော့မှာလား စသဖြင့် သာမန် မေးခွန်းတွေလောက်ပါပဲ။

ဒီ့ထက်ပိုပြောလာရင်လည်း သုနိုက သူ့ကို လက်သင့်ခံ စကားပြောမှာ မဟုတ်ဘူးဆိုတာ သူသဘောပေါက်ပုံရလေသည်။

သူ ပြောချင်တာကိုတော့ ပြောခွင့်မပေးနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အချစ်အကြောင်း ဖွင့်ပြောလို့ မရမှန်းသိတော့ စကားလည်း ပြောချင်တော့ သူက ရိုးရိုးမိတ်ဆွေတစ်ယောက်လိုပဲ ထွေရာလေးပါး လျှောက်ပြောနေတာ။

"သုနီ ဟင်းချက်တတ်လား၊ ဒီနေ့ ဘာနဲ့စားတာလဲ"။

"မေမေ ချက်တာလေ၊ ချက်တာစားလိုက်တာပေါ့၊ ဒီလိုပါပဲ"

"ကျွန်တော် အခု ညထမင်းစားတာ၊ အရမ်းကောင်းတယ်ဗျာ၊ ဆိတ်ကလီစာ အစပ်ချက်တာ၊ အိမ်မှာတစ်ယောက်ထဲ ဘီယာသောက်ပြီး စားနေတာ၊ သုနီကို သတိရတာနဲ့ ဖုန်းဆက်တာပါ။ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

အနှောင့်အယှက် ဖြစ်ပါတယ်လို့ပြောလို့ကောင်းမလား။

"ခုလောလောဆယ်တော့ ပြောလို့ ရပါတယ်"

"ဘာလို့လဲ"

"ကျွန်မ ကိုရီးယားဇာတ်လမ်း ကြည့်နေတာ"

"ကြော်ငြာလာနေတာမို့လား"

"အင်း"

"ရုပ်ရှင်ပြန်လာရင် စကားပြောလို့ မရတော့ဘူးပေါ့"

"အင်းလေ. . . ဒါတော့ ရှင် အလိုက်သိတတ်ရမှာပေါ့"

"ကျွန်တော်ကတော့ အရေးမကြီးလို့ ထားပါတော့ ကိုသြဇာ အဲဒီအချိန်ဆက်ရင်ရော. . ."





"သူဆိုရင်တော့ ပြောမှာပေါ့"

"ခင်ဗျား မျက်နှာလိုက်လှချည်လား"

"အမှန်အတိုင်း ပြောတာပဲ"

"တစ်ခါတလေ အမှန်တရားက နားခါးစေတယ်"

"အံမယ်. . . နားခါးရင် ဘာလို့ မေးနေသေးလဲ"

သူက လေးလံသော သက်ပြင်းတစ်ချက်နှင့်. . .

"မေးမိတဲ့ ကျွန်တော့်အပြစ်ပါပဲဗျာ၊ ဟုတ်ပါတယ်"

"ဒါဆိုရင် ဒါပဲလား"

"ကြော်ငြာမှ မပြီးသေးတာ"

"ဘာမေးဦးမှာလဲ"

"ဒီတိုင်းပဲ စကားပြောချင်လို့ပါ။ ပြောလို့ မရဘူးလား"

"ကျွန်မ ပြောနေသားပဲ"

"ဟိုနေ့က ကျောင်းကို ရောက်သေးတယ်၊ မမသက်နဲ့ပဲတွေ့တယ်၊ သုနီ ခွင့်ယူထားတယ်ဆို"

"အင်း. . . ဝယ်စရာလေးတွေ ဝယ်နေကြတာပါ"

"ဘယ်မှာ နေကြမှာလဲ"

"ဒီအပေါ်ထပ်မှာပဲ၊ အခန်းကို နည်းနည်းတော့ ပြန်ပြင်ဦးမှာပေါ့"

"ကိုသြဇာက သင်္ဘောပြန်တက်မှာလား"

"နည်းနည်းတော့ ကြာဦးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ခင်ဗျားနဲ့ခွဲပြီး သွားချင်မှာတော့ မဟုတ်ဘူး ပေါ့နော်၊ စိတ်မချလည်း ဖြစ်မှာပဲ၊ လှတဲ့သူကို ပိုင်ဆိုင်ထားတာ ဆိုတော့. . ."

"သိပ်လည်း မမြှောက်ပါနဲ့ ဆရာကြီးရယ်"

"ကိုသြဇာကို အရမ်းအားကျတယ်ဗျာ"

"ရှင့်မှာလည်း ရှိမှာပါ"

"မရှိသေးပါဘူး"

"မယုံပါဘူးနော်. . လျှို့ထားတာမို့လား"

"မိန်းကလေးတွေကတော့ အများကြီးပေါ့၊ ဒါပေမယ့် ကျွန်တော်က ချစ်မှ ယူချင်တယ်၊ စိတ်ထဲက အရမ်းချစ်တယ် ဆိုတာ ဘယ်လိုခံစားချက်လည်း ဆိုတာလည်း အခု ကျွန်တော်က သိနေပြီလေ"

သူ့စကား အဓိပ္ပာယ်က တစ်မျိုးကြီး သ(  )ရောက်လာ ပြန်ပါသည်။

"ကဲ. . . ဇာတ်လမ်းလည်း ပြန်လာပြီ၊ ဒါပဲနော်"

"အိုကေ. . . ဝွတ်နိုက်၊ မနက်ဖြန်မှ ထပ်ပြောကြတာ ပေါ့"

ရွှေသုနီက ဖုန်းအမြန်ချပြီး တီဗွီရှေ့က ဆိုဖာပေါ် သွား ပြန်ထိုင်လိုက်၏။



သူနှင့် သုနီတို့ဟာ အမှန်တကယ် တိုက်ဆိုင်မှုရှိနေတာ ကတော့ သေချာပါသည်။ ဘာကြောင့်လဲဆိုရင် မထင်မှတ်ဘဲ အမှတ်တမဲ့ မကြာခဏ လာဆုံတတ်တာပဲ ကြည့်။

ဘုရားပေါ်က အဆင်းမှာ သိုးမွေးခြုံပုဝါလေးကို ကား ထဲ ထားပြီး ငှက်လွှတ်ဖို့ ဒီဘက်ဥယျာဉ်ထဲ လျှောက်လာမိသည်။

"ကိုရေ. . . ဆက်ရက်က ရပ့်မလားတောင် မသိဘူး"

ဗေဒင်ယတြာက ငှက်လွှတ်လို့ပြောတဲ့အပြင် ငှက် အမည်နှင့် အကောင်အရေအတွက်ပါ ရေးပေးလိုက်သေးတာ ကြောင့် သုနီက ဆက်ရက်သည် မတွေ့မှာ စိတ်ပူနေပါသည်။

များသောအားဖြင့် စာကလေးတွေပဲ ငှက်လှောင်အိမ် နှင့် တွေ့ရတတ်သည် မဟုတ်လား။

အခုလည်း လှောင်အိမ်နှင့် ကောင်လေးတစ်ယောက် မြေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငှက်လွှတ်မလား. . . အစ်မ"

"ဘာငှက်လဲ. . . ဆက်ရက်ရှိလား"

"စာကလေး လွှတ်ပါလား၊ လျှော့ပေးလိုက်မယ်"

"ဆက်ရက် မရှိဘူးလား"

"မရှိတော့ဘူး"

"ဟိုခြင်းထဲက ဟာရော"

"အဲဒါက အကုန်ယူထားပြီးသား"

"အစ်မကို ကိုးကောင်ရောင်းပေးပါလား၊ ယတြာချေရမှာ မို့လို့"

"မရဘူး အစ်မ၊ ဟိုအစ်ကိုကြီးက အစောကြီးကတည်းက ဝယ်ထားပြီးသား၊ လွှတ်ဖို့အချိန် စောင့်နေတာ၊ ဟိုမှာရပ်နေတဲ့ အစ်ကိုကြီး"

ဘော်ဒီဖစ် အော်တာရှပ်အပွင့်ဒီဇိုင်းနှင့် စတိုင်လ်ပင်န်ကာကီရောင်ကို ဝတ်ကာ သစ်ပင်အောက်မှာ မှီရပ်နေသူကို လှမ်းမြင်တာနဲ့ သူမရင်ထဲ ဒုတ်ခနဲတစ်ချက်တော့ ဖြစ်သွားသည်။

ကိုကလည်း လှမ်းကြည့်ပြီး. . .

"သုနီ . . . လုံခကျော် မဟုတ်လား"

"အင်း. . . တူတာပဲ"

သူမက အရေးမကြီးသော လေသံမျိုးဖြင့် ပြန်ဖြေ၏။

"ဟုတ်ပါတယ်ကွဲ. . ဟော သူလည်း ကိုတို့ကို မြင်သွားပြီ"





ဆင်စွယ်ရောင် ချိတ်ဆင်လုံချည်လေးနှင့် အပေါ်က ချိတ်အဆင်မှာပါသော ငှက်ပျောညွှန့်ရောင် အသွေးတူအရောင် အင်္ကျီလက်ရှည်ရင်စေ့လေးနှင့် ပုလဲပုတီးအကပ်လေးလည်မှာ ဆွဲထားသော ရွှေသုနီသဏ္ဍာန်က အဝေးကပင် သူ့ရင်ထဲကို လှိုင်းထသွားစေသည်။

သူမ နံဘေးမှာလည်း ကိုဩဇာပါသည်။ သူဟာ ကိုဩဇာကို မော်အတတ်နှင့် ကိုယ်ရောင်ဖျောက်ပေးချင်လို့မှ မရနိုင်ဘဲ။ သူတို့ စုံတွဲရှိရာ ခပ်ပြုံးပြုံး လျှောက်လာမိသည်။

"ဘုရားပေါ်က ဆင်းလာတာလား၊ ရင်ပြင်ပေါ်မှာ မတွေ့မိပါလား"

"ကိုလုံခရော တစ်ယောက်တည်းလား"

"ကျွန်တော်က တစ်ကိုယ်တော်လေ၊ ဟဲ. . . ဟဲ"

"သုနီက ငှက်လွှတ်မယ်ဆိုတာနဲ့ဗျာ"

"ဒီမှာ အစ်ကိုယူထားတဲ့ ငှက်ကို လာဝယ်နေလို့ဗျ"

ငှက်ရောင်းတဲ့ ကောင်လေးက ဝင်ပြောလိုက်သည်။

"သူတို့ ဝယ်တာလား"

"ဟုတ်တယ် ကိုလုံခ၊ ယတြာချေဖို့ ဆက်ရက်ပဲ လိုချင်တာနဲ့ မေးကြည့်တာပါ၊ ကိုလုံခ လွှတ်ဖို့ ဝယ်ထားပြီးသားဆိုရင် နေပါစေ"

ရွှေသုနီက အားတုံ့အားနာ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်လေ၊ ဒီခြင်းထဲက လိုသလောက်ယူပါ။ ကျွန်တော်လည်း လွှတ်ဖို့ပဲ၊ သုနီလည်း လွှတ်မှာပဲ၊ အတူတူပေါ့"

"ဒါဆိုရင် ကိုးကောင်ရောင်းနော်"

"မရောင်းပါဘူး. . . ယူလွှတ်ပါ"

"မရဘူးလေ၊ ပိုက်ဆံပေးရမှာပေါ့၊ ယကြာမို့လို့ အလကား ယူရင် မဖြစ်ဘူး"

"ကောင်းပါပြီ. . . ခင်ဗျား သဘောပါ"

တစ်ကောင် နှစ်ရာနှုန်းဖြင့် တစ်ထောင့်ရှစ်ရာရေတွက် ပေးတာကို လုံခကျော်က အမှတ်တရအဖြစ် ယူထားလိုက်ပါသည်။

ငှက်ခြင်းကို ဖွင့်ကာ တစ်ကောင်ချင်းလွှတ်ရင်း နှုတ်ခမ်းလေး တလှုပ်လှုပ်ဖြင့် အသံမထွက်အောင် ဆုတောင်းနေသော သုနီ ပုံစံလေးကို သူ ချစ်စနိုး ကြည့်နေမိသည်။

ဘာတွေ ဆုတောင်းနေသလဲတော့ မသိ။

ယကြာအတိုင်း ယုံယုံကြည်ကြည် လုပ်ပုံရ၏။ လုံခကျန်တဲ့ ငှက်တွေအားလုံးကို ခြင်းကဂျက်ကို ဖွင့်ပြီး အဖုံးလှန်၍ အားလုံး ပျံထွက်ပြေးစေလိုက်သည်။

ငှက်တွေက လွှတ်မြောက်သွားတာကို မယုံသလို ငြိမ်နေပြီးမှ ရုတ်ခနဲ ထပြန်ပြေးကြသည်။ အဝေးကြီးကို တောင်ပံခတ်ပြီး ပျံပြေးသွားကြတာ ကြည့်လို့ စိတ်ချမ်းသာလှသည်။





"ကိုလုံခရော ယကြာပဲလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က အပျော်လွှတ်တာပါ"

သူမ မျက်နှာလေးကို ငေးကာ စိတ်ထဲကတော့ ထပ်ပြောမိသည်။

သုနီဆီမှာ ကျရှုံးနေတဲ့ ကျွန်တော့်ရဲ့အချစ်တွေလည်း လွှတ်မြောက်နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။

"ဟုတ်တယ်နော်. . . ပျော်စရာလေး"

"ကျေးဇူးပဲကွာ၊ မင်းကြောင့် အဆင်ပြေသွားတာ၊ ဒီလိုမှ မဟုတ်ရင် သုနီ ကိုယ့်ကို ဦးနှောက်စားနေမှာကွ"

"ရပါတယ်ဗျာ"

"ဒါဆို ကိုယ်တို့ ပြန်ဦးမယ်"

ဒီတစ်ခါကျော့ 'ကို'က မြန်မြန်နှုတ်ဆက် ထွက်ခွာဖော်ရလေသည်။

သူက ထိုနေရာကနေပဲ ခြေစုံရပ်တန့် ငေးကြည့်လျက် ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက်မှာတော့ ကိုနှင့် သုနီတို့ အနှောင့်အယှက်
ာင်းကင်းပဲ လက်ထပ်ပွဲ ဆင်နွှဲနိုင်ခဲ့သည်။

ကိုလုံခထံ သတိတရ ဖိတ်စာပို့ပေးခဲ့ပေမယ့် သူ ခရီး
ွှန်နေသဖြင့် မင်္ဂလာပွဲကို မတက်ရောက်၊ မချီးမြှင့်နိုင်ခဲ့ပါ။

မင်္ဂလာပွဲပြီးမှ လက်ဖွဲ့ပို့ပေးသည်။

သုနီက ကို့ကို အားနာသဖြင့် ချက်ချင်း ယူဖွင့်မကြည့်။

နောက်မှ ကိုက ပတ်ကင်စက္ကူပတ်ကို ဖြည်ကာ ဗူးထဲက
ာစ်စုံတစ်ရာကို ထုတ်ပြသည်။

ရွှေနှင့် ပလက်တီနမ်အရော ဆွဲကြိုးရှည်လေး တစ်ကုံး
သူမကို အရင်တစ်ခါပေးဖူးတဲ့ ဟင်န်းချိန်းပုံစံမျိုး။

"မျက်နှာလိုက်တယ်ကွာ . . . ဒီလူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာလို့လဲ"

"မင်္ဂလာဆောင်တာ လူနှစ်ယောက်လေကွာ၊ သူ
သုနီအတွက်ပဲ ဆွဲကြိုးလက်ဖွဲ့တယ်၊ ကို့အတွက် ဘာမှ မပါ

ကိုက ဘာမှ မဖြစ်သလို နောက်နောက်ပြောင်ပြော
ရယ်ရယ်မောမော ပြောခဲ့သေး၏။

အူတိုစကား၊ မလိုတမာစကား ဘာတစ်ခွန်းမှ မ

ဆွဲကြိုးမှာ နန်းဆွဲထားတဲ့ အသည်းပုံလေးတွေပါသ
တစ်ချက်တော့ စူးစိုက်ကြည့်ခဲ့သည်။

သုနီကတော့ မိန်းကလေးပီပီ ဖန်စီပုံဆန်းဆွဲကြိုး
ကို နှစ်သက်မိတာ ဝန်ခံပါသည်။

သူ့ကို ကျေးဇူးတင်ကြောင်း တစ်ခွန်းတော့ ပြော
သည်။ ဒါပေမယ့် သူလည်း ဖုန်းမဆက်တော့တာမို့ ထို
ကိုပင် မပြောဖြစ်တော့ပါ။

အိမ်ထောင်ဦးခရီးအစ ရက်ကလေးတွေမှာ နှစ်ယော
သား အရာရာကို မေ့ထားကာ အပျော်ကြီး ပျော်ရွှင် ကြည်
နေမိလေသည်။

ချစ်ကြသူနှစ်ဦးတို့ ဆုံဆည်းပေါင်းဖက်ရပြီ မဟု
လား။



ထိုနေ့က မိုးတွေ သည်းကြီးမည်းကြီး တဝုန်းဝုန်း ရွာနေ
သဖြင့် လမ်းတွေပင် ရေလျှံသွားသည်။

အမြန်ရောက်ချင်ကာမှ အနှေးရသလို ဩဇာရဲ့ကားက
ရှတ်တရက် စက်ရပ်သွားသည်။

သူ စက်ဖုံးဖွင့်ကြည့်ဖို့ မိုးရေထဲ ထွက်လိုက်၏။

မိုးစက်မိုးပေါက်တွေက သူ့ကိုယ်ပေါ်သို့ အလုအယက်
ကျလာသလား ထင်ရသည်။

မိုးစိုတာက အရေးမကြီး. . . ကားစက်နိုးဖို့ပဲ လိုတာ။

မိုးရေထဲမှာ ကြည့်ဖို့က မလွယ်။ ပစ်ချက်လည်း ရှာ
မတွေ့၊ စက်ဖုံး ပြန်ပိတ်ကာ တက္ကစီတစ်စီးလောက် ငှားဖို့ လမ်း
ဘက် မျှော်ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျနေပါပြီဆိုမှကွာ. . .

လမ်းမှာ ကားလည်း ရှင်းပြီး တိတ်ဆိတ်နေပြီ. . .

ကားတစ်စီး မီးထိုးပြီး မောင်းလာတော့ သူ စွတ်တား လိုက်၏။ တက္ကစီက လူပါလာသလို တရကြမ်းမောင်းသွားပြီး နောက်က ကပ်ပါလာတဲ့ ကားက သူ့အနီးမှာ ရပ်ရင်း. . .

"ကိုညြဇာ"

"ဟာ. . . လုံခပါလား၊ ကိုယ့်ကားပျက်နေလို့ကွ"

"လာလေ. . . တက်ပါ၊ ကျွန်တော် လိုက်ပို့မှာပေါ့"

မိုးသည်းနေသဖြင့် သူ အမြန် ကားတံခါးဖွင့်၍ တ ထိုင်လိုက်သည်။ ဆံပင်ပေါ်က မိုးစက်တွေကို တစ်ချက်ပွ ရင်း. . .

"ဆောရီးကွာ. . . မိုးတောင် စိုသွားတယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် ဘယ်ကို ပို့ပေးရမလဲ"

"ဆေးရုံ"

"ဗျာ"

လုံခကျော် လှုပ်လှုပ်ရှားရှား အံ့ညြသွားပြီး. . .

"သူ ဘာဖြစ်လို့လဲ"

"ကလေးရမယ် ထင်ပြီးမှကွာ၊ ပျက်ကျသွားတယ်"

ညြဇာက ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်။

"နှစ်လကျော်နဲ့လေ"





"ဟုတ်လား၊ စိတ်မကောင်းပါဘူး"

"အေးကွာ၊ ငါက အဖေဖြစ်ရပြီလို့ မျှော်လင့်ထားတာ သုနီက အမေ၊ ငါက အဖေ၊ မိသားစုဘဝလေးရရင် သိပ်ပျော် စရာ ကောင်းမှာ. . ."

"စိတ်မပျက်ပါနဲ့ဗျာ၊ ထပ်ရလာဦးမှာပေါ့"

လုံးခကျော်က ကားကို ဖြေးဖြေးမှန်မှန် မောင်းလာရင်း အားပေးစကားဆိုသည်။

"အေးနော်. . . ရနိုင်ပါသေးတယ်၊ ကိုယ့်ကိစ္စပဲ ပြော နေမိတယ်၊ မင်းရော ဘယ်လိုလဲ၊ အိမ်ထောင်ကျနေပြီလား"

"မကျသေးပါဘူး. . . ဒီလိုပါပဲ"

"ကိုယ်နဲ့ သုနီတောင် တစ်ခါတလေ မင်းအကြောင်း ပြောဖြစ်သေးတယ်"

သူတို့ လက်ထပ်ပြီး နောက်ပိုင်းမှာ လုံခကျော်က သုနီ ထံ ဖုန်းမဆက်တော့ပါ။

သံယောဇဉ်ကို ဖြတ်ထားလိုက်သည်။ မေ့မေ့ပျောက် ပျောက်ပဲ နေလိုက်တာပါ။

သူမလည်း ကိုယ်ပိုင်ဘဝတစ်ခုနှင့် အိမ်ထောင်တစ်ခု နှင့် မဟုတ်လား. . .။

သူ မေ့ထားရမည်ဆိုပြီး မေ့ထားတာပါ. . .

ရင်ထဲက အနက်ရှိုင်းဆုံး တစ်နေရာမှာတော့ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားခဲ့တာ အမှန်ပဲ။ အပြင်ဘက်မှာတော့ တစ်လမ်း တစ်ခြားစီ ကိုယ့်ဘာသာကိုယ် ရှင်သန်နေတာပေါ့လေ။

"မင်းလည်း မိသားစုဘဝတည်ဆောက်တော့လေ၊ လူပျိုကြီး ဆက်လုပ်နေမှာလား"

"ဟား. . . ဟား. . . ကျွန်တော်မှ မစွံတာဗျာ"

သူက ခပ်သောသော ရယ်မောနေမိသည်။ ရင်ထဲမှာတော့ နင့်ကျပ်နေမိ၏။

သူတို့ စကားပြောရင်းက တစ်ခဏအကြာမှာတော့ ဆေးခန်းကြီးတစ်ခုရှေ့သို့ ရောက်လာပါသည်။

"ရောက်ပြီ. . . ကျေးဇူးပဲ၊ မင်းလိုက်ကြည့်ဦးမလား။ အချိန်ရရင် တစ်ချက်ဝင်ကြည့်ပါလား"

"ညှိသည်ပါရင် ရှုပ်နေပါ့မယ်ဗျာ၊ ဒီလိုအချိန်မှာ သူ့အနားမှာ ကိုဩဇာပဲ လိုအပ်တာပါ၊ မြန်မြန်သွားလိုက်ပါ၊ သူ မျှော်နေမှာပေါ့"

"အိုကေ. . . ဒါဆို ကိုယ်သွားမယ်၊ ကျေးဇူးပဲ၊ မင်း လိုတာရှိလည်း ပြောပါ"

နှုတ်ဆက်ရင်း ကားပေါ်က ဆင်းခါနီး တစ်ချက်လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုအချိန်မှာ ပေါ်တီကို မီးရောင်နှင့် ကားထဲမှာ ရှိနေတဲ့ ဓာတ်ပုံလေးတစ်ပုံကို သူ အမှတ်တမဲ့ မြင်သွားပါသည်။





ဩဇာနည် မျက်နှာမှာ အရိပ်တစ်မျိုး ဖြတ်ပြေးသွား၏။ သို့သော် သူ ချက်ချင်းပဲ မမြင်ယောင်ဆောင်လိုက်ပါသည်။

သုနီဓာတ်ပုံဟာ သူ့ဆီမှာ ဘယ်လိုကြောင့်ရှိနေရတာလဲ။

ဒီပုံကို ကားထဲ ထားပြီး မေ့လျော့နေတာများလား။

စိတ်ထဲမှာတော့ တစ်မျိုးတစ်မည် ကသိကအောက် ဖြစ်သွားရ၏။

သူ့နေရာမှာ ဘယ်ယောကျ်ားမဆို စပ်ဖျဉ်းဖျဉ်းတော့ ဖြစ်သွားမှာပဲလေ။

ရွှေသုနီဟာ မင်းသမီးလည်း မဟုတ်၊ မော်ဒယ်လ်လည်း မဟုတ်ဘူး၊ ဒီတော့ အပြင်မှာဓာတ်ပုံတွေ့စရာ ဘာအကြောင်းရှိမှာလဲ။

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်"

ခေါင်းငုံ့နှုတ်ဆက်ပုံဟာ ယဉ်ကျေးရိုးသားနေသည်။

မတော်တဆ အမှတ်တမဲ့ဆက်ပြီး သိမ်းထားမိတာ ဖြစ်မှာပါ။ သူ့စိတ်ထဲမှာ ရှိခဲ့ဖူးပေမယ့် အခုအားလုံး ပြီးသွားပြီပဲ။

ဩဇာနည်က မသိသလိုပဲ ဥပေက္ခာပြုလိုက်၏။

ပြီးနောက် ဆေးခန်းကြီးရဲ့အပေါ်ထပ်ဆီ သူပြေးတက်လာသည်။

ရွှေသုနီအခန်းမှာ နာ့စ်ပဲရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာစ့်မလေးက စာစောင်ဖတ်ရင်း စောင့်ပေးနေ၏။

သုနီက ဆေးအရှိန်နှင့် မျက်စိမှိတ်ကာ မှေးနေသည်

"ဟိတ်. . . ကို လာပြီလေ"

ဩဇာက အနားမှာ ထိုင်ပြီး လက်ကလေးကို တယု တယ ဆုပ်လိုက်၏။

သူမက မျက်လုံးလေး ပွင့်လာပြီး . . .

"ခဏလေးဆိုပြီး ဘယ်ထွက်သွားတာလဲ"

"မဟုတ်ဘူး. . . လမ်းမှာ ကားပျက်နေလို့ပါ"

"ကိုနော်. . . သုနီအနားမှာပဲ နေမယ်ဆိုပြီးတော့"

"နေမှာပါကွာ. . . စိတ်ချ"

သီးသန့်ခန်းထဲမှာမို့ သူလည်း ဒီမှာပဲ ညအိပ်ရမှာပါ လုပ်စရာရှိတာတွေလည်း ပြေးလွှားလုပ်ခဲ့ပြီးပြီ။ အခုတော့ ချ ဇနီးအနားမှာ နေပေးနိုင်ပါပြီ။

"သုနီ နေလို့ကောင်းတယ်မို့လား၊ ခေါင်းမူးနေသေး လား"

"နည်းနည်းတော့ မူးသေးတယ်"

"နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်လိုက်လေ၊ ကို ရှိတာပဲ"

"အင်းပါ"

"ဘာမှ စိတ်မကောင်း ဖြစ်မနေနဲ့နော်၊ သူလေး ကိုတို့ဆီ နောက်တစ်ကြိမ် လာကို လာဦးမှာပါ"





"နောက်တစ်ခါဆိုရင် သုနီ အရမ်းဂရုစိုက်မယ် ကို၊ လှေကားတက်လိုက်ဆင်းလိုက်တွေ မလုပ်တော့ဘူး၊ ငြိမ်ငြိမ် လေးပဲ အိမ်မှာနေမယ်လေ. . . နော်. . ."

"အင်းပါကွာ. . . သုနီက လိမ္မာပါတယ်၊ အခုလည်း သုနီအပြစ်ကြောင့် မဟုတ်ပါဘူး၊ သူ့ဟာသူ ပျက်သွားတာပါ၊ အခု နေလို့ကောင်းရင် ပြီးရောပေါ့၊ မနက်ဖြန်ဆို ပြန်ဆင်းရမှာ ပါ"

ဩဇာက ဇနီးလေး မျက်နှာနား ငုံ့မိုး၍ တိုးတိုးသာသာ နှင့် နှစ်သိမ့်နေပါသည်။ နွမ်းနေသော မျက်နှာလေးကိုလည်း သူ အမြတ်တနိုး ပါးလေးဖွဖွ ဆွဲမိ၏။

ရွှေသုနီ နှုတ်ခမ်းလေးတွေက ကြည်နူးစွာ ပြုံးလာ သည်။

ခင်ပွန်းသည် အနားမှာ ရှိလို့ကတော့ နာကျင်ဆင်းရဲ ဒုက္ခတွေဟာလည်း သုခတွေလို ချိုမြိန်နေတာပါပဲ။

"ကို့ကို ချစ်တယ်"

သုနီက နှုတ်ခမ်းလေးလှုပ်ကာ နားနားကပ် ပြော၏။

"ကိုက ပိုချစ်တယ်"

"နောက်တစ်ခါဆိုရင် ကိုလိုချင်တဲ့ သားလေး မွေးပေး မှာပါ. . . နော်၊ စိတ်မပျက်ပါနဲ့"

"ကို စိတ်မပျက်ပါဘူး၊ သူ လာတဲ့အချိန်ကို စောင့်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် ကို"

"တကယ်ပါကွာ"

"မေမေကလည်း ပြောတယ်၊ ပြန်ရမှာပါတဲ့၊ အခုနလေးမှ မေမေ ပြန်သွားတာ၊ ဒီမှာဆို သူ မအိပ်တတ်လို့၊ သုနီက အတင်း ပြန်လွှတ်လိုက်တာ၊ အိမ်ရောက်ရင်လည်း အိပ်ပါ့မလားတောင် မသိဘူး၊ မိုးမလင်းခင် ရောက်လာဦးမှာပဲ"

"အေးကွာ. . . မေမေလည်း ပင်ပန်းသွားပြီ"

"နောက်တစ်ခါ ပင်ပန်းရင်တော့ အကျိုးရှိမှာပါ"

သူမက မေမေ စိတ်မကောင်းဖြစ်နေမှာစိုး၍ ပြန်အားပေးခဲ့ရသေးသည်။

သူတို့ရဲ့ ကြီးစွာသော မျှော်လင့်ချက်ကို သုနီ အမှန်တကယ် ဖြည့်ဆည်းပေးချင်လှသည်။

မျက်နှာချင်း နီးကပ်စွာ တိုးတိုးငွေ့ငွေ့ ပြောနေသူ နှစ်ယောက်သည် တံခါးကြားမှ တစ်စုံတစ်ယောက် လာကြည့်နေတာကို မမြင်။

လုံခက အခန်းထဲ မဝင်တော့ဘဲ ပြန်လှည့်ဖို့ပဲ စဉ်းစားလိုက်သည်။

အနှောက်အယှက် မပေးချင်ပါ။

ဇနီးမောင်နှံနှစ်ယောက်ရဲ့ နွေးထွေးကြင်နာသော မြင်ကွင်းက သူ့ကို ခြေလှမ်းတုန့်စေသည်။





မြင်ချင်နေတဲ့ မျက်နှာကို ခပ်ဝေးဝေးကပဲ ကြည့်ပြီး သူ လှည့်ပြန်ရဦးမှာပါ။

ရွှေသုနီကို မြင်ရင် ငေးမောကြည့်နေချင်သော စိတ်ဟာ သူ့ထံ၌ မပြောင်းမလဲ ရှိနေတုန်းပဲဆိုတာ သူ အံ့သြစွာ သိရသည်။

ဘာမှ အဓိပ္ပာယ် မရှိဘူးဆိုတာ သိပေမယ့် ထိုခံစားချက်ကို ရင်ထဲကနေ မောင်းထုတ်ဖယ်ရှား၍ မရခဲ့ပါ။

မမြင်တာကြာသွားလည်း မြင်ရတဲ့အခိုက်မှာ သူ့ရင်ထဲ နင့်နင့်ကြီး လှိုက်ဟာမိတုန်းပါပဲ။ ဒါဟာ စိတ်က ဖြစ်နေတဲ့ မနောကံတစ်ခုပဲလား. . . သူ မသိတော့။

တံခါးဝက လှည့်ပြန်လာစဉ် သူ့အာရုံထဲမှာ ထိုနှစ်ယောက်ရဲ့ ပုံရိပ်က ကပ်ငြိပါလာခဲ့သည်။

သူ့ဘဝနဲ့သူ၊ သူ့အချစ်နဲ့သူ၊ သူ့အိမ်ထောင်နဲ့သူ၊ တကယ်ဆို ဘာမှလည်း မသက်ဆိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

အပြင်က ပြန်လာသော ဩဇာနည်သည် မော်ကြီးပန်းကြီးနှင့် အိမ်ထဲဝင်လာပြီး အဲယားကွန်း ခလုတ်ကို အရင် ဖွင့်သည်။

"ဟ. . . မီးပျက်နေတာလား"

"ဟုတ်တယ် ကို"

"ကျွတ်. . . အိုက်ရတဲ့အထဲမှာကွာ"

"ကို အရမ်း ပင်ပန်းလာတယ်ထင်တယ်၊ သုနီ ယပ်တောင် ခပ်ပေးမှာပေါ့"

ရွှေသုနီက ယပ်တောင်တစ်ချောင်း သွားဆွဲကာ ခင်ပွန်းဖြစ်သူကို ယပ်ခပ်ပေးလိုက်ပါသည်။

သူက အိမ်နေရင်း စွပ်ကျယ်နှင့် ဘောင်းဘီတို ရှဲပွဲယ်တာ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးမှာရော အဆင်ပြေရဲ့လား"

"လုပ်ငန်းရုံး သွားရဦးမယ်၊ နံပါတ်က အနီတော့ ထွက်လာမှာပါ"

ဆူငယ်ချင်းရဲ့ တက္ကစီက ရောင်းလိုက်ပြီမို့ ရွှေသုနီရဲ့ ပွဲနံ့ဒါကိုပဲ ကားနံပါတ်အနီ သွားပြောင်းတာ။

အိမ်မှာလည်း စီး၊ အငှားကားလည်း လုပ်လို့ရအောင်ပါ။ ဒီအကြံကိုလည်း သုနီကပဲ ပေးတာ။

"သုနီ"

"ဟင်"

"စိတ်ပျက်နေပြီလား"

"ဘာကိုလဲဟင်"

"စီးပွားရေး တိုးတက်မလာသေးတာကိုလေ"

"ဩော်. . . ကိုရယ်"

"ကို အသုံးမကျတဲ့လူများ ဖြစ်နေသလား၊ ဒီမှာလည်း ဘာမှ မလုပ်တတ်ဘူး၊ သဘောပြန်တက်ဖို့ပဲ လုပ်ရမယ်"

"ဘာလို့ အသုံးမကျရမှာလဲ၊ ကိုက တော်တဲ့သူပါ"

"ကို့ကို အပြစ်မတင်ရက်လို့ မဟုတ်လား"

"အို. . . ဘာများ အပြစ်ပြောစရာရှိလို့လဲ"

"ကိုနဲ့ အတူနေရတဲ့ဘဝကို ကျေနပ်ရဲ့လား"

"ကျေနပ်တာပေါ့၊ သုနီတို့ဘဝမှာ ပြည့်စုံနေသားပဲ၊ ဘာလိုလို့လဲ၊ ပိုက်ဆံ မချမ်းသာလည်း စိတ်ချမ်းသာတာပဲ၊ ကို ဒီနေ့ ဘာတွေ လျှောက်မေးနေလဲ မသိပါဘူး"

"လုံခကျော်ဆို သူ့ဌေးနော်"

"ဟင်. . . ဘာဆိုင်လို့လဲ"

"သူနဲ့သာရရင် သုနီ ဒီလိုနေရမှာ မဟုတ်ဘူး"

ရွှေသုနီမှာ ကို့စကားကြောင့် မျက်လုံးလေး ဝိုင်းသွားရ၏။ သူ ဘယ်လိုကြောင့် သတိတရ ပြောနေပါလိမ့်။

"ဘာဖြစ်လို့လဲ ကို၊ လုံခက ဘယ်လိုကြောင့် ပါလာရတာလဲ၊ ကိုနဲ့ သူနဲ့ တွေ့ခဲ့ကြလို့လား၊ သုနီဖြင့် မေ့နေတာ၊ မမသက်ကလည်း ခုနစ်မိုင်က ကျောင်းခွဲကို ပြောင်းသွားပြီဆိုတော့ သူနဲ့ လုံးဝကို အဆက်အစပ် မရှိတော့တာလေ"

"မနေ့က ကို့သူငယ်ချင်းတစ်ယောက်နဲ့ ယုဇနဂါးဒင်း ရောက်တော့ သူနဲ့ သွားဆုံတယ်"

"သူ နှုတ်ဆက်လား"

"နှုတ်ဆက်တာပေါ့၊ ဟိုတစ်ခါလည်း သုနီ ဆေးရုံတက်တဲ့ညက မိုးရွာကြီးထဲ ကားပျက်တော့ သူ လိုက်ပို့ခဲ့သေးတာပဲ"

"ဟုတ်လား. . . ကို မပြောပါလား"

"မပြောမိတာ ဖြစ်မယ်"

ရွှေသုနီက ခေါင်းလေးငုံ့ရင်း သူ့အကြောင်း တစ်ချက်တော့ စဉ်းစားမိသွားပါသည်။






www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တစ်မျိုးလေးတော့ ဖြစ်မိတာအမှန်။ သူမကို သဘောကျ စိတ်ဝင်စားခဲ့ဖူးတဲ့ ယောကျာ်းတစ်ယောက် မဟုတ်လား။

ဒီတိုင်းဆို မေ့မေ့ပျောက်ပျောက်ရှိနေပေမယ့် ကို ပြန်ပြောတော့လည်း သတိရသွားမိတာပေါ့။

"တကယ် ရယ်ရတဲ့လူပဲ၊ မိန်းမ မယူသေးဘူးလား"

"အရင်အတိုင်းပဲလို့ ပြောသွားတယ်"

"သတင်းစာဖတ်ရင် သူ လက်ထပ်တဲ့သတင်းများ ဖတ်မိမလားလို့ ရှာကြည့်ရသေးတယ်"

"သူ့နီကို လာဖိတ်မှာပေါ့"

"အို. . . ခေါင်းထဲ ရှိချင်မှ ရှိမှာပေါ့ ကိုရဲ့၊ ကြာပြီပဲ"

မိန်းမကတော့ ရိုးရိုးသားသား ထင်ရှာသည်။ ဟိုကဖြင့် ခေါင်းထဲ ရှိ မရှိ မသိပေမယ့် ရင်ထဲ တစ်နေရာမှာ ရှိတုန်းပဲဆိုတာ ဩဇာရိပ်မိပါသည်။

ကားထဲမှာ ခတ်ပုံတွေ့ခဲ့တာကိုတော့ သူ မပြောတော့ပါ။ အရေးတကြီးလုပ်ရာ၊ သဝန်တိုရာကျမှာ သူ စိုးသည်။

သူ့အာရုံထဲမှာတော့ ဒါကို ရှိနေဆဲ။ စဉ်းစားမိဆဲပါ။

"သူနီ ဘာတွေ စဉ်းစားနေလဲ. . ၊ သတိရသွားပြီလား"

"မရပါဘူး"

ကိုက ဘာစိတ်ကူးပေါက်သည်မသိ။





သူမကို ရင်ခွင်ထဲ ဆွဲသွင်းပြီး ပါးကို ဆိုကပ်နမ်းရင်း. . .

"ကို့ကို ဘယ်တော့မှ စွန့်လွှတ်မသွားရဘူးနော်"

"အို. . . ဘာကြောင့် စွန့်လွှတ်ရမှာလဲ"

"မသိဘူးလေကွာ"

"ဟွန်း. . . နေရင်းထိုင်ရင်း ဘာဖြစ်တာလဲ"

"မိန်းမကို ချစ်လို့"

"သွားပါ. . . သူပြောတော့ အိုက်တယ်ဆိုပြီး"

"အိုက်လည်း ဖက်ထားမှာပဲ"

ကိုက ရယ်သံနှင့် တင်းတင်းကျပ်ကျပ် တိုးဖက်လိုက်သည်။

လက်ထဲက ယပ်တောင်လည်း လွတ်ကျသွားရပြီ။

ကို့ အနမ်းနွေးနွေးမှာ မှင်သက်သွားရ၏။

"ချစ်လိုက်တာ သူနီရယ်. . ."

သူမ ကြားချင်တာလည်း အဲဒီစကားပဲပေါ့. . .။

ဇနီးမောင်နှံနှစ်ယောက်သား ကလူကျီစယ်သံလေးတွေ အတွက် တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေမေရေ. . . ညစာ ဘာချက်လဲ"

သြဇာက မေမေ့ကို မေးလိုက်သည်။

"မနက်က ငါးခူကြော်နှပ်ပဲလေ၊ သား ဘာစားချင်လို့လဲ"

"ကျွန်တော် စားချင်တာ ဘဲကင်၊ ယိုးဒယားဟင်းချို၊ သင်္ဘောသီးထောင်း"

ဒေါ်ခိုင်ထွန်းက သမက်ဖြစ်သူကို မျက်ခုံးပင့်ပြလိုက်၏။

"စားချင်တာက များနေတယ်. . ဟဲ. . ဟဲ၊ မေမေ ချက်နဲ့တော့၊ ဒီနေ့ ညစာ အပြင်သွားစားရအောင်"

"ဘယ်မှာ စားမှာလဲ"

"ဟိုတယ် တစ်ခုခုမှာ"

"ဟုတ်တယ်. . . မေမေပါ လိုက်ခဲ့"

သုနိကလည်း မေမေ့ကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လင်မယားပဲ လွတ်လွတ်လပ်လပ် သွားစားကြပါ
ဟယ်၊ မေမေ အိမ်မှာ ရှိတာနဲ့ပဲ စားမယ်"

"ဟာ. . . ဘယ်ဟုတ်မလဲ၊ တစ်ခါတလေပဲ. . .
လိုက်ခဲ့ပါ"

"သမီးတို့ပဲ သွားကြ၊ မေမေ အိမ်စောင့်မယ်"

"မေမေကလဲ"

နောက်ဆုံးတော့ ခေါ်မရသဖြင့် သူတို့နှစ်ဦးပဲ ကား
မောင်း၍ ထွက်လာသည်။

"ကို. . . ဟိုတစ်ခါ သုနီ မွေးနေ့လုပ်ပေးတဲ့ ဟိုတယ်
သွားမှာလား"

"အေးကွာ. . အဲဒီတုန်းကတော့ ဒကာ ပေါ်လာတယ်
ဟား. . . ဟား. . ."

ကိုက ပြန်ပြောပြီး ရယ်နေသည်။

"အဲဒီတုန်းက ကိုနဲ့ ရည်းစားပဲ ရှိသေးတာကိုး၊ အခုတော့
ရှင့်မိန်းမ ဖြစ်နေပြီလေ၊ ဒကာပေါ်မှာ မဟုတ်တော့ဘူး
ဟင်း. . . ဟင်း"

"ဒီလိုချွဲလန်းမှုက အဲလို တိမ်တိမ်လေးလို့ ထင်နေလား

"ဟင်. . . ဘာရယ်. . ."

အရယ်ရပ်၍ သုနီ တအံ့တဩ ပြန်မေးမိသည်။

"သူ့စိတ်ထဲ တစ်နေရာမှာ သုနီ ရှိနေတုန်းပဲ"





"ဟင်. . . ကိုကလည်း အဓိပ္ပာယ်မရှိတာတွေ"

သူမ အလန့်တကြားလေး ကန့်ကွက်မိသည်။

ကိုဟာ သဝန်တိုတတ်သူ မဟုတ်ပါဘဲ ဘာတွေ
လျှောက်ပြောပါလိမ့်။ ကို့မျက်နှာကို သေချာကြည့်မိ၏။ ပုံစံက
တော့ တည်တည်ကြည်ကြည်ပါပဲ။

သုန်သုန်မှုန်မှုန် ဖြစ်နေတာလည်း မဟုတ်။

"သူက အလေးအနက်ထားပြီး နက်နက်ရှိုင်းရှိုင်း
သဘောထားပုံပဲ"

"ကိုတော့ မဟုတ်တာတွေ လျှောက်ပြောနေပြီ"

"သုနီ မသိဘူး"

"ကိုနော်. . . ရှင် ဘယ်တုန်းက ဒီလိုပြောဖူးလို့လဲ၊ ဟို
အရင် သူ ဖုန်းဆက်နေတုန်းကတောင် ရှင် သဘောထားကြီးခဲ့
သေးတာပဲ၊ မိတ်ဆွေလို ဆက်ဆံလို့ ရပါတယ်ဆို၊ အခု အချိန်
တွေ ခုနစ်ဆွေးရှစ်ဆွေး ကြာသွားမှ ဒါကို ဘာလို့ အစ ပြန်ဖော်
နေတာလဲ၊ နားကို မလည်တော့ဘူး"

"အစပြန်ဖော်တာ မဟုတ်ဘူး၊ ကို သဝန်တိုတာလည်း
မဟုတ်ဘူး၊ သူ့အကြောင်း စဉ်းစားရင် အံ့သြမိလို့ပါ၊ သူ တကယ်
အရမ်းကြိုက်တာ ဖြစ်မယ်"

"စကားကို ပြင်စမ်းပါ၊ ကြိုက်ခဲ့တာ ဖြစ်ရင်ဖြစ်မှာလို့
ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးပြူး မျက်ဆန်ပြူး ပြန်ပြောတော့ ကိုက ခပ်တိုးတိုး ရယ်လိုက်သည်။

“သဝန်တိုရင်တောင် အဲဒီတုန်းက တိုရမှာ၊ သိလား”

“မတိုပါဘူး. . . ကိုက မင်းကို ယုံပြီးသား၊ အခုလည်း မတိုဘူး၊ နောင်လည်း တိုမှာမဟုတ်ဘူး၊ ကိုယ့်မိန်းမ သစ္စာရှိတာ သိပြီးသားပါ”

သူ ဒီလိုပြောမှပဲ သုနီ စိတ်အေးရသည်။

ပျော်ရွှင်ချမ်းမြေ့သာယာသော အိမ်ထောင်ရေးပဲ ဖြစ်ချင်သည်။ အတိတ်အကြောင်းတွေ မလိုအပ်ဘဲ ပြန်မပြောချင်။

လုံခ သူမအပေါ် အစွဲအလန်း ကြီးမားခဲ့တယ်ဆိုလည်း အဲဒါတွေက ပြီးသွားပြီပဲ။

လုံခနှင့် သူမကြားမှာ ဆက်ရန် ဇာတ်လမ်းတစ်ခု ဘယ်လိုမှ မရှိနိုင်ဘူးဟု သူမ စိတ်ချလက်ချ ယုံကြည်မိသည်။



ပြည်ကြီးငါးကြော်တစ်ဖဲ့ကို တူနှင့် ညှပ်ကိုင်ကာ ပါးစပ်ထဲ ထည့်ဖို့ပြင်ခိုက်မှာပဲ လှမ်းဝင်လာတဲ့ စုံတွဲကို မှန်ချပ်ထဲက တစ်ဆင့် လှမ်းမြင်လိုက်သည်။

လိုက်ကာပါးပါး ရှိပေမယ့် သူနှင့်သက်နိုင်က စုံတွဲမဟုတ်တော့။ သီးသန့်ခန်းရဲ့ လိုက်ကာကို ဆွဲမစေ့ထားမိဘူးလေ။

ဒီတိုင်းပဲ ဝီစကီနှင့်အမြည်း ထိုင်စားနေကြတာ။

လုံခက တူကို ပြန်ချပြီး လှမ်းငေးတာ မြင်သဖြင့် သက်နိုင်ကလည်း အခန်းအပြင်သို့ သမင်လည်ပြန် ပြန်လှည့်ကြည့် စပ်စုလိုက်မိသည်။

ကော်ဖီရောင်စကတ်အရှည်ထူထူ အိအိလေးနှင့် တီရှပ်လက်ရှည်အညိုရောင်လေးကို ဝတ်ဆင်ကာ ခင်ပွန်းဖြစ်သူရဲ့

www.burmeseclassic.com



လက်မောင်းကို ခိုတွဲလိုက်ပါလာသူက လုံခ အစွဲကြီးစွဲခဲ့ဖူး
ရွှေသုနီပဲဆိုတာ သူ ချက်ချင်း မှတ်မိလိုက်သည်။

အိမ်ထောင်ကျပြီးမှ ထိုအမျိုးသမီးကလေးက ပိုတော
လှလာသလိုပါပဲ။ ပိန်သွယ်ပြီး ကပ်နေတဲ့ ကောက်ကြောင်း
က ပို၍ပင် ထင်ထင်ရှားရှား ဆွဲဆောင်မှု ရှိလာသည်။

တီရှပ်ရှင်းရှင်းပေါ်မှာ ဆွဲကြိုးအရှည်လေးက တလ
လက်နှင့် လမ်းလျှောက်တိုင်း လှုပ်ရှားနေသည်။

ပုံစံလေးက အဆင့်မြင့်မြင့် သပ်သပ်ရပ်ရပ်။

လေဒီရှူးငွေရောင်လေးကို စီးထားသည်။ အင်မတ
စမတ်ဖြစ်တဲ့ဟန်ပါ။

"မတွေ့တာတောင် ကြာပြီ"

"မင်းနဲ့ တိုက်ဆိုင်တယ်"

"အေးကွာ"

"ဒါပေမယ့် ပိုင်ရှင်ပါနေတယ်ကွ"

"သိပါတယ်"

"မေ့လိုက်ပါတော့ကွာ"

ငေးရီသော သူ့မျက်လုံးတွေရဲ့နက်ရှိုင်းမှုကို ဖတ်မိဟ
နှင့် သက်နိုင်က နားချသည်။

"မေ့ထားပါတယ်၊ နှလုံးသားထဲမှာ အပြီးသိမ်းထားလို
တယ်"





ဝီစကီခွက်ကို ကောက်မော့ချလိုက်၏။

ငါ့နှလုံးသားက သူမှသူလို့ တန်းတန်းစွဲနေတော့လည်း
ခုထက်ထိ တစ်ခြားမိန်းမတစ်ယောက်ယောက်ကို အစားထိုးလို့
မရသေးတာ ငါ့ရဲ့လိုအပ်ချက်ပါပဲ။

တကယ်ဆို ငါ့ရင်ထဲမှာ သူ မရှိသင့်တော့ဘူး။ လုံးဝ
ရှင်းရှင်းလင်းလင်း ပျောက်ပျက်သွားသင့်ပြီ။

"ဒါကို ငါ နားလည်ပါတယ် သက်နိုင်"

"ဒါပေမယ့် သူက ငါ့ရဲ့ပထမဆုံးပဲ၊ နောက်ဆုံး အချစ်
ဆိုရင်လည်း မမှားဘူးပေါ့ကွာ"

သူတို့ စုံတွဲကတော့ ဒီဘက်မှန်ခန်းထဲသို့ လုံးဝမကြည့်မိ
ဘဲ သူတို့ဘာသာ မီနူးကတ်ကို ခေါင်းချင်းဆိုင်ဖတ်၍ စားသောက်
စရာတွေ မှာယူနေသည်။

"ကို တော်ပြီလေ၊ အများကြီး မမှာနဲ့"

"တစ်ခါတလေ ပျော်အောင်ပါ၊ နေ့တိုင်း လာစားနေ
တာမှ မဟုတ်တာကွာ"

"အိမ်မှာ ချက်စားရင် အကုန်သက်သာမှာ"

ဝိတ်တာ ထွက်သွားတော့ သုနီက တိုးတိုးပြော၏။ အိမ်
ရှင်မလေးက ဈေးနှုန်းရေးထားတာတွေ ဖတ်ပြီး တွက်ချက်
နှမြောပြန်ပြီလေ။

ဩဇာကတော့ သူမကို ကြည့်ပြီး ပြုံးတုံ့တုံ့နှင့်သာ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ပခုံးချင်းတိုက်ပြီး ပြုံးနေကြတာကို လုံခက စိုက်ကြည့်နေမိသည်။

ချစ်ရသူရဲ့ပျော်နေတဲ့ မျက်နှာလေးကို မြင်ရတာ ကြည်နူးစရာပါပဲ. . .

"သွားကြည့်ပြီး. . . အားကျနေပြီလား၊ မင်းမှာ ခံနိုင်ရည် ရှိရဲ့လား"

"ရှိပါတယ်ကွာ"

"ငါတော့ အားကျမိမှာစိုးလို့ မကြည့်တော့ပါဘူး"

သူတို့နှစ်ယောက်သား ပေါ့ပါးသွားအောင် ခပ်တိုးတိုး ရယ်လိုက်ကြသည်။

"ငါတော့ ဆုံးဆည်းတဲ့ အချစ်စစ်စစ်ပဲ တွေ့ချင်တယ်၊ မင်းလိုကြိတ်ပြီး အသည်းမကွဲချင်ဘူး"

"ငါကတော့ မဆုံနိုင်တဲ့ အချစ်စစ်ပေါ့"

"အချစ်စစ်ရင် ဆုံမှာပေါ့၊ လွဲသွားတယ်ဆိုတာ မေတ္တာမစစ်လို့"

"ဟော့ကောင်. . . မင်း ငါ့ကို အဲလိုတော့ မပြောနဲ့"

"အေးပါ. . . ထားလိုက်ပါ၊ မငြင်းတော့ပါဘူး"

သူ့အချစ်က စစ်မှန်ခဲ့တယ်ဆိုတာ သူဘာနှင့်သက်သေပြရမလဲ။ မထူးပါဘူး။

အခုမှတော့ သက်သေပြဖို့လည်း လိုမှ မလိုတော့တာ။





"ဒါဆိုရင်လည်း သူပျော်နေတာကြည့်ပြီး ကျေနပ်လိုက်ပေါ့"

"ကျေနပ်ပါတယ်"

"ပျော်ရွှင်မှုတွေ ကူးစက်လာတယ် မဟုတ်လား၊ ဒါဆို နောက်တစ်ခွက် ထည့်"

သက်နိုင်က ဝီစကီကို ဖန်ခွက်ထဲ ထပ်ဖြည့်ပေးသည်။

"ငါ မူးနေပြီ သက်နိုင်"

"မမူးပါဘူး"

"နေ့တိုင်းလိုလို သောက်ဖြစ်နေတယ်ကွ"

"ဖြတ်လိုက်ပေါ့"

"အေး. . . တကယ် ဖြတ်လိုက်မယ်"

"အမူးပြေမှ ပြောဦး. . ."

"ဟား. . . ဟား. . . ခုလည်း မူးမှ မမူးတာ"

"အေးပါ. . . မမူးပါဘူး"

"မင်း. . . မယုံဘူးလား"

"ဒါဆို ရွှေသုနီတို့ကို ထွက်နှုတ်ဆက်မလား"

"ဟာ. . . မကောင်းပါဘူး"

"ဘာလို့ မကောင်းတာလဲ"

"သူတို့ဘာသာ အေးအေးဆေးဆေး နေပါစေကွာ၊ ငါ့ကို မြင်ရင် စိတ်အနှောင့်အယှက်ဖြစ်သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ မပြောနဲ့၊ မင်းမျက်လုံးက သူတို့ဆီ ရောက်ရောက်သွားတယ်"

"အဲ့လို့ ကြည့်မိတာပါ၊ ဘာရယ်လို့ မဟုတ်ပါဘူး"

သူ ခပ်တိုးတိုး ဖြေရှင်းစကားဆိုမိသည်။

ပြီးတော့ သက်ပြင်းတစ်ချက် ခိုးရှိုက်မိ၏။

ကိုယ်နဲ့ မထိုက်တန်တဲ့ ပန်းပွင့်လေးတစ်ပွင့်ကို တိတ်တိတ်လေး တစ်ခါတရံ လွမ်းဆွတ်မိရုံမှအပ ဘာမှ ပိုမလာဘူးလေ။ သူ့နှလုံးသားထဲမှာ ဘယ်အချိန်ထိ ပုန်းခိုနေဦးမလဲဆိုတာတော့ သူကိုယ်တိုင်ပင် မသိပါ။



ထိုညက သူတို့ဘီယာဆိုင်ကအပြန် မြို့ထဲဘက် ပြန်လာရင်း ကားပေါ်မှာ သက်နိုင်က သီချင်းကို ခပ်ကျယ်ကျယ် ဖွင့်ထားသည်။

နှစ်ယောက်သား မူးရိပ်ရိပ်နှင့် ပျော်လည်း ပျော်နေကြသည်။

အပျော်ရဲ့နောက်မှာ ဝမ်းနည်းကြေကွဲခြင်းတို့ ရှိတတ်ကြောင်းကို သူတို့ နည်းနည်းလေးမှ မစဉ်းစားမိချေ။

*ကြင်နာတာတွေဟာ. . . နာကျင်ခဲ့နေရာတကာ. . . (ရောဂါ)*

*ဤဗွေမြေတစ်ခွင်မှာ. . . လူရာဝင်မယ့် မလေးများ. . .*

*အကြိမ်ကြိမ်မေ့ပျောက်သွား (ရောဂါ)*



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံနှင့်အပြိုင် 'ရောဂါ' 'ရောဂါ' ဟု နှစ်ယောက်သား သံပြိုင် ဝင်အော်မိကြသေးသည်။

သီချင်းတစ်ပုဒ်လုံးမှာလည်း 'ရောဂါ' တွေ အော်ရတာ အကြိမ်ပေါင်း မနည်း။ လူတွေပါ ရောဂါရမတတ်ပါဘဲ။ အာခေါင်ခြစ်အော်ကြသည်။

ကိုယ့်အပျော်နှင့်ကိုယ် ကားကို အရှိန်ပြင်းပြင်း မောင်းနေဆဲမှာပင်။ ရုတ်တရက် . . .

"ဝုန် . . . ဝုန်း"

ဘာဖြစ်သွားမှန်းပင် မသိလိုက်။

သူတို့ကားကို နောက်ကနေ ကားကြီးတစ်စီးက အရှိန်နှင့် ဝင်တိုက်ပစ်ရာ သူတို့ကားက တစ်ပတ်လည်ထွက်သွားပြီး မီးပွိုင့်က အရှိန်နှင့် ချိုးကွေ့လာတဲ့ ကားတစ်စီးကို ခေါင်းချင်းဆိုင် တိုက်ပစ်လိုက်လေသည်။

ကားက နှစ်ချက်လောက် ဆောင့်ခုန်ပြီးမှ အုန်းခနဲ အသံမြည်သွားသေး၏။

"အား . . . အမယ်လေး"

အော်သံတွေလည်း ဆူညံဖွက်သွား၏။

ရှေ့ကားမှ လူတစ်ယောက် အပြင်လမ်းပေါ် လွင့်စင်ထွက်ကျသွားသည်။

"ဟာ . . . သု . . . သုနီတို့ကား"





ခေါင်းနပန်းကြီးစွာ သူ အော်မိသည်။ သူ့ကိုယ်မှာလည်း ဘယ်နေရာတွေ ထိခိုက်မိလို့ ဘယ်နေရာတွေ သွေးထွက်နေမှန်း သတိမပြုမိ။

"သက်နိုင် . . . သက်နိုင်"

သက်နိုင်က ခေါ်လို့ရသေးသည်။

ထို့ကြောင့် သူ ထားပြီး ဟိုဘက်ကို ပြေးသွားမိ၏။ မြို့လျှင် ဒယိမ်းဒယိုင်နှင့်ပဲ ထိုင်ချပြီး လဲနေတဲ့သူကို ပွေ့ထူလိုက်သည်။ သွေးတွေက မြင်မကောင်းအောင် အိုင်နေတာမို့ သူ အကြီးအကျယ် တုန်လှုပ်သွားသည်။

"ဩဇာ . . . ကိုဩဇာ"

ကိုဩဇာက သူ့ကို ကြည့်သည်။ ဒါပေမယ့် စကားမပြောနိုင်။

"ကိုဩဇာ . . . တင်းထားနော် . . . ကျွန်တော် ရှိတယ်"

"သု . . . သုနီ"

သူက ဖနီးကို အသံအစ်အစ်နှင့် ထစ်ငေါ့စွာ မေး၏။ သူ့ဇနီး ရွှေသုနီဟာ ကားပေါ်မှာ ခွေခွေလေး သတိလစ်နေပါသည်။

"ကိုဩဇာ"

တစ်ခွန်းသာ ပြောပြီး ခေါက်ကျိုးကျသွားတော့ သူ ကြောက်လန့်တကြား ကျိုးအော်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပေးပါဦးဗျာ. . . ဆေးရုံပို့ပေးကြပါ"

သွေးရူးသွေးတန်း အော်ဟစ်နေမိ၏။

တကယ်တော့ သူ့လက်ထဲမှာ ကိုဩဇာက အသက်ပျောက်ခဲ့ပြီ။ နောက်က ဒိုင်နာကားက ဝင်တိုက်လို့သာ ဒီကားဆီ သူတို့ကားက အရှိန်နှင့် ဝင်အောင်းမိတာပါ။

ဘယ်သူ့အပြစ်လဲ. . . ဒါကို သူ မစဉ်းစားနိုင်။

သူ့ဦးခေါင်းတွေလည်း ချာချာလည် မူးဝေသွားသည်။



"သုနီ. . . သုနီရော. . . သုနီ ဘာဖြစ်သွားလဲ"

အိပ်ရာပေါ်ကနေ သူ လူးလဲ ကုန်းထလိုက်မိ၏။

"ဟော့ကောင်. . . မင်းခေါင်းမှာလည်း ဒဏ်ရာနဲ့ကွ၊ လှဲနေဦးလို့ ဆရာဝန် မှာထားတယ်"

"ရတယ်. . . ရတယ်၊ ငါ သုနီကို တွေ့ချင်တယ်"

သူ ဗလုံးဗထွေးပြောရင်း ကုတင်ပေါ်က ခပ်ယိုင်ယိုင်ဆင်းတော့ သက်နိုင်က သူ့ကို ဖေးမ တွဲပေးသည်။

"သား. . . သတိရပြီလား"

ဒက်ဒီက အပြေးအလွှား ဝင်လာသည်။

အရေးပေါ် လူနာခန်းမှာ အားလုံး ရှုပ်ယှက်ခတ်နေကြ၏။

"သတိရပြီ ဒက်ဒီ၊ ဟိုကောင်မလေး အခြေအနေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ အခုပဲ သွားကြည့်လာပြီ၊ ဘာမှ မပူနဲ့
မိန်းကလေးက ဘာမှ မဖြစ်ပါဘူး၊ ခြေထောက်နဲ့ ခါးမှာ နည်း
နည်း ထိသွားတာပါ။ ကုန်ကျစရိတ်အားလုံး တာဝန်ယူထားပြီး
ပြီ"

"မဟုတ်ဘူး ဒက်ဒီ. . . သူ"

"မင်း သွားကြည့်ချင်လို့လား. . . ငါ လိုက်ပို့ပေးမယ်"

သက်နိုင်က ထူးဆန်းစွာ ဘာမှ သိပ်မဖြစ်။ ပြော
လောက်အောင် ဒဏ်ရာ မပြင်းထန်တော့ သူကပဲ လိုက်နှစ်သိ
ဖေးမနေပါသည်။

"သက်နိုင်. . . ကိုဩဇာ"

"မင်း အဲဒါတွေ မမေးနဲ့ဦး"

သက်နိုင်က စကားစမခံပါ။ သူသည် ရွှေသုနီ ကုတင်
ရာ အမြန် လာကြည့်မိသည်။

သုနီက လူနာကုတင်ပေါ်မှာ ငြိမ်ငြိမ်လေး လဲလျော
နေသည်။ ပတ်တီးတွေကလည်း အဖွေးသား။ လက်ရော
ခြေထောက်တစ်ဖက်ရော၊ ခါးမှာပါ ထိသွားသည်။

သူ့ကို ကုတင်ပေါ်က မဆင်းနိုင်းဘဲ အရေးပေါ် ဖြ
ကုသထားရတာကြောင့် ဆေးအရှိန်နှင့် အိပ်ပျော်နေရှာသည်

"အန်တီ့သမီးလေးအဖြစ်က ဆိုးပါတယ်ကွယ်"

သူမအမေက ငိုနေသဖြင့်. . .





"အန်တီ. . . သူ ဘာမှ မဖြစ်တော့ပါဘူး၊ ကောင်းသွား
မှာပါ"

"ဒီလောက်ဒဏ်ရာတွေနဲ့ ဘာမှ မဖြစ်ဘူးလား"

"မဟုတ်ပါဘူး အန်တီ၊ စိုးရိမ်စရာ မရှိတော့ဘူးလို့ ပြော
တာပါ"

"မင်းတို့က ဘယ်သူလဲ"

"ဟိုဘက်ကားက ကျွန်တော်မောင်းတာပါ"

"ဘာ. . . မင်းတို့ မူးရူးရမ်းကားပြီး ငါ့သမီးနဲ့ သမက်ကို
သေအောင်တိုက်တာပေါ့. . . ဟုတ်လား"

"အန်တီ တိုးတိုးပြောပါ. . . လာပါ. . . အပြင်ထွက်
ပြောရအောင်"

သုနီအမေကို အပြင်ဘက် ခေါ်ခဲ့ရ၏။

"ငါတော့ လုံးဝ မကျေနပ်ဘူး"

"အန်တီ. . . အဖြစ်အပျက်ကို အန်တီလည်း သိမှာပါ။
နောက်က ဗိုင်နာက အရင်တိုက်တာပါ။ ကျွန်တော်တို့က သုံးစီး
မှာ ခလယ်ကားပါ၊ တစ်စီးလုံး ကြေမွပြီး လူတွေတောင်
ကံကောင်းလို့ သီသီလေး လွတ်လာတာပါ"

"ဒါဖြင့် ငါ့သမက်က ကံမကောင်းဘူးလို့ ပြောချင်တာ
လား၊ ဟုတ်ပါတယ်ကွယ်. . . ငါ့သမီးလေးလည်း ဘဝပျက်ပါပြီ
နေရင်းထိုင်ရင်း မုဆိုးမ ဖြစ်ရှာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခိုင်ထွန်းက မခံစားနိုင်တော့သလို ချုံးပွဲချငိုလိုက်၏။

"အန်တီရယ် . . ."

လုံခလည်း မနှစ်သိမ့်တတ်အောင် ဖြစ်နေပါသည်။

သူ့ရင်ထဲမှာ နင့်ကြပ်ကြေကွဲနေပါသည်။ ဘာကြောင့်များ သူ လိုက်ပါလာခဲ့သည့် ကားကမှ ကိုသြဇာကို သေစေတာလဲ။

သက်နိုင် မောင်းခဲ့၍သာ တော်သေးသည်။ ထိုအဖြစ်ကို ညက သူသာမောင်းခဲ့သူဖြစ်နေရင် တစ်သက်လုံး ဖြည်ဆည်၍မရဘဲ ကြေကွဲနောင်တရနေမှာပါ။

အခုလည်း သူ အပြစ်မကင်းသလို ခံစားရသည်။

"ကျွန်တော့်အပြစ်လည်း ပါပါတယ်၊ ဒါပေမယ့် လုံး မတော်တဆဆိုတာ ယုံပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

သက်နိုင် တိုးလျှိုးတောင်းပန်တာကို အန်တီထွန်း လက်မခံ။ ပြန်ဝှေ့ပစ်၏။

"ဘာတောင်းပန်တာလဲ . . . မလိုချင်ဘူး . . . မင်း ဒီလို တောင်းပန်ရုံနဲ့ ငါ့သမက်က ပြန်ရှင်လာမလား၊ သမီးလည်း ဘယ်လိုလာဦးမလဲဆိုတာ မသိရသေးဘူး၊ မင်းတို့ကို ငါ တရား စွဲရမှာပဲ"

"အန်တီ ကျေနပ်သလိုသာ လုပ်ဗျာ"





"လုံခ . . . ငါတို့ အပြစ်မှ မဟုတ်တာကွာ"

လုံခကျော်က ခေါင်းဆတ်ပြလိုက်သည်။ ကြိုက်သလို ပြောပါစေ၊ ငွေခံရုံသာ ရှိသည်မဟုတ်လား။ ဘယ်လောက်ထိ သွေးဆူတုန်လှုပ်နေမလဲဆိုတာ သူ ကိုယ်ချင်းစာနားလည်သည်။

ဒေါ်ခိုင်ခိုင်ထွန်းက တစ်ကိုယ်လုံး တုန်ရင်အောင် ငိုကြွေးနေသည်။

"အန်တီ . . . တရားနဲ့ ဖြေပါဗျာ"

"တရားနဲ့ ဖြေနိုင်မလားဟဲ့၊ သူများ ပယောဂကြောင့် ဒီလို အဖြစ်ဆိုးကြုံရတဲ့ဥစ္စာ"

သူတို့နားသို့ ဒက်ဒီ ရောက်လာသည်။

"ကဲ . . . လူနာရှင်တွေ၊ ဆရာဝန် ခေါ်နေပါတယ် ခင်ဗျာ"

"ရှင် . . . ဟုတ်လား၊ လာပါပြီ"

"ဆရာဝန်က သူ့အခန်းထဲလာဖို့ ခေါ်တာ"

အားလုံး ဆရာဝန်ထိုင်ရာ အခန်းဆီ အပြေးအလွှား ဝင်သွားကြ၏။

ဆရာဝန်က သုနီကိစ္စ အကျိုးအကြောင်း ပြောသည်။ ခြေထောက်က ချက်ချင်း လျှောက်လို့ရမှာ မဟုတ်သေး၍ စိတ်ရှည်ရှည် အချိန်ယူ ကုသရမည်ဖြစ်ကြောင်း၊ လူနာမှာ စိတ် တုန်လှုပ်ထိခိုက်သွား၍ ဝိုင်းဝန်း၍ စိတ်ချမ်းသာအောင် ရှုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ရမှာဖြစ်ကြောင်း၊ အချိန်ယူ ကုသလျှင်တော့ ပြန်ကောင်းနိုင်ဖို့ မျှော်လင့်ချက်ရှိကြောင်း စသဖြင့် ရှင်းပြသည်။

ဒက်ဒီက ငွေရေးကြေးရေး အကုန်အကျခံမည်ဖြစ် ကြောင်း ပြောလိုက်သည်။

"ကျွန်တော်တို့ တာဝန်ယူပါတယ် ဒေါက်တာ၊ လိုအပ် တာအားလုံး ချက်ချင်း ဆောင်ရွက်ပါ"

ဒက်ဒီက စေတနာပါပါနှင့် ကူညီပံ့ပိုးပေးသည်။

" ဒါတောင် သုနီအမေက ကျေးဇူးမတင်၊ ဗျစ်တောက် ဗျစ်တောက် ရေရွတ်အပြစ်တင်ဆဲပါ။

"ငါ့သမီး တစ်ခုခုဆို မင်းတို့ကို လုံးဝ ခွင့်မလွှတ်ဘူးမှ မှတ်"

"အန်တီ့သမီး ကောင်းသွားမှာပါ စိတ်မပူပါနဲ့"

"နင်တို့ငွေတွေက ဘာလုပ်ရမှာလဲ"

"ဒီမှာ ကလေးမအမေ၊ ကျွန်တော်တို့က တားတိုက်မှု ငွေနဲ့ ရှင်းနေကြတာ မဟုတ်ပါဘူး၊ လူသားအချင်းချင်း စာန ထောက်ထားလို့ ဖြေရှင်းပေးနေတာ၊ ခင်ဗျား တလွဲမထင်ပါနဲ့"

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော်တို့ စေတနာ လက်ခံပေးပါ။ သုနီ ဆေးကုသွားဖို့ တောက်လျှောက်လိုအပ်သ တာဝန်ကို ကျွန်တော်တို့ ယူပါရစေ"

"ဟုတ်ပါတယ်ဗျာ. . . ဒါဟာ တာဝန်ရှိလို့ တာဝန်





နေတာ မဟုတ်ပါဘူး၊ ကျွန်တော့်သားက ခင်ဗျားသမီး ဒုက္ခ မရောက်စေချင်လို့၊ မြန်မြန် သက်သာစေချင်လို့ပါ၊ လိုအပ်ရင် စင်္ကာပူမှာပါ သွားကုမယ်၊ ခင်ဗျားက မာနမထားဘဲ လက်ခံပေး ဖို့ လိုတယ်၊ ခင်ဗျားလည်း စဉ်းစားပေါ့၊ ဒါက ခင်ဗျားသမီးရဲ့ တစ်ဘဝစာ ကိစ္စနဲ့ ပတ်သက်နေတယ်"

ဒေါ်ခိုင်ခိုင်ထွန်းက တွေဝေသွားသည်။

"ကျွန်တော့်သားနဲ့ ဒီသူငယ်ချင်းကို ခွင့်မလွှတ်ချင်နေပါ လိုအပ်တာကိုတော့ ဝိုင်းဝန်းညှိနှိုင်းပြီး တာဝန်ယူရမှာပဲ၊ ဒါက အရေးကြီးတယ်လေ"

ဒက်ဒီ အတန်ကြာအောင် ဖျောင်းဖျမှ သုနီအမေက လက်ခံသည်။

ဒီလိုနှင့် သူသည် ဆေးရုံက မပြန်ဘဲ သုနီအနားမှာ လိုတာ ဖြည့်ဆည်းပေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒီ"

သတင်းစာဖတ်ရင်း မော့မကြည့်ဘဲ 'ဟင်'ဟု ထူး၏။

"ဒက်ဒီ. . . သား ခေါ်နေတယ်"

"အေးလေ. . . ဘာလဲ. . . ပြော. . ပြော"

သတင်းစာမှ မျက်နှာမခွာသေး. . ။

"စက်ဘုသွားရင် ဒက်ဒီလည်း လိုက်မှဖြစ်မယ်၊ ဒက်ဒီက ဟိုမှာလည်း ကျွမ်းပြီးသားဆိုတော့"

"ဆေးရုံမှာတောင် ဘွတ်ကင် လုပ်ပြီးသားပဲ၊ မင်း ခေါ်သွားလိုက်လည်း ရပါတယ်ကွာ၊ ဘာတွေ ကြောက်နေတာလဲ"

"အန်တီခိုင်ထွန်းက သားအပေါ် ဆက်ဆံရေး ကျဲတယ်ဗျ. . . သူနဲ့ကလည်း ခပ်တင်းတင်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သည်းခံပေါ့ကွာ၊ ဒီလိုတွေ ဖြစ်လာမှတော့၊ သူတို့လည်း ပူပူနွေးနွေး ခံစားရတုန်းပဲမို့လား"

ဒက်ဒီက စာနာ နားလည်ပေးသော လေသံအေးအေး နှင့်ပါပဲ။

သူ့မှာသာ ရွှေသုနီခြေထောက် မြန်မြန်ပြန်ကောင်းပြီး လမ်းလျှောက်နိုင်ဖို့အရေးကို စိတ်တွေပူ ပျာယာခတ်နေမိတာ။

"ကလေးမက သွားကုဖို့ လက်ခံတယ်မဟုတ်လား"

"သူ့အမေက ဖျောင်းဖျ နားချလို့ပါ။ ကျွန်တော့်အပေါ် ခုထိ သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်"

"ဒါကတော့ကွာ. . ."

ဒက်ဒီက သတင်းစာကို ပိတ်ပြီး သူ့ကို မျက်နှာချင်းဆိုင် လိုက်သည်။

သားဖြစ်သူ၏ နက်ရှိုင်းသော သံယောဇဉ်ကို ဒက်ဒီ နားလည်ပါသည်။

"သူတို့သားအမိနဲ့ ဒက်ဒီပါလိုက်လို့ ကောင်းပါ့မလား"

"ဘာလို့ မကောင်းရမှာလဲ"

သားက သဘောမပေါက်။

"တစ်မျိုးကြီးပေါ့ကွာ. . . သူကလည်း အရွယ်ရှိသေးတဲ့ အမျိုးသမီးတစ်ယောက်ပဲ မဟုတ်လား"

လုံခကျော် မျက်မှောင်ကုတ်သွားရသည်။





ဒက်ဒီ ဘာကို ဆိုလိုပါသလဲ။

အခုရက်တွေ အတောအတွင်း ဆေးရုံကို နေ့တိုင်းလိုလို သွားဖြစ်တော့ သမီးအနားမှာ တစ်ဖဝါးမှ မကွာတမ်း အနီးကပ် ပြုစုနေသော အန်တီခိုင်ထွန်းကို လေးစားစိတ်နှင့် သဘောကျ သွားခဲ့ပြီလား။

ဒါဟာ သူ မတွေးမိသော အပိုင်းတစ်ခု။

"သူ့သမီးလေးကို ပြုစုလုပ်ကိုင်ပေးနေပုံတွေကကွာ မိခင်တစ်ယောက်ရဲ့ မေတ္တာနဲ့ အကြင်နာကို အထင်းသား တွေ့ နေရတယ်၊ သူ့သမီးကို ချစ်လိုက်တာကွာ၊ ဂရုစိုက်လိုက်တာ လည်း တစ်ချက် တစ်ချက် မလစ်ဟင်းစေရဘူး၊ ငှားထားတဲ့ နာ့စ်တောင် ဒီလောက် တစ်ဖဝါးမခွာ မပြုစုဘူး၊ အမေလုပ်တဲ့သူ ကတော့ နှစ်ဆယ့်လေးနာရီလုံး ရယ်ဒီပဲ၊ သူ့ခမျာ ကောင်း ကောင်းလည်း အိပ်ရပုံ မရပါဘူး၊ ဒါပေမယ့် အိပ်ရေးပျက်ပေ မယ့် မျက်နှာက ကြည်နေတာပဲ၊ ပင်ပန်းတယ်လို့ မထင်တာကွ၊ ဒါ မိဘရဲ့ မေတ္တာပဲကွ၊ ကြက်သီးထအောင် ကြည်နူးရတယ်"

"မနေ့က ဒက်ဒီသွားတော့ သူ့အတွက် ကြာဇံချက်ဝယ် သွားတယ်၊ အဘွားကြီးက ကြာဇံချက်တော့ ကြိုက်တယ်ကွ၊ ငါ့ ကိုတောင် ကျေးဇူးတင်တယ် ပြောနေတာ၊ ကြာလာတော့လည်း ဒက်ဒီတို့သားအဖ စေတနာတွေကို သူ မြင်လာပါတယ်၊ ဒီက အတွက် လိုတဲ့စာရွက်စာတမ်း အိမ်ပြန်ယူတော့ ကားမောင်းပို့



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူ မရှိတာနဲ့ ဒက်ဒီပဲ လိုက်ပို့လိုက်တယ်၊ အိမ်ကြီးက ခြောက်သွေ့နေသလို ခံစားရလို့ သူ အိမ်ကိုတောင် မပြန်ချင်ဘူးတဲ့၊ ဝါ့ကို ခံစားချက်တွေ ရင်ဖွင့်တယ်၊ သူကလည်း အိမ်မှာ ယောက်ျားသားမရှိတော့ သမက်လေးပဲ အားကိုးပြီးနေတာ၊ အခု ဒီသမက် ဆုံးသွားတော့ စိတ်ထိခိုက်လို့ မဆုံးဘူး ဖြစ်နေတာ သနားပါတယ်ကွာ၊ စကားပြောရင်သာ နည်းနည်း ဘုကျတာ ဒေါ်ခိုင်ထွန်းက စိတ်ရင်း မဆိုးဘူးကွ"

ဒက်ဒီ့ ပြောစကားအချို့ သူ ပြန်ကြားယောင်မိ၏။

လောကကြီးမှာ မထင်မှတ်တာတွေလည်း ဖြစ်တတ်ပါလား။

သူက သမီးဖြစ်သူ ရွှေသုနီကို အရင်ကတည်းက မပြောင်းမလဲ ချစ်မြတ်နိုးခဲ့သည်။

အခုတဖန် ဒက်ဒီက အမေဖြစ်သူ ဒေါ်ခိုင်ထွန်းကို မသိမသာ စိတ်ဝင်စားသွား ပြန်ပြီလား။

အခြေအနေ ဖန်တီးလာပုံတွေက မယုံနိုင်စရာလည်း ကောင်းပါသည်။

"ဟေ့ကောင်. . . မင်းက ဘာကြည့်နေတာလဲ"

သူ စကားမဆိုဘဲ ဒက်ဒီကို စိုက်ကြည့်နေမိတာကိုး။

"ဘာတွေ စဉ်းစားနေတာလဲ. . . ဒက်ဒီပြောတဲ့ သဘောက ဒက်ဒီပါလိုက်ရင် သူ ကြိုက်ပါ့မလားလို့ပါ"





ဒက်ဒီက ရှက်ယောင်ယောင်နှင့် ဖြေရှင်းသည်။

ဒက်ဒီအမူအရာမှာ ရှက်ကိုးရှက်ကန်းနှင့် ရွှင်ပြပြလေး တစ်မျိုး ဖြစ်နေပါသည်။

ရှိရင်းစွဲ အသက်ထက် ငယ်သွားသလိုပင် ထင်ရသည်။ အစကတည်းကလည်း ဒက်ဒီက နုပျိုလန်းဆန်းပါသည်။

သူ့ထက်ပင် အားကစားကို လိုက်စားသည်။

အရပ်ရှည်ပြီး ဘော်ဒီကလည်း ချပ်ချပ်ယပ်ယပ်နှင့် ကြည့်ကောင်းသည်။ အသက် ငါးဆယ်နားကပ်နေပြီလို့တောင် မထင်ရပါ။

အင်မတန် အရွယ်တင်တာပါ။ ကိုယ့်ဒက်ဒီမို့ ပြောတာ မဟုတ်။

ဂေါ့ဖ်ရိုက်တာ၊ တင်းနစ်ရိုက်တာတွေလည်း ဝါသနာပါသည်။

အပျော်အပါးလည်း မဖက်ဘဲ ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်နေထိုင်သူပါ။

တစ်ခါတစ်ခါ ဒက်ဒီ အမူအရာက သူ့ထက်ပင် ဖျတ်လတ်တက်ကြွလို့ နေပါသေးသည်။

မိန်းမယူဖို့များ နည်းနည်းမှ စိတ်ကူးပုံမရတဲ့ ဒက်ဒီဆီက အခုလို စကားမျိုး ကြားရတာ ဆန်းနေသည်။

"ဒက်ဒီကတော့ သားနဲ့ အဖော်လိုက်ပေးချင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒေါ်ခိုင်ထွန်းကိုတော့ မေးကြည့်ရဦးမယ်၊ သူ မလိုလားဘဲ အတင်းဇွတ်တော့ မလိုက်ချင်ဘူး၊ သူ့စိတ် အနှောက်အယှက်ဖြစ်ရင် မကောင်းဘူးလေကွာ. . . မဟုတ်ဘူးလား"

"သူက ဒက်ဒီကို ဘာလို့ မလိုက်စေချင်ရမှာလဲ၊ ငွေကုန်ကြေးကျတွေအားလုံး ဒက်ဒီပဲ တာဝန်ယူ စီစဉ်ထားတာ သူ သိနေတာပဲ"

"အဲဒါနဲ့ မဆိုင်ဘူးလေ. . . မင်း မသိပါဘူး"

ဒက်ဒီက ဆံပင်တွေ တစ်ချက်သပ်တင်ရင်း အနည်းငယ် စိတ်အကျဉ်းအကြပ် ဖြစ်သွားပုံရသည်။

ဦးတင်မင်းထွန်းက သားဖြစ်သူ မျက်နှာရိပ်ကိုလည်း အကဲခတ်ရပါသေး၏။

သူ့ဘဝမှာ ဒီသား တစ်ယောက်သာ ရှိတာ။

သူ့ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေဟာလည်း သားအတွက်ပါပဲ။

ဘာကြောင့်ပဲဖြစ်ဖြစ် သား စိတ်ချမ်းသာမှလည်း ဖြစ်မှာ။

"အေးပါကွာ. . . စိတ်မပူပါနဲ့၊ ဒက်ဒီ သူ့ကို စကားတောက်ကြည့်လိုက်ပါမယ်"

"ဟာဗျာ. . . စကားတွေဘာတွေ တောက်မနေပါနဲ့၊ ဒက်ဒီပါ လိုက်မှာလို့ ကျွန်တော်ကိုယ်တိုင်ပဲ ပြောလိုက်မယ်"





"ဟာ. . . မင်းပြောလို့ ဖြစ်ပါ့မလား"

သတ္တိရှိသော သူ့ဒက်ဒီသည် ဒီနေရာမှ ဘာမဟုတ်တာလေးကို လာကြောက်နေပါသည်။

"လိုတာကို ကူညီပံ့ပိုးမယ့်သူကို သူ ဘာငြင်းစရာရှိမှာလဲ"

"သူက မာနထားသင့်တဲ့နေရာ ထားတယ်ကွ၊ ဒက်ဒီ လေ့လာကြည့်ပြီးပြီ"

"ဒါက မာနထားလို့ရမလား၊ သူ့သမီးကိစ္စပဲဗျာ"

ဒက်ဒီက သူ့စိတ်ထဲ သူ့ဘာသာ မရိုးဘဲ ဒေါ်ခိုင်ထွန်းအပေါ် မျက်စိကျနေလို့သာ ဒီလိုတွေ တွေးတောနေတာဟု လုံခကျော် ယူဆမိသည်။

"ကဲ. . . ဘာမှ ပြောမနေနဲ့၊ ဒက်ဒီလိုက်ဖို့သာ ပြင်ထားလိုက်တော့၊ သူတို့ကို ကူညီစောင့်ရှောက်ဖို့ သွားတဲ့ခရီးပဲဗျာ၊ အလကားသက်သက် အပျော်ဟန်းနီးမွန်းထွက်တာမှ မဟုတ်တာ"

သားဖြစ်သူရဲ့ စကားကြောင့် ကယောင်ကတမ်းနှင့် ရင်တွေတောင် ခုန်သွားရသည်။

ကိုယ့်သား မေတ္တာရှိတဲ့ မိန်းကလေးရဲ့အမေကို ကိုယ်လည်း အကောင်းဆုံးသော စေတနာတွေ ရှိနေပါသည်။

သမီးဖောဖြင့် ပင်ပန်းနွမ်းနွယ်နေသည့် သူမျက်နှာလေးကို ငေးကြည့်ရင်း ကရုဏာသက်မိတာလည်း အကြိမ်ကြိမ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အားပေးနှစ်သိမ့် စောင့်ရှောက်သူတစ်ယောက် ဖြစ်လိုက်ချင်သည်။

အခုလိုမျိုး လုံခက ခရီးအတူသွားကြဖို့ ခေါ်နေတာကိုသူ မငြင်းချင်။

ဒါပေမယ့် ခေါ်ခိုင်ထွန်းကို မေးမြန်း တိုင်ပင် ကြည့်ရပါဦးမည်။



စိုးအေမီသည် ဓာတ်မှန်ခန်းထဲကနေ ထွက်လာသောလက်တွန်းပို့းချဲပေါ်က မိန်းကလေးကို သေချာကြည့်လိုက်မိသည်။

ဘာဖြစ်သလဲတော့ မသိရ။ ရုပ်ကလေးကတော့ အဆင့်မြင့်မြင့် ချောမောလှပသည်။

ညနေခင်းဝတ်စုံပုံစံ ဂါဝန်ရှည် အဝါဖျော့လေးပေါ်ကနေ အိုဗာကုတ်ဇီးညိုရောင်လေးကို ထပ်ဝတ်ထားသည်။

မျက်ခုံးမွေးသေးသေးတန်းတန်းလေးက ပြေသော နဖူးပြင်မှာ ထင်းပြီး မျက်လုံးအိမ်လေးက ဝိုင်းဝိုင်းစက်စက် ကြည်လင်ငူရှုတောက်ပသည်။ နှုတ်ခမ်းထူထူလေးက ပန်းရောင်သန်းပြီး နှင်းဆီပွင့်လေးလို ပွင့်အာအာနှင့် တစ်မျိုးချစ်စရာ ကောင်း၏။ ဆံပင်လေးတွေ အကုန်လုံး စုပြီး ပိုနီတေးချည်ထားတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးလှတာ၊ ဖူးဖူးနုနုလေး ဖြစ်နေတာ ပို၍ ပေါ်လွင်သည်။

တွန်းလှည်းနောက်က ခပ်မြန်မြန် လျှောက်ပြီး လိုက်လာသူမှာ သူမရဲ့ မိခင်ဖြစ်ဟန်တူသည်။ သူမလိုပဲ ရုပ်ရည် ဖြူဖြူစင်စင် အဆင့်အတန်းမြင့်မြင့်ထဲကပါပဲ။

ဆံထုံးကို သပ်သပ်ရပ်ရပ် ထုံးဖွဲ့ကာ မျက်မှန်တပ် ထားပေမယ့် ပိုပြီး ခန့်ချောနေပါသည်။

လူနာတွေထိုင်ဖို့ နားနေဖို့ ခင်းထားတဲ့ ကုလားထိုင် နားမှာပဲ တွန်းလှည်းလေးက ရပ်သွား၏။

အဲဒီနားမှာ ဆရာဝန်တွေ၊ ပါမောက္ခတွေ အခန်း စီတန်းနေပါသည်။ အထွေထွေသမားတော်ရော၊ အရိုးအကြော ဆရာဝန်ရော ရှိသည်။

သူမ ပြသမှာ ဘယ်ဆရာဝန်ကြီးနှင့်ပါလိမ့်။

စိုးအေမိက ဘာရယ်မဟုတ် စူးစမ်းနေမိ၏။

အမျိုးသမီးကြီးက သူမကို တစ်စုံတစ်ရာ ငုံ့ပြောသည်။

အခန်းပြင်မှာ နာမည်ခေါ်တဲ့ ဆရာမလေးကလည်း သူမအမည်ကို ခေါ်ပြီး...

"မချွေသုနီ... ဒီတစ်ယောက်ပြီးရင် ဝင်လိုက်ပါ"

ချွေသုနီ...။

ဒီနာမည်ကို စိုးအေမိ ကြားဖူးသလိုလို။





သုနီကလည်း ခေတ်ဆန်ဆန် ဝတ်စားပြင်ဆင်ထားတဲ့ အမျိုးသမီးလေးတစ်ဦး သူမကို စူးစိုက်ကြည့်နေတာ သတိထားမိသည်။

ဆေးရုံက ဆင်းလာပြီးနောက် ချိန်းဆိုသည့်ရက်တွေမှာ သမားတော်ကြီးနှင့် ပြန်ပြန်ပြနေရပါသည်။

ဒီညနေ ဆေးခန်းကြီးသို့ အရောက်မှာ အချိန်က ညနေ စောင်းနေပြီ။ လူနာတွေကလည်း အများကြီးပါ။ ဒါပေမယ့် သူမကို ဦးစားပေး၍ နာမည်ခေါ် ပေးသည်။ သူမဟာ ဆေးရုံဆင်းစ အရေးကြီးလူနာတစ်ဦး မဟုတ်လား။

"ဟင်"

စိုးအေမိသည် ဆေးစာအုပ်လေး လက်ထဲကိုင်ကာ ဒီဘက်ကို လျှောက်လာသည့် လုံခကျော်ကို မြင်တော့ နှုတ်ခမ်းလေး ဖွင့်ဟသွားမိသည်။

"ကိုကို"

"ဟာ... စိုးအေမိ... ညီမလေး"

အော်တာရှပ် အပြာဖျော့ဖျော့နှင့် ဂျင်းဘောင်းဘီ နက်ပြာရင့်ကို ဝတ်ထားသော လုံခကျော် သဏ္ဌာန်က စမတ် ခပ်ကျကျပါပဲ...။

လှိုင်းတွန့်ရေးရေးထင်သော ဆံပင်ရှည်တို့နှင့် ချောသော ရှင်းသန့်ခန့်ညားလျက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



“ညီမ . . . ဘယ်ကိုလာတာလဲ”

“လေးလေးနိုင် ဆေးခန်းလာပြတာ . . . ကိုကိုကရော”

လေးလေးနိုင်ဆိုတာ သူမရဲ့ဦးလေးပါ။ စိုးအေမိက တစ်ဆက်တည်း မေးသဖြင့် လုံခက ပိုးချဲလေးပေါ်က ရွှေသု ကို မေးဆတ်ပြမိသည်။

“ကိုကို့မိတ်ဆွေတွေကို လိုက်ပို့ပေးတာပါ”

“ဩော်”

မိတ်ဆက်ပေးတော့ ရွှေသုနီကလည်း ပြုံးပြလိုက်၏။

ဒါပေမယ့် ကြာကြာစကား မပြောအား။ ဆရာဝန်ရှိရာ အခန်းထဲသို့ မေမေနှင့်အတူ ဝင်ခဲ့ရသည်။

လုံခကျော်က ယူလာသော ဓာတ်မှန်စက္ကူအိတ်ကို လှမ်းပေး၏။

အပြင်မှာ လုံခကျော်နှင့် ထိုမိန်းကလေးတို့ စကား လက်ဆုံကျရင်း ကျန်ခဲ့တာကြောင့် သုနီရင်ထဲ ဘာကြောင့်မှန်း မသိ။ သိပ်မကြည်လင်ဘဲ မျက်နှာလေးက ခပ်မှုန်မှုန် ဖြစ်နေရ သည်။

အဲဒါ သူ့ရည်းစားများလားဟုလည်း တွေးကြည့်နေ သည်။ ဟုတ်ချင်ဟုတ်မှာပါ . . .။

အပြင်ဘက်၌ စိုးအေမိကလည်း လုံခကျော်နားကပ် ကာ . . .





“ကိုကို . . . အဲဒါ ဟိုတလောက ကားအက်ဆီးဒင့်ဖြစ် ပြီး သူ့ယောက်ျားဆုံးသွားတဲ့ မိန်းမ မဟုတ်လား”

“ဟုတ်တယ်လေ”

“လှတယ်နော် . . . ငယ်လည်း ငယ်တယ်”

“အင်း”

“သူ့ကိစ္စတွေ ခုထိ ကိုကို လိုက်လုပ်ပေးရတုန်းပဲလား”

လုံခကျော်က စိုးအေမိ အမေးကို ပြုံးလျက်သာ ခေါင်း ညိတ်ပြမိသည်။

“ကိုကို အစကတည်းက သူ့ကို ကြိုက်ခဲ့တာ မဟုတ် လား”

“ဟာ . . . ဒီကောင်မလေး . . . ဘာတွေ လျှောက်ပြော နေတာလဲ”

“စိုး သိပါတယ်နော်”

“ဟာ . . . ဘာသိတာလဲ၊ နေရင်းထိုင်ရင်း”

“ဖုန်းဆက်လိုက်ရင် မအားဘူးချည်းဘဲ၊ ညည်းနေတာ သူ့အတွက်ကြောင့်မို့လား”

“မဟုတ်ပါဘူး . . . တစ်ခြားကိစ္စတွေပါ”

လုံခကျော်မှာ မနည်းဖြေရှင်းနေရပါသည်။ အရင်က တည်းက စိုးအေမိ မိဘတွေနှင့် ဒက်ဒီက ခင်မင်နေခဲ့တာမို့ သူတို့ ရင်းနှီးခဲ့တာလည်း ကြာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိုးအေမိက သူ့ဆီ မကြာခဏ ဖုန်းဆက်တတ်သည်။ ဟိုဟိုဒီဒီ လိုက်ပို့ခိုင်း၊ ရုပ်ရှင်ပြခိုင်း၊ မုန့်ဝယ်ကျွေးခိုင်းနှင့် ကလေးဆန်ဆန် ချွဲနွဲ့တတ်သူလည်း ဖြစ်သည်။

တစ်အောင့်လောက် အကြာမှာပဲ သုနီနှင့် အန်တီခိုင်ထွန်းတို့ ဆရာဝန် အခန်းထဲက ပြန်ထွက်လာကြသည်။

"ထွက်လာပြီ. . . ကိုကို သွားလိုက်ဦးမယ် စိုးအေမိ"

လုံခကျော်က ခပ်မြန်မြန် စကားဖြတ်ပြီး နှုတ်ဆက်လိုက်၏။

"မေမေ. . . ဦးတင်မင်းထွန်း ရောက်နေပြီ"

ရွှေသုနီက ငိုးချဲ့လေးတွန်းကာ လာပြော၏။ အခု လောလောဆယ် ငိုးချဲ့နှင့်ပဲနေရသေးသည်။ ထပ်ပြီး ခွဲစိပ်ကုသရဦးမှာ မဟုတ်လား။

"အေး. . . ဟုတ်လား၊ သူပြောထားတယ်၊ အင်္ကျီချုပ်ဆိုင် လိုက်ပို့ပေးမယ်တဲ့၊ သမီးအတွက်ရော မေမေ့အတွက်ရော အင်္ကျီစတွေ ဝယ်ထားတယ်"

နိုင်ငံရပ်ခြားမှာ လချီနေရမယ့်ဆိုတော့ နဂိုဝတ်နေကျ အဝတ်အစားတွေနှင့် မဖြစ်တော့ပါ။

ဟိုက စတိုင်လ်နှင့်မှ အဆင်ပြေမည်။

ထမိထက်စာလျှင် ကုတ်အင်္ကျီနှင့်ဘောင်းဘီက ပို သင့်တော်မည်။





ဒေါ်ခိုင်ထွန်းပင် ဟောင်ကောင်ပုံစံဘောင်းဘီနှင့် အင်္ကျီအရောင်တူ ဝမ်းဆက်လေးတွေ ဆယ်စုံမက ချုပ်ဖို့ ဝယ်ထားပြီးပြီ။

"မေမေ ဒါဆို၊ ဟိုအပြာဖျော့လေးနဲ့ မရမ်းနုလေးအတွက် သမီးဘီရိုထဲက ဘောင်းဘီအတိုင်း ယူသွားဦးနော်၊ ကိုယ်တိုင်းလည်း မပေးထားတော့ ပုံမကျ ဖန်းမကျဖြစ်မှာစိုးလို့"

"အေး. . . အေး၊ မေမေ ယူလိုက်မယ်၊သမီးရဲ့စတိုင်လ်ဝင်နဲ့တွေ မေမေ သိတယ်၊ ဒီတိုင်း ဘောင်းဘီအပွတွေလည်း ခင်များများ အပ်ရဦးမှာ၊ ဟဲ့. . နေဦး၊ ကိုတင်မင်းထွန်းကို အအေးရော ဖျော်ပေးထားရဲ့လား၊ ဧည့်ခန်းမှာ ဒီတိုင်း ငုတ်တုတ်ပဲလား"

"မိဝိုင်းကို သမီးမှာခဲ့ပါတယ်"

"ဟုတ်လား ဒါဆိုပြီးရော"

"မေမေ ထွက် ဧည့်ခံဦးလေ၊ ပြီးမှ ယူစရာရှိတာတွေ ယူပေါ့"

"အေး. . . သမီးလေး၊ အဲဒါ ကောင်းသားပဲ"

မေမေက ဧည့်ခန်းဆီ ပြန်ထွက်သွားသည်။

အခုတော့လည်း ဝမ်းနည်းပူဆွေးမှုတွေ အတန်ငယ် အနည်ထိုင်သွားရပါပြီ။

ကျန်ခဲ့တဲ့ လူတွေလည်း ကိုယ့်ဘဝခရီး ကိုယ်လျှောက်ရဦးမှာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူနီမှာ ခင်ပွန်းသည် မရှိတော့ပေမယ့် စိတ်ဓာတ် ကြံ့ခိုင်ဖို့တော့ လိုသေးသည်။ ကျန်းကျန်းမာမာနှင့် ဒဏ်ရာဖြ ကောင်းသွားဖို့ အရေးကြီးသည်။

သူနီတို့ဘာသာဆိုရင် စက်ာပူထိ သွားရောက်ဆေး ကုသဖို့ ငွေကြေးတတ်နိုင်မှာ မဟုတ်ပါ။ အခုတော့ လိုအပ်သမျ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးသော ကိုလှုံခတို့သားအဖတ လည်း မေမေက ကျေးဇူးတင်နေပါပြီ။

လုပ်သင့်တာကို လုပ်ဖို့လည်း အသင့်ဖြစ်နေပြီ။ တည တည်ငြိမ်ငြိမ်နှင့်ပဲ စက်ာပူထွက်ဖို့ ပြင်ဆင်နေပါ ပြီ။

“ဦးတင်မင်းထွန်း အစောကြီး ရောက်လာသားပဲ”

“ဒေါ်ခိုင်ထွန်း နေကောင်းတယ်နော်၊ သမီးရော”

“ကောင်းပါတယ်၊ သမီးကို စက်ဆိုင်အပ်ချင်တဲ့ အဝတ် အစားအတိုင်းတွေ ရွေးခိုင်းနေတာ”

“အေးဗျာ. . . ကလေးမက မလိုက်နိုင်တော့ မအေ ဈေးဝယ်ထွက်ရမှာပေါ့”

“ဦးတင်မင်းထွန်းရော အချိန်ရရဲ့လား၊ မရရင် ကျွန် ကို ထားခဲ့ပြီး ပြန်ချင်ပြန်လေ”

“ရပါတယ် . . . မထားခဲ့ပါဘူး”

သူ့ပြောပုံကြောင့် ဒေါ်ခိုင်ထွန်း မျက်နှာမှာ နွေး ဖြစ်သွားရသည်။





သမီးအတွက်ပဲ အရာရာပေးဆပ်ရင်း အထီးကျန်ဖြစ် မှန်းမသိ တစ်ယောက်တည်း အထီးကျန်ဖြစ်နေသော ဒေါ် ခိုင်ထွန်းမှာ အခုမှပဲ စကားပြောဖော်ကောင်းကောင်းရပါတော့ သည်။

ပြီးတော့ နိုင်ငံရပ်ခြားသွားဖို့ဆိုတာ ကိုယ်လည်း တစ်ခါ မှ မသွားဘူး၊ ဘာမှလည်း နားမလည်၊ အစစအရာရာ သူတို့ကပဲ ဦးဆောင်လမ်းပြနေတာ မဟုတ်လား။

ဈေးဝယ်ထွက်တာကအစ ဘာတွေလိုမလဲ ညွှန်ပြပေး ၏။

တအောင့်မျှ စကားစမြည် ပြောနေကြပြီးလျှင် ဒေါ်ခိုင်ထွန်းက အဝတ်အစားလဲ အသင့်ပြင်သည်။

သုနီက မေမေ့မှန်တင်ခုံနား ဝီးချဲရပ်ရင်း ငေးနေမိ ကာ. . .

“မေမေ. . . ပြီးပြီလား”

“အင်းလေ”

“နာထင်နားက ဆံပင်အချောင်းလေးချထားဦးလေ၊ အကုန်သိမ်းကျုံးလှန်ဖြီးလို့ ကြည့်မကောင်းပါဘူး”

ဟိုတလောက မေမေ့သူငယ်ချင်းသမီးက သူ့ဖြူးတီး ဆလွန်းကို ခေါ်သွားပြီး မေမေ့ဆံပင်ကို ခေတ်မီပုံစံအချွန်လေး တွေ ညှပ်ပေးထားသဖြင့် မေမေ့မျက်နှာက ငယ်နုသွားရကာ



www.burmeseclassic.com

www.burmeseclassic.com



ဆံညှပ်နှင့် ခေါက်တင်ထားရင်တောင် ဆံစလေးတွေက ထောင်ထောင်ကားကားလေး ဖြစ်ပြီး အင်မတန်ကြည့်လို့ကောင်းသွားတာ။

အဲဒါကို မေမေက ခါတိုင်းလိုပဲ ဆီလိမ်းပြီး အပြောင်သိမ်းတော့ ဘာထူးမလဲ။

သုနီက ပြောပြောဆိုဆို ဆံပင်အချောင်းလေးတွေ ပြန်ချပေးလိုက်သည်။

"ဒီလောက်လှတဲ့ ဥစ္စာကို"

"ရှုပ်ပါတယ်အေ"

"မရှုပ်ပါဘူးနော်. . . ရော့၊ နှုတ်ခမ်းနီပန်းရောင်လေး ဆိုးလိုက်၊ မေမေဝတ်တဲ့ ဒါးကြီးက ပန်းရောင်စပ်ရေလးမို့လား၊ ဒီနှုတ်ခမ်းဆိုးဆေးနဲ့ လိုက်တယ်၊ ဒါက ထူပျစ်ပျစ်ကြီးလည်း မဟုတ်ဘူး၊ အရည်လေးပဲ၊ အဆီလေးလို စိုနေတာပဲ ရှိမယ်၊ ဘာမှ မသိသာဘူး"

မေမေက အလှပြင်သလိုဖြစ်မှာ ရှက်နေသည်။

အပြင်ထွက်တာပဲ သပ်သပ်ရပ်ရပ်လေးတော့ ပြင်ဆင်ရဦးမှာပေါ့။

ဆေးရုံတက်ရတဲ့ ကာလတွေမှာ မေမေပင်ပန်းထားတာကို သနားနေမိသဖြင့် သုနီက မေမေ့ကို လန်းလန်းဆန်းဆန်း ပြန်ဖြစ်စေချင်သည်။





မေမေက သူဘာသာဆိုလည်း အပြင်တွေ ဘာတွေ သိပ်ထွက်တာ မဟုတ်။

အိမ်က ဟွန်ဒါကားကို ဖျက်စီးသမျှ ပြန်ပြင်ပြီး ရောင်းထုတ်လိုက်ပြီ။ အခု သွားစရာရှိရင် ဦးတင်မင်းထွန်းက ကားပေးသုံးထားသည်။ ဒရိုင်ဘာလည်း လွှတ်ပေးသည်။ အားလျှင် အားသလို သူကိုယ်တိုင် လိုက်ပို့ပေးတာမျိုးလည်း ရှိသည်။

သုနီတို့ သားအမိကို အဖက်ဖက်က လိုလေသေးမရှိ ကူညီပံ့ပိုးပေးသည်။ ဒါပေမယ့် သုနီတို့ကလည်း တစ်ပါးသူဆီက အခွင့်အရေးတွေ အများကြီး မယူချင်ဘူးလေ။ မလွှဲသာသော အကြောင်းတွေကြောင့်သာ။

သူ့မလည်း လမ်းမြန်မြန်လျှောက်နိုင်မှ ဖြစ်မည်။

မေမေ့အတွက် အထောက်အကူပြုကာ ကျေးဇူးဆပ်နိုင်သော သမီးတစ်ယောက် ဖြစ်လိုပါသေးသည်။

ရွှေသုနီသည် သူ့မမိခင်ကို နှုတ်ခမ်းနီဗူးလေး ဖွင့်ပေးလိုက်၏။ မေမေက စုတ်တံနှင့် နှုတ်ခမ်းကို တစ်ချက်နှစ်ချက်ဆွဲကာ နှုတ်ခမ်းချင်းဖိကပ်ရင်း အရောင်ကို ပြန့်သွားစေလိုက်သည်။

"ကဲ. . . ပြီးပြီ၊ မေမေ သွားမယ်၊ သိပ်မကြာဘူး၊ လိုတာမိဝိုင်းကို လုပ်ခိုင်းနော် သမီး၊ ကိစ္စရှိရင် ဦးတင်မင်းထွန်း ဟင်းနဲ့ဖုန်းကို ခေါ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ . . . သမီးကို စိတ်ချ"

ထို့နောက် မေမေနှင့် အန်ကယ်လ်တို့ နှစ်ယောက်သား စကားတပြောပြော ထွက်ခွာသွားကြပါသည်။ လက်ထဲက အထုပ်အပိုးတစ်ချို့ကို အန်ကယ်လ်က ကူဆွဲပေးတာတွေ့ရသည်။

အခုလို မေမေ့နားမှာ ကောင်းမွန်သော အဖော်တစ်ယောက် ရှိနေတာ သူနီ ကျေနပ်နှစ်သိမ့်လိုက်ပါသည်။

သူမရဲ့ ချစ်တဲ့ 'ကို' ကတော့ လောကကြီးထဲမှ စောစီးစွာ ထွက်ခွာသွားခဲ့ပြီနော်။



ဦးတင်မင်းထွဋ်နှင့် ဒေါ်ခိုင်ထွန်းတို့သည် ပထမဦးဆုံး အစ်ချုပ်ဆိုင်ဝင်ပြီး အထည်အပ်သည်။ ထို့နောက် ကမ္ဘာအေးဖက်က အိတ်စ်ပို့ကွာလတီအထည်ဆိုင်ကို ဝင်သည်။

ပြီးနောက် စမ်းချောင်းက ဆိုင်ကလည်း သွားဝယ်သည်။

အဲဒီကမှ တစ်ခါ ပလာဇာထဲ ပတ်သေး၏။ တိုင်တိုင်ပင်ပင် ဝယ်ရခြမ်းရသဖြင့် ပို၍ ရင်းနှီးအဖွဲ့ကျလာရသည်။

ဒေါ်ခိုင်ထွန်းက ငွေကို ချင့်ချင့်ချိန်ချိန် သုံးစွဲတတ်သူမို့ ဈေးနည်းတာတွေပဲ ရှာဖွေသည်။

ပြီးတော့ ဈေးလည်း ဆစ်သည်။ သူက ယောကျ်ားတစ်ယောက် ဈေးဝယ်သလို ဝယ်တော့ခက်သားပဲ။ ဘာမှလည်း မဆစ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွန်းဈေးကပ်ထားတဲ့ ဆိုင်တွေတော့ ပြဿနာ မရှိပါ။

အဲဒါတောင် သူက သူ့ဒွေးဆိုတော့ အကောင်းစားပဲ မျက်စိက မြင်တာ။

"ဒေါ်ခိုင်ထွန်း အဲဒီဆိုင် မဝင်နဲ့ဗျ၊ တရုတ်ထည်ကြီးပဲ"

"အို . . . ဘာဖြစ်လဲ၊ ဈေးတော်တာလေးတွေ ကြည့်ရဦးမှာပေါ့"

"လာပါ. . . တစ်ခြားဆိုင် ကျွန်တော်ပြမယ်"

"ရှင်ဝင်တဲ့ ဆိုင်တွေက ဈေးတွေ စွပ်မြောက်နေတာချည်းပဲ၊ တော်ရုံ Brand ဘရန်းဒ်လောက်ဆို ရပါပြီ၊ ဆေးကုဖို့သွားမှာပဲ၊ သက်သက်အလည်အပတ်ထွက်တာမှ မဟုတ်ဘဲ"

"သိပ်ပေါတာတွေ မကောင်းပါဘူး"

"သိပ်များရင်လည်း မတတ်နိုင်ဘူးလေ"

သူက ဦးထုပ်၊ ခါးပတ်လို အသုံးအဆောင်တွေဆိုလည်း အကောင်းစားချည်းပဲ ကြည့်တော့တာပဲ။

"ရှင်နဲ့ အတူတူ ဝယ်လို့တော့ မဖြစ်တော့ဘူး"

ဦးတင်မင်းထွဋ်က ရယ်ရင်း. . .

"ဘာဖြစ်လို့လဲဗျ"

"ရှင် အအေးဆိုင်မှာ ထိုင်နေ၊ ကျွန်မတစ်ယောက်ထဲ လျှောက်ကြည့်မယ်"





"ဟာ. . . မထိုင်နေပါဘူး"

"အဲဒါဆို တိတ်တိတ်ပဲလိုက်ခဲ့၊ အဆင်ပြေတာ၊ ကျွန်မ ကြည့်မယ်"

"ဒေါ်ခိုင်ထွန်းက ဖက်ရှင်အမြင်တော့ ရှိပါတယ်ဗျာ၊ ဒါပေမယ့် ကပ်စေးနှဲနေတယ်"

"အို. . . ကပ်စေးနှဲရမှာပဲ၊ ကိုယ့်ရှိတာနဲ့ တိုင်းထွာသုံးရတာလေ၊ ရှင်တို့လို ဘုံးပေါလအောာ မသုံးနိုင်ဘူး"

စိတ်တိုတိုနှင့် မျက်စောင်းလှည့်ထိုးကာ ပွင့်ပွင့်လင်းလင်း ပြောချလိုက်မိ၏။

သူ့လို သူ့ဒွေးသုံး သုံးနိုင်မလား။ အခြေအနေချင်းမှ မတူတာပဲ။

အငြင်းပွားရင်း တိုင်ပင်ရင်း အတူဈေးဝယ်ထွက်ရင်းက လူကြီးနှစ်ယောက်မှာ ရင်းနှီးမှန်းမသိ ပို၍ ရင်းနှီးလာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

လေဆိပ်ဆင်းရမည့် မနက်မှာ ဦးတင်မင်းထွန်းတို့ သားအဖက မိုးမလင်းခင်ပင် အိမ်သို့ အစောကြီးရောက်လာပါသည်။

မေမေက စားပွဲမှာ ဘရိတ်ဖတ်စ်ပြင်နေသည်။

ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ပေါင်မုန့်ထောပတ်သုတ်၊ ကော်ဖီတို့ အားလုံး ပြင်ဆင်ပြီးသား။

လေးယောက်အတူတူပဲ ဘရိတ်ဖတ်စ် စားကြသည်။ မီးဝိုင်းက ဘေးကနေ လိုတာကူ လုပ်ပေးပါသည်။ မေမေ့အစ်မဝမ်းကွဲ ကြီးကြီးမာကလည်း အိမ်စောင့်လာနေပေးဖို့ ရောက်နေပါပြီ. . . ။

အစစအရာရာ ဟာကွက်မရှိအောင် စီစဉ်ပြီးနောက် ဒီဆယ့်ခြောက်ရက်နေ့မှာတော့ စက်ဘူကို ထွက်ခွာဖို့ အသင့်ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ စားပြီးနောက် အဝတ်အစားလည်း အသင့်
ထားပြီးသားမို့ ခရီးဆောင်အိတ်တွေ၊ သားရေသေတ္တာတွေ ကား
ပေါ်တင်ကြသည်။

မနက်က ဘုရားရှိခိုးပြီးသားဆိုပေမယ့် ထွက်ခါနီး
ကမန်းကတန်း ဘုရား ဦးချလိုက်ပါသေးသည်။

ရွှေသုနီသည် နက်ပြာရောင်အကြီဘောင်းဘီရှည်
ဖြင့် ကုတ်ကလေးပါ ထပ်ဝတ်ထားပြီး၊ လည်မှာပုဝါလေး တလွ
လွင့် စည်းနှောင်ထား၏။

သူမ မျက်နှာလေးမှာ ယုံကြည်ချက်တစ်မျိုးဖြင့် ထ
သန်နေသည်။

ဒီတစ်ကြိမ် အော်ပရေးရှင်းလုပ်ပြီးရင်တော့ လ
လျှောက်နိုင်ပြီဟု ဆရာဝန်ကြီးက ခန့်မှန်းထားသည်။

အိမ်က ထွက်တော့ ကိုလုံခကပဲ သူမကို ချီပိုးဖေးမ
သည်။

"ကျေးဇူးပါပဲ"

"ဒါတွေ ပြောစရာလားကွာ"

ကြင်နာတတ်သော စိတ်သဘောထားပြည့်ဝသော သူ
မျက်နှာမှာ ကြည်လင် ရှင်းသန့်နေပါသည်။

ကားတိုက်မှုဖြစ်ပြီးကာစတုန်းကတော့ သူ့ကိုမြင်ရင်
သုနီ အလိုလို ဒေါသထွက်သည်။





သူတို့ကြောင့်ကို သေခဲ့ရတာဟု ရင်ထဲခံပြင်းကြီးစွာ
မကျေမနပ် ဖြစ်မိသည်။

နောက်တော့လည်း အခြေအနေမှန်ကို တစ်စတစ်စ
နားလည်ခဲ့ရသည်။

တကယ်တော့ သူ့ဆီမှာလည်း ဘာမှ အပြစ်မရှိပါ။

ကံကြမ္မာကိုက ဒီလိုဖြစ်ဖို့ သတ်မှတ်ထားတာ။

သူနှင့် နီးစပ်ဖို့များ ကိုက လောကကြီးက စွန့်ခွာထွက်
သွားသလားဟု တစ်ခါတစ်ခါ အောင့်မေ့မိသည်။

တွေးလိုက်တိုင်း ရင်ထဲ မချိအောင် နင့်လာရ၏။

အခုလည်း သုနီကိုယ်တိုင် ကိုလုံခတို့ အကူအညီနှင့်
ဆေးသွားကုရမှာပါ။

ကိုရယ် ခွင့်လွှတ်ပါနော်။ အစကတည်းက အူမတိုတတ်
တဲ့ကိုက ဒီလို ရှေ့ဆက် ပတ်သက်နေတာကို ခွင့်လွှတ်ကြည်ဖြူ
မှာပါ။

"သုနီ"

"ရှင်"

"ဘာတွေတွေးနေတာလဲ၊ ပတ်စ်ပို့ ထည့်ထားတဲ့အိတ်
ပါပြီနော်"

"အင်း. . . မေမေ့ဆီမှာ"

"အန်တီ ပြန်စစ်ဦးနော်၊ ယူစရာတွေ အစုံပါပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"စုံပြီးသား၊ စိတ်ချ၊ ဒီမှာ အကုန်ထည့်လာတယ်"

ပလပ်စတစ်ဖိုင်အကြည်လေးထဲမှာ လိုအပ်တဲ့စာရွက်စာတမ်းတွေ သေချာထည့်ထားသည်။ ဒက်ဒီ့ကိုတော့ ဘာမှ ပြောစရာ မလို။ ဒက်ဒီက နိုင်ငံခြားခရီးကို အိမ်ဦးနှင့် ကြမ်းပြင်လို အခေါက်အခေါက်အခါခါ သွားလာနေကျမို့ သတိပေးဖို့ပင် မလိုပေ။ သူဟာသူ ကျကျနန စီစဉ်ပြီးသား။ ပြီးတော့ ဒက်ဒီက ဘာမဆို ကြိုတင်ပြင်ဆင်ထားတတ်သည်။

ဒီလိုနှင့် ဒရိုင်ဘာမောင်းသော စူပါရုဖ်ဗင်ဖင်ကောက် အဖြူလေးနှင့် မင်္ဂလာဒုံလေဆိပ်သို့ ရောက်ရှိလာကြသည်။

သူတို့ရောက်တော့ ခုနစ်နာရီဆယ်မိနစ်။

ပြည်ပထွက်ခွာ Departure အဆောက်အဦးထဲ ဝင်လိုက်တော့ စိမ့်ခနဲ အေးသွားသည်။

ခုနစ်နာရီခွဲ ထွက်မှာက ဘန်ကောက်လေယာဉ်။

နံနက်ပိုင်း တစ်ချိန်လုံးထွက်မည့် ခရီးစဉ်တွေ စီတန်းနေပါသည်။

ကာတာ၊ ဘန်ကောက်၊ စင်္ကာပူ၊ ထိုင်းလေယာဉ်တွေ တန်းစီနေတာမို့ လူတွေကလည်း ပစ္စည်းတွေ လက်တွန်းလှည်းနှင့်တွန်းကာ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဝင်သွားကြသည်။

ဘန်ကောက်လေယာဉ်ထွက်တော့ နည်းနည်း ရှင်းသွားပေမယ့် စင်္ကာပူခရီးစဉ်အတွက် အများအပြားတန်းစီရပြန်သည်။





တစ်ခြားသူတွေက လေဆိပ် လိုက်ပါပို့ဆောင်နှုတ်ဆက်သူတွေ အများကြီး။ သူမတို့ကိုတော့ လိုက်ပို့နှုတ်ဆက်ဖို့ ရပ်ကျန်ခဲ့တာ ကိုလုံခ သူငယ်ချင်းနှစ်ယောက်ပဲ ရှိ၏။

အထဲဝင်ပြီးမှ ကိုယ့်လူကိုယ် ပြန်လက်ပြနေကြသည်။

ထို့နောက် စစ်ဆေးခံပြီး အပေါ်ထပ်သို့ တက်ရသည်။

သူမက ဓာတ်လှေကားနှင့်။

ပြည်ပခရီး တစ်ခါမှ အတွေ့အကြုံမရှိတာမို့ အားလုံးမှာ က အသစ်အဆန်း ဖြစ်နေသည်။ ဒါပေမယ့် ဘေးမှာ အဖော်တွေပါတော့ အားရှိသည်။

လိုတာအကုန်လည်း သူတို့ရှေ့ကနေ လုပ်ပေးသွားသည် မဟုတ်လား။ လေယာဉ်ပျံကြီး စီးရတော့မှာမို့ ရင်တော့ခုန်သည်။ ခြေဖျားလက်ဖျားတွေလည်း အေးစက်စေးထန်းလာ၏။

အသံတိတ် ဘုရားစာ ရွတ်နေမိသည်။

ကိုလုံခက သူမမျက်နှာလေးကို ကြည့်ရင်း. . .

"သုနီ စိတ်လှုပ်ရှားနေတယ် ထင်တယ်"

"အင်း"

"ဘာမှ မကြောက်ပါနဲ့၊ ကျွန်တော်တို့ ရှိသားပဲ"

"တစ်ခါမှ မစီးဘူးတော့ တစ်မျိုးကြီးပဲ"

"စီးလိုက်ရင် သဘောကျသွားမှာပါ"

သူက သုနီကို ထွေရာလေးပါး လျှောက်ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေယာဉ်ပေါ်သို့ အသီးသီး တက်ခဲ့ကြပါသည်။ သူတို့ သားအဖက ရှေ့ခုံ၊ သူမတို့ သားအမိက နောက်ခုံ။

ပြေးလမ်းကို တစ်ပတ်ပတ်ပြီး လေယာဉ်ကြီး စ,လည်တော့ ရင်ထဲမှာ သိမ့်ခနဲ ခုန်သွားရသည်။

အပေါ်ရောက်တော့ ဘာမှ သိပ်မသိသာပါ။ ဒါပေမယ့် သုနီကတော့ အသည်းအေးနေသည်။ သူများတွေကြည့်တော့လည်း ကိုယ့်ဟာကိုယ် သက်တောင့်သက်သာပါပဲ။ ဘာမှထူးခြားမနေ။

သူတို့က စီးဖူးနေကျမို့လို့ ထင်သည်။

ကိုလုံခတို့ သားအဖကလည်း အေးအေးဆေးဆေး။

"မေမေ"

"ဟင်. . . ဘာလဲ သမီး၊ ဘာလို့လဲ ရေဆာလို့လား"

"မဟုတ်ပါဘူး၊ ဟိုရောက်ရင် သုနီတို့ ဘယ်မှာနေရမှာလဲ၊ ဟိုတယ်မှာနေရင် စရိတ်ကြီးမယ်နော်"

"ဦးတင်မင်းထွန်းနေတဲ့ အိမ်လေးရှိတယ်ပြောတာပဲ၊ အဲဒီမှာ တည်းကြမယ် ထင်တယ်"

"အားနာစရာကြီးနော်"

"ဩော်. . . သမီးရယ်၊ ဘယ်တတ်နိုင်ပါ့မလဲ"

ကိုလုံခသည် သူ့ကိုယ်သူ အပြစ်မကင်းသော ခံစားချက်မျိုး ခုထိရှိနေတုန်းပဲဆိုတာ သုနီ ရိပ်မိပါသည်။





သူ့အကြည့်ထဲမှာ သုနီအပေါ် စာနာသနားသော အရိပ်အယောင်တို့ အမြဲပါနေသည်။

သုနီအတွက်ဆို ဘာပဲအနစ်နာခံရခံရ သူခံမည့်ပုံရှိနေသည်။

ဘဝဆိုတာလည်း အခြေအနေပေးသလိုလျှောက်လှမ်းရတာပဲနော်. . .။

သူနှင့်အတူ လေယာဉ်ကြီးစီးပြီး စင်္ကာပူအထိ သွားရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဘူးပါ။

သုနီသည် စိတ်လှုပ်ရှားပြေအောင် မေမေနှင့် စကားတွေ ပြောနေလိုက်သည်။

လေယာဉ်ဆိုက်သောအခါ လေဆိပ်မှာ ဦးတင်မင်းထွန်း၏ တပည့်တစ်ယောက်က လာကြိုသည်။ တစ်ခြားနိုင်ငံသစ်တစ်ခု ရေမြေသစ်တစ်ခုကို ခြေချရသော ခံစားချက်သည် အနည်းငယ်တော့ ဟာတာတာဖြစ်သည်။

ပစ္စည်းတွေ ကားပေါ်တင်ပြီးနောက် တည်းခိုရမည့် အိမ်သို့ ကားမောင်းလာရာ သုနီသည် တစ်လမ်းလုံး မြင်မြင်သမျှ အဆောက်အဦ တိုက်တာတွေကို ငေးမောလိုက်ပါလာမိ၏။

လေဆိပ်ကနေ အတန်ကြာအောင် မောင်းပြီးသောအခါ ခြံဝင်းနှင့် နှစ်ထပ်တိုက်အိမ်လှလှလေးတစ်ခုရှေ့သို့ ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ. . , အိမ်လေးက ချစ်စရာလေးနော်"

သုနီ စိတ်ထဲ လန်းဆန်းရွှင်ပျသွားရ၏။

ခမ်းနားလှပတောက်ပြောင်နေသော အိမ်ကလေး

ဝင်လာရတာဟာ အိပ်မက်ဆန်နေသည်။

မေမေနှင့် သူမအတွက် အောက်ထပ်အခန်းကျ

တစ်ခုကို ပြင်ထားပေး၏။

ကိုလုံခတို့ သားအဖက လိုလေသေးမရှိအောင် ကြို

ပြင်ဆင်ပေးထားသည်။

"သုနီ လွတ်လွတ်လပ်လပ်နားနော်၊ တစ်ရက်နှစ်ရက်

ဒီမှာ နေတတ်သွားမှာပါ"

"သုနီ နေတတ်ပါတယ် ကိုလုံခရယ်"

"လိုတာရှိလည်း ပြောပေါ့ဗျာ၊ အားမနာပါနဲ့"

"ပြည့်စုံနေပါပြီ"

ကားထဲကနေ သူပဲ ပွေ့ချီခေါ်လာတာမို့ သုနီ သူ

မျက်နှာကို စေ့စေ့ မကြည့်ရဲ။

အပြင်တစ်ခါထွက်တိုင်း ရွှေ့ခနဲ ပွေ့ချီရတာက သူ

မဟုတ်လား။ ရှက်ရွံ့ မျက်နှာပူလှသည်။ သူ့ကို တစ်ခါ ကြည့်

တိုင်းလည်း သုနီ အာရုံထဲ ကိုက ပေါ်ပေါ်လာသည်။ ကို့ကို

သတိရသည်။

ဒါပေမယ့် ပြီးသွားတဲ့ အရာတွေက ပြန်မရနိုင်တော့ပါ





ကို့ရဲ့ကြင်နာအလိုက်သိမှုတွေကို အတွေးထဲ တမ်းတလို့

ပဲရမည်။ ကိုက ပြန်ရှင်လာမှာ မဟုတ်ဘူးလေ။

သုနီ မျက်နှာလေးတစ်ချက် ညှိုးကျငိုင်တွေသွားတာကို

လုံခ သတိပြုလိုက်မိသည်။

"စိတ်မကောင်းစရာတွေ ပြန်မတွေးဘဲ နေကောင်း

အောင် အားရှိအောင် နေနော်"

ဟော. . . သူက မျက်နှာတစ်ချက်ညှိုးတာနှင့် သိနေပြီ။

"အင်းပါ"

သုနီက ခပ်လေးလေး ခေါင်းညိတ်လိုက်၏။

သူထွက်သွားလျှင် အခန်းထဲဝင်ခဲ့ပြီး မေမေ့အကူအညီ

နှင့်အဝတ်အစား လဲလှယ်လိုက်သည်။ လူက ဘာမှ မပင်ပန်းဘဲ

စိတ်တွေက မောဟိုက်နေတာ။

ဘာမှ မစဉ်းစားဘဲ ကုတင်ပေါ် လှဲချလိုက်မိ၏။

မျက်လုံးကို စုံမှိတ်ကာ အသက်မှန်မှန် ရှူနေမိ၏။

မေမေက သူမကို လှမ်းကြည့်နေသည်။

ထို့နောက် သူမ မှေးခနဲ တစ်ချက် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

လုံခကျော်က တိုက်ထဲကနေ ထွက်လာသည်။

ခြံထဲမှာ ရွှေသုနီက ပန်းခင်းအဝါလေးကို ငေးကြည့်ရင်း ဘာတွေတွေးနေသလဲ မသိ။

ဆံနွယ်စင်းစင်းလေးကို ဒီအတိုင်းချထားပြီး ဘာလိမ်းခြယ်မထားသော မျက်နှာလှလှလေးမှာ ပါးနှစ်ဖက် ဝင်းစိုပြီး နှာတံစင်းစင်း နှုတ်ခမ်းထူထူစုစုလေးဖြင့် ပင်ကိုယ်သဘာဝကပင် ချစ်စရာကောင်းသော မျက်နှာလှလှလေးကို ပိုင်ဆိုင်သည်။

သူမ မျက်နှာကို မြင်ရတာ ပန်းကလေးတစ်ပွင့်ကို ကြည့်ရတာနှင့် တူသည်။

ရင်ထဲမှာ လန်းဆန်းအေးမြစေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ မျက်နှာလေးကို ခပ်ငေးငေး ကြည့်မိရင်း လုံခကျော် ဖြေးဖြေးလျှောက်လှမ်းလာသည်။

အနားရောက်မှ သတိထားမိတာကတော့ သုနီက နားကျပ်လေးနှင့် သီချင်းနားထောင်လျက် ရှိတာပါပဲ။

သူမရဲ့ကော်ဖီရောင် ကုတ်အကျႌလေးထဲမှာ အမ်ပီဖိုးပလေယာ ရှိပုံရသည်။

သူမက သီချင်းကြိုက်ပုံရသည်။

တစ်ခါတလေ သီချင်းနားထောင်နေတာ တွေ့ရသည်။

အနားရောက်တော့မှ သုနီက ကိုလုံခကို လှမ်းတွေ့သွား၏။

လက်ထဲမှာလည်း ကော်ဖီဗန်းနှင့် . . .

"ဘာတွေ နားထောင်နေတာလဲ"

သုနီက နားကြပ်ကလေးဖြုတ်ကာ ပြုံးလိုက်ရင်း. . .

"အိန်ဂျယ်"

"ကောင်းလား"

"အင်း. . . မဆိုးပါဘူး"

"ကော်ဖီသောက်ရအောင်"

အနားမှာ ဗန်းကို ချပြီး ပြော၏။

"သုနီ မနက်က သောက်ပြီးပါပြီ"

"ထပ်သောက်ပေါ့ဗျာ"





သူက ကော်ဖီပန်းကန်လုံးကို မ,ယူပြီး သုနီလက်ထဲ ပေး၏။

"အရမ်းပူတယ်"

"ဟုတ်လား၊ ရေနွေးဆူဆူနဲ့ ဖျော်လာတာ"

သူလည်း တစ်ခွက် မ,ယူပြီး ခပ်ပူပူပဲ မှုတ်သောက်၏။

"သုနီ မနက်ဖြန် ဆေးရုံတက်ရမှာနော်"

"အင်း. . . အဲဒါတွေးပြီး စိတ်လှုပ်ရှားနေတာ"

"သုနီက သတ္တိရှိပါတယ်"

"ရှင်တို့က အားပေးကြလို့ပါ"

"ကျွန်တော်တို့ အနားမှာ ရှိမှာပါ၊ ဘာမှ မပူနဲ့"

"ကျေးဇူးတင်ပါတယ်"

"သူစိမ်းဆန်တဲ့ စကားမပြောပါနဲ့"

"ကျွန်မ တကယ် ကျေးဇူးတင်လို့ပါ"

တစ်ဦးနှင့်တစ်ဦး အကြည့်ချင်း ဆုံမိကြသည်။

လုံခကျော် မျက်လုံးထဲမှာ နားလည်ခြင်း၊ ကြင်နာသနားခြင်း၊ ဂရုတစိုက် ဖေးမလိုခြင်း၊ အနစ်နာခံ ပေးဆပ်လိုခြင်းတွေ ယှက်သန်းနေတာ သုနီ အခုတလော သတိထားမိလာသည်။

"ဆေးရုံက ဆင်းပြီးရင် ကျွန်တော်တို့ လျှောက်လည်ကြမယ်နော်၊ ဒီမြို့ကို သဘောကျတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ၊ ကျွန်မမှ ဘယ်နေရာမှ မရောက်ဖူးသေးတာ"

"ပန်းခြံတွေ ရှော့ပင်းမောတွေ သွားချင်လား"

"အင်း. . . သွားကြည့်ချင်တာပေါ့"

"ဒါဆို မြန်မြန်သက်သာအောင် ကြိုးစားပေါ့"

"သုနီ ကောင်းကောင်းမလျှောက်နိုင်သေးရင် ကျွန်တော်တွဲမှာပေါ့"

"ရှင်တို့ အကူအညီတွေ ယူရတာ များပြီနော်"

"ဒီလို မပြောပါနဲ့ဗျာ"

"ရှင်က ကျွန်မအတွက် တကယ် မိတ်ဆွေကောင်းပါပဲ"

သူမရဲ့စကားကြောင့် ကြည်နူးသွားမိသည်။

သူ့ရဲ့စေတနာမေတ္တာတွေကို တစ်နေ့တော့ ရွှေသုနီနားလည်လာမှာပါဟု သူ ယုံကြည်ထားသည်။

အခုတော့ သူ့အပေါ် ပျော့ပျော့ပျောင်းပျောင်းနှင့် ဆက်ဆံရေးပြောင်းလာပါပြီ။

အရင်လို စိမ်းကားအေးစက်တဲ့ မျက်လုံးတွေနှင့် ခပ်မာမာ မကြည့်တော့။

ရွှေသုနီ သူ့ကို အပြစ်တင်မှာပဲ သူ ကြောက်နေတာ အခုတော့ ဘယ်သူ့ကိုမှ အပြစ်မတင်တော့ဘူး ထင်ပါသည်။





"မေမေက လိုတာလေးတွေ ဝယ်မယ်ဆိုပြီး ထွက်သွားတာပဲ၊ ဒီမှာ တစ်ယောက်တည်းလည်း သွားဖူးတာ မဟုတ်ပါနဲ့"

"ကိစ္စမရှိပါဘူး. . . ဒက်ဒီပါတာပဲ"

"ဟုတ်လား. . . အန်ကယ်လ်နဲ့ သွားတာလား"

သူမက မျက်ခုံးလေး ပင့်သွား၏။

သုနီကို ဒီနားခဏလေးဟုသာ ပြောသွားသည်။

"ဟုတ်တယ်လေ၊ ဒက်ဒီလည်း အန်တီနဲ့အဖော်ရနေပြီ၊ နို့မဟုတ်ရင် ကျွန်တော့်ကို သွားလေရာ ခေါ်နေမှာ"

သုနီ မျက်နှာတစ်မျိုးလေးဖြစ်သွားရင်း ခေါင်းညိတ်၏။

မေမေပုံစံလေးကို သုနီလည်း အကဲခတ်မိပါသည်။

အန်ကယ်လ်ဦးတင်မင်းထွဋ်ရဲ့ ဂရုတစိုက်ပေးဆပ်မှုတွေကို မေမေအသိအမှတ်ပြုရင်း ကြည်နူးကျေနပ်နေတတ်သည် မဟုတ်လား။

မေမေ့ပုံစံလေးက ခုတလော ပိုမိုနုပျိုဖျတ်လတ်ဝင့်စားနေသည်ဟု ထင်မိသည်။

အန်ကယ်ထွဋ်ကလည်း ဆွဲဆောင်မှု ရှိကာ ချောမောရှင်းသန့် ခန့်ညားဆဲပဲဆိုတော့ အတူတိုင်ပင် ပြောဆိုသွားလာနေတဲ့အခါ အမှတ်တမဲ့လိုက်ဖက်ညီတဲ့စုံတွဲပမာပင် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုနှစ်ထဲမှာ တစ်ခါမှမစဉ်းစားဖူးတဲ့အဖြစ်အပျက်တွေနှင့်ပဲ လာတွေ့နေပါသည်။

မေမေ့အတွက် အဖော်သစ်ဆိုတာ စိတ်မကူးမိဘူးတဲ့အရာပဲ။

အမြဲ အေးချမ်းပြီး အေးတိအေးစက် ဘာသိဘာသာနေတတ်တဲ့ မေမေ့မျက်နှာဟာ အခုတလော သွေးရောင်လွှမ်းပြီး တက်ကြွလန်းဆန်းလာတာ အထင်အရှားပါပဲ။

ဒါကို သုနီ ဂရုပြုမိတာ အမှန်။

သူရော သူ့ဖခင်ဘက်ကို အကဲခက်မိတာ ရှိမလား။

နီးစပ်ခင်မင်ရင်းက တစ်ယောက်သဘော တစ်ယောက်နားလည်ကာ အပြန်အလှန် လေးစားသဘောကျနေမိတာမျိုးဖြစ်ကောင်းဖြစ်နိုင်ပါသည်။

တစ်ယောက်နှင့် တစ်ယောက် အဓိပ္ပာယ်ပါပါ အကြည့်ချင်း ဖလှယ်မိကြပြီးနောက် ရွှေသုနီက မျက်လွှာလေးချသွားသည်။

တစ်စုံတစ်ယောက်ရဲ့ တိတ်တဆိတ် သံယောဇဉ်ကိုအစ ဆွဲထုတ်ဖော်ပြဖို့လည်း မရည်ရွယ်။

ဒါပေမယ့် သုနီအနေနှင့် ကန့်ကွက်စရာလည်း မမြင်ပါ။

ကိုလုံခဘက်ကလည်း ဒီလိုပဲ ဖြစ်မှာပါ။





တကယ်တမ်း စဉ်းစားကြည့်တော့ မေမေသည်လည်း အားကိုးအားထားမရှိဘဲ ဘဝကို တစ်ယောက်တည်း ရုန်းကန်ရှက်လွှင့်ခဲ့တာ ကြာပါပြီ။

သူလည်း ပင်ပန်းနေမှာပဲ။

အမောပြေ ဘဝခရီးဖော်တစ်ဦး လိုအပ်ရင်လည်း လိုအပ်မှာပါ။

သုနီ ဒါကို နားလည်ပေးနိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက်မှာတော့ ရွှေသုနီသည် ဆေးရုံတက်ခဲ့ရပြီး အစစအရာရာ အဆင်တပြေနှင့်ပဲ ပြန်ဆင်းလာရ၏။

ဆေးရုံကို နေ့တိုင်းလာပြီး သူမ စားချင်တာတွေ ဝယ်ကျွေးတတ်သူကတော့ ကိုလုံခဲ့ပေါ့။

ဒီနေ့လည်း သူမ စားချင်တာမေးတော့. . .

"ရေခဲမုန့် နှစ်ခု"

သူမက ကလေးလို ဖြေသည်။

"စတော်ဘယ်ရီလား၊ နို့လား၊ သီးစုံလား"

"သီးစုံနှစ်ခုလေ"

"ကောင်းပြီ၊ ကျွန်တော် အခုပဲ သွားဝယ်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူဝယ်လာတဲ့ ရေခဲမုန့်ဟာ သစ်သီးဆန်းတွေနှင့် စိ မွှေးကာ နတ်သုဒ္ဓါလား အောင်းမေ့ရသဖြင့် သုနီက မမေ့နိုင် ဒီနေ့လည်း ထပ်မှာသည်။

သူကတော့ သုနီကို လိုလေးသေးမရှိအောင် ဂရုတစိုက် အလိုလိုက်တာပဲ ရှိပါသည်။ အရင်ကလို မရိုးမသားသော စကား တို့ တစ်ခွန်းမှပင် မဟ။

သုနီ စိတ်ဆိုးမှာလည်း ကြောက်ရွံ့ပုံရသည်။

ငါ မပြောသင့်ဘူးလေဟု တွေဝေတွန့်ဆုတ်ပုံလည်း သည်။ တစ်ခါတစ်ခါတော့ ငေးရီသော မျက်ဝန်းတွေနှင့် မမှိ မသုန် ငေးစိုက်ကြည့်နေတတ်သည်။

အရင်အပျိုတုန်းက သူ စိတ်ဝင်စားခဲ့ဖူးတာ မှန်ပေမဲ့ အရင်အခြေအနေနှင့် မတူတော့ဘူးလေ။ သုနီဟာ မုဆိုးမလေး တစ်ယောက်ဘဝ ဖြစ်နေခဲ့ပြီ။

ဒါကို သုနီ ကြေကွဲခံစားနေဆဲဖြစ်သလို သူလည်း မေ့ ထားနိုင်ဟန် မတူသေးပါ။

သူမတို့ရဲ့ကြားမှာ ဩဇာနည်ရဲ့ပုံရိပ်တွေက အမြဲတမ်း ရှိနေသည်။ သတိရမိတဲ့အခါ မနေ့တစ်နေ့ကလိုပဲ ငိုချင်းပြင်း လာတတ်သည်။

ကို. . . အခုတော့ သူဟာ ကျွန်မအတွက် အားပေး ဖော်တစ်ယောက် ဖြစ်နေခဲ့ပါပြီ။



ကျွန်မအနားမှာ ဂရုတစိုက်နဲ့ အလိုလိုက် အကြိုက် ဆောင် နှစ်သိမ့်တတ်သူတစ်ဦး ဖြစ်နေပါပြီ။

သူ ဘာမှ ဖွင့်မပြောတဲ့အခါ သုနီကပဲ သူ့အပေါ် အားတုံ့အားနာနဲ့ သနားကရုဏာသက်ရပြန်ဖါသည်။

သူ့ဖက်က ပေးဆပ်တာတွေပဲ ရှိခဲ့တာမို့လား။

ရယူခြင်းဆိုတာ ဘာတစ်ခုမှ မရှိ။

အရင်ကတော့ သူဟာ မုန်းဖို့ကောင်းလောက်အောင် ငွတ်တရွတ် တွယ်ကပ်ပြီး သုနီကို တဖွဖွ ချစ်ခွင့်တောင်းခဲ့တဲ့သူ လေ။ ကိုနှင့် လက်ထပ်တဲ့နေ့အထိ သူ့မျက်လုံးတွေက ချစ် မြတ်နိုးမှုတွေက သုနီအပေါ် မပြောင်းလဲနိုင်ခဲ့သေး။

နောက်ပိုင်းတော့ သူ့ဖက်က ဆင်ခြင်ထိန်းချုပ်ပြီး ဖုန်း လည်း မဆက်။ လာလည်း မတွေ့တော့။ လိုအပ်တဲ့အခါမှာ မြဲသိပ်ထိန်းချုပ်နိုင်စွမ်းရှိတာ ချီးမွမ်းစရာပါ။

သုနီဖက်ကလည်း မေ့မေ့ပျောက်ပျောက်ပေ့ါနေ၁်။

သို့သော် ယခုတစ်ဖန် အခြေအနေအကြောင်းတရား က အတင်းအကြပ် ပြန်လည်တွန်းပို့တဲ့အခါ မလွှဲမရှောင်သာ လာပြီး ပတ်သက်ရပြန်ပြီ မဟုတ်လား။

သူ့စိတ်ထဲမှာ အရင်က ခံစားချက်လက်ကျန်တွေ ရှိ သေးလား ပျောက်ပျက်သွားပြီလားဆိုတာ ရွှေသုနီ မတွေးတတ်။

အခုဆို သူ့မှာ စိုးအေမီဆိုတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း နီးနီးစပ်စပ် ရှိနေခဲ့ပြီ။ ထိုကောင်မလေးက သူမကိုပင် မလိုတမာလိုလို တစ်မျိုးတဖုံ ကြည့်သွားခဲ့တာ မမေ့။

ကြည့်ရတာ ကိုလုံခကို တွယ်ငြိနှစ်သက်နေပုံရသည်။

သူလည်း သူ့ဘဝနှင့်သူ သူ့ဇာတ်လမ်းနှင့်သူတော့ ရှိဦးမှာပေါ့။

တစ်ခါတရံတော့ ရှေ့ဆက်ပြီး ဘာတွေဖြစ်လာမလဲ သိချင်သေးသည်။

ရန်ကုန်ကို ပြန်သွားပြီးတဲ့အခါ မေမေနှင့် အန်ကယ်ထွန်းရှ ရော သံယောဇဉ်ပြတ်သွားမှာလား။ ဆက်ပြီး ပတ်သက်နေဦးမလား။ သူမ မတွေးတတ်။

ကိုလုံခနှင့် သူမရော. . .။ သူမရဲ့ဒဏ်ရာ ပျောက်ကင်းသက်သာသွားတဲ့အခါ ပတ်သက်စရာအကြောင်းလည်း မရှိတော့ဘဲ တစ်စတစ်စ ဝေးကွာအေးစက်သွားမှာပဲ မဟုတ်လား။

တကယ်ဆို မျက်လှည့်ပြတတ်တဲ့ လောကဓံတရားတွေကို သူမ ကြောက်လည်း ကြောက်နေပါပြီ။

ရှေ့ရေးရှေ့ရာတွေ ဘယ်လိုလာမလဲဆိုတာ ဗေဒင်ဆရာဆီပင် မမေးရဲအောင် ဖြစ်နေသည်။



"ကိုလုံခလည်း ပင်ပန်းနေပြီနော်၊ ရှင် ရန်ကုန်ကို ပြန်ချင်နေမှာပဲ"

"ဗျာ . . . ဘာလို့ ပြန်ချင်ရမှာလဲ"

"ဒီမှာ ကြာနေပြီဆိုတော့"

"ကြာတော့ ဘာဖြစ်လဲ"

"အန်ကယ်ထွန်းရှလည်း ပိုက်ဆံတွေ အရမ်းကုန်ကျသွားတယ် သိန်းရာချီတဲ့ငွေတွေ ဘယ်လို ပြန်ဆပ်နိုင်ပါ့မလဲ"

"ဟုတ်တယ်. . . ပြန်ဆပ်ဖို့ အခက်ဆုံးက စေတနာတရားပဲ"

သူက ဖြေးဖြေးစမ်းစမ်း လမ်းလျှောက်ပြန်ကျင့်နေရတဲ့ သူနီကို ဖေးမကူတွဲပေးရင်း ရောက်တတ်ရာရာ ပြောနေမိကြခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သုနိကသူ့မျက်နှာကို ဖျပ်ခနဲ မော့ကြည့်မိ၏။

အကြင်နာအရိပ်အငွေ့တွေ ယှက်သန်းပြီး စိုရီနက်ရှိုင်းတဲ့အကြည့်မှာ ရင်ထဲ ဖိုခနဲ ဖြစ်သွားရ၏။

တွဲထားတဲ့ သူ့လက်ကိုပင် ယောင်ပြီး ဖြုတ်ချမိတော့မလို အရှက်ပို အသည်းနွေးသွားမိတာ။

မျက်နှာပြန်ငုံ့ချလိုက်ရပေမယ့် ယိမ်းထိုးလှုပ်ရှားသွားတဲ့ အသည်းနှလုံးက ချက်ချင်း ပြန်မငြိမ်သက်။

"ပြန်မဆပ်နိုင်ဘူးဆိုပေမယ့် သုနီ ကူညီနိုင်တာရှိရင် အချိန်မရွေးပြောပါ"

"ရှိတာပေါ့၊ အခုလို သုနီအနားမှာ နေခွင့်ပြုတာ အဲဒါ ပြန်ပေးတဲ့ အရာပေါ့"

ထာဝရ နေခွင့်ပြုမှာလားဟု မျက်နှာပြောင်ပြောင်နှင့်ပဲ မေးလိုက်ချင်ပါသည်။ မမေးသင့်တာ မေးသင့်တာတွေ သူ သိပ်မစဉ်းစားချင်။

စိတ်ထဲရှိတာ ပြောပြဖို့ ဒီအချိန်မှာ စောသေးသလား ပွဲလန့်တုန်း ဖျာခင်းသူဟု အထင်လွဲမှာတော့ စိုးသည်။

လုံခကျော်က မချင့်မရဲနှင့် ဆက်ပြင်းရှိုက်မိသည်။

"မနေ့က ရှင် ဘယ်သွားတာလဲ"

ရွှေသုနီက အနေခက်သွားမိသဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်သည်။





"အမှန်အတိုင်းပြောရရင်တော့ လေယာဉ်ကွင်းမှာ ဧည့်သည်တစ်ယောက် သွားကြိုတာ"

သူ့အဖြေက တစ်မျိုးဖြစ်နေသည်။

သုနီ မျက်မှောင် လေးကုပ်ရင်း 'ဧည့်သည်' ဟု သံယောင်လိုက်မိ၏။

"သူ့ကို သုနီ မြင်ဖူးပါတယ်"

"ရှင် ဘယ်သူလဲ"

"စဉ်းစားကြည့်လေ"

"မိန်းကလေးလား"

သူက ခပ်ဖြေးဖြေး ခေါင်းညိတ်သည်။

"စိုးအေမီ ဆိုတာလား"

"ဟုတ်တယ်"

"သူ ဒီကို ရောက်နေပြီပေါ့"

"သူ့အဖေကလည်း ဒက်ဒီနဲ့ ခင်တယ်လေ၊ ဒီလို လာလိုက် ပြန်လိုက်ပဲ"

"အဆင်ပြေသွားတာပေါ့"

"ဘာကိုလဲဗျ"

"ရှင် အဖော်ရသွားတာ"

"သူက ကလေးပါ"

"မဟုတ်ပါဘူး၊ အပျိုချောလေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သူ့ကို မကြိုက်ပါဘူး၊ ကျွန်တော်အရမ်းကြိုက်တဲ့ မိန်းမတစ်ယောက် ရင်ထဲမှာ ရှိတယ်"

လုံခကျော်က သူမမျက်နှာကို မကြည့်ဘဲ ခပ်တိုးတိုး ရေရွတ်၏။ သုနီ . . . ခင်ဗျား နားလည်မလား။

စစ်မှန်တဲ့အချစ်တစ်ခုဟာ ပေါ်ပေါက်လာပြီဆိုရင် သူ့ကို ဖျက်ဆီးဖို့ ဖျောက်ဖျက်ဖို့ မလွယ်ဘူး။

သူ့ကို လုံအောင် သိမ်းထားချင်ထားလို့ရမယ်။

ရင်ထဲ အပြီးထည့်ပြီး မြှုသိပ်ထားချင်ထားလို့ရမယ်။

သူ့ကို တိုက်ထုတ်လို့ကတော့ သူဘယ်တော့မှ ထွက်မသွားဘူးဗျ။ ကျွန်တော်သိတဲ့ အချစ်ဆိုတဲ့ကောင်ဟာ ဘင်မတန် ခေါင်းမာတယ်။ သူမတူအောင် ရွဲကြီးတယ်။ သူ့ရဲ့ သစ္စာဟာလည်း လိုက်လို့မမီအောင် ဆန်းကြယ်ခမ်းနားတယ်။

ကျွန်တော်တော့ သူ့ကို အကြီးအကျယ် လက်လျှော့ခဲ့ဖူးတယ်။ သူ့ရဲ့ဂုဏ်သတ္တိကိုလည်း ကျောချမ်းအောင် ကြောက်မိတာ အမှန်ပဲ။

ပြောရမယ်ဆိုရင် အဲဒီအချစ်ဟာ,ကျွန်တော့်နှလုံးသားကို အသာကလေး ဝါးမြိုသွားခဲ့ဖူးတယ်။ နာလံမထူအောင် လှိမ့်ပိန့်ခံစားခဲ့ရတယ်။

ပိုင်ဆိုင်ရတဲ့ အရသာဟာ ဘာလဲလို့ မသိရခင် သူက ကျွန်တော့်ကို အရှုံးဒဏ်ရာတွေပဲ ခင်းပေးခဲ့တယ်။





အရှုံးလမ်းပေါ်မှာပဲ လျှောက်ခဲ့ရတယ်။ မျှော်လင့်ချက်တွေ ကင်းမဲ့ဖူးတယ်။

အချစ်ဆိုတာကို နောင်ဘယ်တော့မှ လှည့်မကြည့်ချင်လောက်အောင် စိတ်ဒဏ်ရာတွေ ပေးခဲ့တယ်။ ဒါကြောင့် သူ့ကို မေ့ထားခဲ့မိတယ်။ ပြန်အစမဖော်ချင်လောက်အောင်ဖြစ်ခဲ့တယ်။

အဲဒီအချစ်က အခု ကျွန်တော့်ဆီ ဒုတိယအကြိမ် ပြန်လှည့်လာပြန်ပြီ။

အမှတ်မထင် ရင်ထဲကို သူ ပြန်ဝင်လာပြန်ပြီ။

ကျွန်တော် ဘယ်လိုလုပ်ရမလဲ သုနီ။ ဘာလုပ်သင့်လဲ။

သူ့ကို ဝမ်းသာအားရ ကြိုဆိုရမယ့် အခြေအနေမျိုးလည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် စိုးရွံ့နေတယ်။ ရှေ့ဆက်ပြီးလည်း မတိုးရဲဘူး။

ဒီတစ်ခါ နောက်ကောက်ကျန်ရင်တော့ ကျွန်တော် ပက်လက်လန်ပြီ. . . ရင်ကျိုးပြီပဲ။ ပြန်ပြီး နာလံထူမှာ မဟုတ်တော့ဘူး။

ဒါကြောင့် ရင်ကွဲပက်လက်မဖြစ်ပါရစေနဲ့တော့နော်။ ခင်ဗျားနားမှာပဲ တစ်သက်လုံး နေခွင့်ပြုလိုက်ပါ။

နှုတ်က ဖွင့်မပြောရဲသမျှတွေ ရင်ထဲကပဲ တောင့်တနေမိ၏။ သူမနှင့် ခွဲရမည့် အချိန်ကို ဘယ်တော့မှ ရောက်မလာစေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလိုသာ တစ်သက်လုံး မခွဲမခွာ အတူတူရှိနေချင်သည်။

သူမမျက်နှာလေးကို မချင့်မရဲ စွဲမက်ချစ်မြတ်နိုးစွာ အသာကလေး ခိုးဝှက်ကြည့်လိုက်သည်။

ရွှေသုနီက တစ်စုံတရာကို နက်နက်နဲနဲ စဉ်းစားနေပုံမျိုးဖြင့် ငြိမ်သက်နေသည် မဟုတ်လား။

ခေါင်းငုံ့ချထားသော ဟန်ပန်လေးကို စွဲလမ်းနှစ်ခြိုက်စွာ ငေးနေမိ၏။

ဒီမိန်းကလေးဟာ သူ့ဘဝ၊ သူ့နှလုံးသားကို အသာကလေး သိမ်းပိုက်ရယူထားတာ ကြာခဲ့ပြီ။



ညက မှောင်သော်လည်း လခြမ်းကွေးလေးရှိသဖြင့် သဲသောင်လွင်ပြင်ကို တမျှော်တခေါ် ကြီးလှမ်းမြင်နေရသည်။

တိုက်ခတ်နေသော လေက တဟူးဟူးနှင့် တစ်စထက် တစ်စ ပိုအေးမြလာသည်။

လှိုင်းပုတ်သံ ကျယ်ကျယ်တို့နှင့်အတူ ဖြူဖွေးသော လှိုင်းလုံးကြီးများကိုလည်း လရောင်မှာ လင်းခနဲ လင်းခနဲ တွေ့မြင်နေရသည်။

ကောင်းကင်မှာ ကြယ်ပွင့်လေးတွေလည်း မရေမတွက်နိုင်အောင် အများကြီး ရှိနေသည်။

သူက ဝရံတာကနေ ကောင်းကင်ပေါ် မော့ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်နှင့် ပင်လယ်ပြင်ကို ရှုစားရတာ သဘာဝရဲ့ ငြိမ်းချမ်းသော သုခရသတစ်မျိုး ဖြစ်သည်။

ပင်လယ်ရနံ့လေးကလည်း တစ်မျိုးတစ်ဖုံ သင်းပျံ့နေသလို ထင်မိသည်။

ဝရံတာမှာ မျက်နှာကြက်ဖန်မီးဝိုင်းလေးရဲ့ အလင်းရောင်ရှိသည်။ လုံခကျော်က လက်ထဲက ဓာတ်ပုံကို မီးရောင်မှာ တစ်ချက် ပြန်ငုံ့ကြည့်မိသည်။

လက်ကောက်အရွယ်လောက်ရှိမည့် နားကွင်းဝိုင်းဝိုင်းကြီးနှင့် ပါးလေးတွေ ဖောင်းအောင်ပြုံးရယ်နေသော မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာ အနီးကပ်ပုံပါ။

တစ်ရံသောအခါက ဤဓာတ်ပုံကို ဩဇာနည် မြင်များမြင်မိသလား မပြောတတ်။ အဲဒီညကတည်းက ကားပေါ်မှာ မထားတော့ဘဲ ပြန်သိမ်းလာတာ။

ဒါပေမယ့် သူ့အိတ်တွင်း တစ်နေရာမှာ ဒီဓာတ်ပုံလေးက ရှိနေသည်။

အခု စင်္ကာပူရောက်တော့ အမှတ်တရ ထုတ်ကြည့်မိခြင်းပါ။

East Coast အိစ်ကိုတ် ကမ်းခြေလေးကို အတူတူရောက်ခဲ့ကြပြီးနော် ရွှေသုနီ။

ဒါဟာ ကိုယ့်တို့အတွက် အိပ်မက် မဟုတ်ဘူး။





မြန်မာပြည် မပြန်ခင် အပန်းဖြေအနားယူရအောင်ဆိုပြီး ဒက်ဒီစီစဉ်ခဲ့တာ ကျေးဇူးတင်စရာ ကောင်းလှပါသည်။

သူသည် သုနီပုံလေးကိုကြည့်ရင်း တရှိုက်မက်မက် နမ်းပစ်လိုက်ချင်စိတ်တွေ ရင်ထဲ တဖွားဖွား ပေါ်ပေါက်လာမိသည်။

ဘယ်သူမှ မရှိလောက်ဘူးထင်ပြီး နှုတ်ခမ်းနှင့်ဖွဖွလေး တယုတယ ထိကပ်မိသည်။

မင်း အိပ်ပျော်နေပြီလား . . ဘာပဲဖြစ်ဖြစ် ကိုယ့်အနမ်းလေး မင်းဆီ ရောက်သွားပါစေ။

ပြီးရင် ကိုယ်ချစ်နေတုန်းပဲဆိုတာ နားလည်နိုင်ပါစေ။

အပြစ်မမြင်ဘဲ အသိအမှတ် ပြုနိုင်ပါစေကွာ . . .

မျက်လုံးတွေမှိတ်၍ အလေးအနက် ဆန္ဒပြုမိသည်။

ထိုအချိန်မှာ ပါးလွှာသော ညဝတ်ဂါဝန်ဖြူလွလွလေးဖြင့် နူးညံ့သိမ်မွေ့သော သဏ္ဌာန်လေးတစ်ခု သူ့ထံ နီးကပ်လာတာကို သူ မသိ။

မွှေးပျံ့သော ကိုယ်သင်းရနံ့လေးတစ်မျိုးကို ရှူရှိုက်မိတော့မှ သူ မျက်လုံး ဖွင့်လာရသည်။

"ဟိတ် . . . ဘာတွေ ငေးနေတာလဲ"

ရုတ်တရက် အနားကပ်မေးလိုက်သံနှင့်အတူ သူ့လက်ထဲက ဓာတ်ပုံလေးကို တစ်စုံတစ်ယောက်က ဖျပ်ခနဲ ဆွဲယူသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . သုနီ. . . မလုပ်နဲ့"

"ရည်းစားပုံကို ကြည့်နေတာပေါ့လေ"

"မဟုတ်ဘူး. . . ပြန်ပေးပါ"

သူမ လက်ထဲကနေ ပြန်လုမိ၏။ သူ့ပုံစံက အလန့်တကြားမို့ သုနီကလည်း လက်တို ဝှက်ကာ မပေး။ သူက အတင်းအကျပ် ပြန်ဆွဲယူတာမို့ နှစ်ယောက်သား လုံးလုံးထွေးထွေး ရှုပ်ယှက်ခတ်သွားသည်။

"ကြည့်မလို့ ခဏ၊ ခဏလေး။ ရှင် ဘာဖြစ်တာလဲ၊ အားကျွန်မ လက်ကို လွှတ်စမ်းပါ။ ညှစ်ထားတာ နာနေပြီရှင့်"

ဆုပ်ကိုင်ထားတဲ့ လက်ကောက်ဝတ်ကို ယောင်မှား၍ ဖြေလွှတ်လိုက်တာနှင့် သူမက ဓာတ်ပုံယူပြီး ကမ်းခြေဆီ ပြေးဆင်းသွား၏။

"ဟာ. . . သုနီ"

လုံခကျော်က အဲ့ယားဖားယားနှင့် ထက်ကြပ်မကွာ ပြေးလိုက်လာသည်။

ဓာတ်ပုံကြောင့် သူ ရှက်နေသည်။ သူမသဘောဘယ်လိုမှန်း မသိဘဲ သူ့ရဲ့လျှို့ဝှက်ချက်ကို မသိစေချင်။

လရောင်ရှိသော သဲသောင်ဖွေးဖွေးလေးပေါ် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးလာကြသည်။





"ဟိတ်. . . မပြေးနဲ့"

"ဟင်း. . . ဟင်း. . . ဟင်း"

သူမက ရယ်သံလေးနှင့် နောက်ဖက်တစ်ချက် လှည့်ကာ ပြောင်စပ်စပ်မျက်နှာ ရှုံ့ပြလိုက်သည်။

"သုနီ. . . မင်းခြေထောက် ပြန်နာဦးမယ်"

ဟယ်တော့. . . ဟုတ်သားပဲ။

သူ သတိပေးတာနှင့် ကွက်တိပဲ ရွှေသုနီ ခြေတစ်ဖက် သဲထဲကျွံနစ်ပြီး ဟန်ချက်ပျက်ယိမ်းယိုင်သွားရ၏။

လှိုင်းလုံးကြီးတစ်ခုက ဝုန်းခနဲ လာအရိုက်မှာ သူမကို စိုးရိမ်တကြီး လာပြေးထူတဲ့ လုံခကျော်ရော၊ ရွှေသုနီရော လုံးထွေးကာ လဲကျသွားကြသည်။

"ဟော. . . အမေ့. . ."

အမှတ်မထင် ပင်လယ်ရေတို့ စိုရွှဲသွားရ၏။

ဒါပေမယ့် ပျော်စရာကောင်းသည်။

"နာသွားလာ"

"ဟင့်အင်း"

ဖွေ့ထူလျက်သားမှ တစ်ယောက်ကို တစ်ယောက် နီးနီးတပ်ကပ် ကြည့်မိကြသည်။

လုံခကျော်က ရေစိုနေသော သူမရဲ့ပခုံးလေးနှစ်ဖက်ကို ဖျစ်ခနဲ ဆုပ်ကိုင်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတဲ့ ဂါဝန်အကျႌလေးက ရေစိုကပ်သွားသဖြင့် ကိုယ်မှာကပ်နေသော အကျႌလေးကို အောက်ဖက်ဆွဲချရင်း သူ့ က မနေတတ်သလို မလုံမလဲ ရှက်သွားသည်။

ရွှေရင်မို့မို့နှင့် သေးသွယ်သော ခါးကျဉ်းကျဉ်းလေးက အသက်ရှူ မှားချင်စရာ။

သူမရဲ့ရှက်စနိုး အမူအယာလေးကြောင့် လုံခကျော်ရဲ့ ရင်ခုန်နှုန်းတွေက မြန်ဆန်ကြမ်းတမ်းစွာ ခုန်ပေါက်လှုပ်ရှား လာ၏။ ဒုတ် ဒုတ်နှင့် မြည်သံကျယ်ကြီးပင် ကြားရသည်။

"သုနီ"

မျက်ဝန်းနှစ်စုံက အရှိန်ပြင်းပြင်းနှင့် စေးကပ်တွယ်ငြိ နေသည်။

"သုနီကို ကျွန်တော်ချစ်တယ်"

ပြောပြောဆိုဆို လုံခကျော်က သူမကို ဖြုန်းခနဲ ရင်ခွင် ထဲ ဆွဲသွင်းလိုက်၏။

"ချစ်တယ်ဗျာ. . . အရမ်းချစ်တယ်"

ရေစိုကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် သိမ်းဖက် ကာ ပါးချင်းအပ်လိုက်၏။

"အို. . . ကိုလုံခ. . ."

သူမလည်း လုံခကျော် အပြုအမူကြောင့် အငိုက် အုံ့အားသင့်ကာ ငြိမ်သက်နေမိသည်။





"လွှတ်ပါဦး. . . မာတ်ပုံကျသွားပြီ"

"မလိုတော့ဘူး. . . ဒီကောင်မလေး ကိုယ့်ရင်ခွင်ထဲ ရောက်နေပြီ"

"ရှင် . . . ဘာပြောတာလဲ ကိုလုံခ"

"သုနီကို ချစ်တယ်လို့ ပြောတာ"

"ဖယ်ကွာ. . . ဘာတွေပြောနေတာလဲ"

လှိုင်းလုံးကြီး ပြန်ဆင်းသွားတဲ့အခိုက်မှာ သူမပါးကို အတင်းအကျပ် နမ်းလိုက်သည်။ ထို့နောက် နှုတ်ခမ်းလေးဆီ ခွတ်သိပ်စွာ. . .

"သုနီ. . . ချမ်းနေတယ်မို့လား"

"အင်း"

ရေစိုတာရော လေတဟူးဟူးတိုက်နေတာရောကြောင့် ချမ်းဘဲ ခံနိုင်ပါ့မလားနော်။

"အဲဒါကြောင့် ဖက်ထားမယ်လို့ ပြောတာ၊ ကိုယ့်ရင်ခွင် မှာ ကပ်ပုန်းနေလိုက်"

"အို. . . ဟိုမှာ လှိုင်းလုံးကြီးတွေ လာပြီ၊ မြန်မြန်. . . မြန်မြန်. . . ဘန်ဂလိုဘက် ပြန်ပြေးကြမယ်"

သုနီနှင့် သူ လက်ချင်းတွဲကာ လှိုင်းတွေနှင့် ဝေးအောင် ပြေးကြသည်။ 'ဝူ. . . ဝေါ' ဆိုတဲ့ အသံကြီးက နောက်မှာ ကပ်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အသားကုန် စွတ်ပြေးကြသည်။

လှိုင်းသံက ကပ်ပါလာဆဲ။

"ဝေါ. . ."

လှိုင်းခေါင်းဖြူကြီးတစ်လုံးက သူတို့ကို နောက်ကနေ အုပ်လွှမ်းလိုက်၏။

"အို. . . ကိုလုံခ"

သူမရဲ့ အလန့်တကြား အသည်းတထိတ်ထိတ် အသံလေးကို ကြားရပြီးနောက် ရုတ်တရက် တွဲထားတဲ့လက်ချင်း အမှတ်မထင် ပြုတ်သွားသည်။

"သုနီ. . . သုနီ"

သူ ဗလုံးဗထွေးနှင့် စိုးရိမ်တကြီးခေါ်မိ၏။

လှိုင်းပြန်ဆင်းသွားသောအခါ သဲသောင်ပြင်စိုစိုမှာ သူနှင့် သုနီက တစ်နေရာဆီ. . .

လုံခက ကျုံးထပြီး သူမဆီ ပြေးသွားလိုက်သည်။ သူက လက်ကလေးဆန့်ပြီး ကြိုဆိုသဖြင့် တစ်ဦးကိုတစ်ဦး ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်မိသည်။

"မကြောက်နဲ့နော်. . . သုနီ၊ လှိုင်းတွေ ဘယ်လောက်ကြမ်းကြမ်း ကိုယ်ရှိတယ် သိလား"

နောက်တစ်ကြိမ်မှာတော့ လှိုင်းဆီကနေ လွတ်အောင် နောက်လှည့်မကြည့်တမ်း အတူတူ ပြေးလာသည်။





ကြမ်းတမ်းသော ပုတ်ခတ်သံနှင့်အတူ လှိုင်းဖြူဖြူတွေက နောက်မှာ ကျန်ရစ်ခဲ့ပြီ. . .

သူတို့နှစ်ဦးသား ပျော်ရွှင်စွာ ဟေးခနဲ အော်ဟစ်မိကြ၏။

"ဟေး. . ."

"ဟော့ကောင်. . . . လုံခ၊ ထ. . . ထ လေတိုက်ထဲမှာ အိပ်ပျော်သွားတယ် ထင်တယ်၊ ပါးစပ်ကလည်း ပွစိ ပွစိနဲ့"

"ဗျာ. . . ဟာ. . . ဒက်ဒီ"

ဘန်ဂလိုအပြင်က ဒရင်းဘတ်ခ်မှာ သူလှစ်ခနဲ အိပ်ပျော်သွားတာပါလား။

အိပ်မက်တောင် မက်နေသေးသည်။

"အအေးမိမယ်နော်၊ မင်း ဆွယ်တာထူထူဝတ်လိုက်ဦး"

"ကျွန်တော် အိပ်မက်ကောင်းနေတာ"

"ဘာတွေ ကောင်းနေတာလဲ၊ ဘယ်သူပါလဲ၊ ရွှေသုနီလေးရော ပါရဲ့လား"

ဒက်ဒီ့ပုံစံက ပြုံးစိစိ. . .

"ဟာ. . . ဒက်ဒီကလည်း. . ."

"အိပ်မက်မက်နေရုံနဲ့ မပြီးဘူးကွ၊ အခုန သူတို့သားအမိကို ဝရံတာမှာ တွေ့လိုက်တယ်၊ ကမ်းခြေမှာ လမ်းလျှောက်ရအောင်လို့ သွားခေါ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေသုနီကိုပဲလား ဒက်ဒီ၊ အန်တီခိုင်ထွန်း မပါဘူး မို့လား"

"တောက်. . . ဒီကောင်နောက်တီးနောက်တောက်နဲ့"

"ဒက်ဒီ လမ်းလျှောက်ချင်တာ ဒက်ဒီခေါ်ပေါ့"

"မင်းခေါ်ရင်လည်း ရတာပဲ၊ လျှာမရှည်နဲ့၊ သွားခေါ်"

ဒက်ဒီလည်း သူ့ရဲ့စကားပြောဖော် အန်တီကို တမ်းတနေသည် ထင်ပါသည်။

ဒက်ဒီမျက်နှာကတော့ အနည်းငယ် ရှက်ကိုးရှက်ကန်းနှင့်ပါ။



"သုနီ"

"ဩော်. . . ကိုလုံခ . . . လာလေ"

ရွှေသုနီက မီးအလင်းရောင်အောက်မှာ ဖက်ရှင်မဂ္ဂဇင်းတစ်အုပ်ကို လှန်လှောဖတ်ရှုနေရင်းက သူ့ကို ခေါင်းမော့ကြည့်ကာ ခေါ်လိုက်ပါသည်။

"ဘာတွေ ဖတ်နေတာလဲ"

"ဒီလိုပါပဲ. . . ပျင်းနေတာနဲ့"

"သုနီရယ်. . . ကမ်းခြေလာပြီးမှ စာဖတ်နေရတယ်လို့ဗျာ"

"လမ်းတော့ လျှောက်ချင်သားပဲ၊ ကိုလုံခ အိပ်နေပြီလားဆိုပြီး မခေါ်တာ"

"မအိပ်သေးပါဘူးဗျာ. . . အန်တီရော"



www.burmeseclassic.com

www.burmeseclassic.com



"အခုနပဲ ကမ်းစပ်မှာ ဆင်းထိုင်မယ်ဆိုပြီး ထွက်သွားတာပဲ၊ ပင်လယ်စာတွေချည်းစားပြီး သွေးတိုးနေပြီလားတော့ မသိဘူး၊ ခေါင်းထဲမှာ ငြီးစီစီနဲ့ ပင်လယ်လေရှူဦးမယ်ဆိုပြီး ဆင်းသွားတာ"

လုံခကျော်က ဝမ်းသာသွားပြီး. . .

"ဒါဆို ကျွန်တော်တို့ ခဏလျှောက်ရင် မကောင်းဘူးလား"

"ကောင်းသားပဲ"

"သုနီ အနွေးအင်္ကျီယူဦးလေ၊ လေအရမ်းတိုက်တယ်ဗျ"

သူမက အခန်းထဲဝင်ပြီး ဆွယ်တာအင်္ကျီအဖြူရောင်လေးကို ယူလာသည်။

ဂျင်းဘောင်းဘီနက်ပြာမှောင်မှောင်နှင့် တီရှပ်ပန်းရောင်လေး ဝတ်ထားတာကို ကြည့်ရင်း အခုန အိပ်မက်ထဲက ဂါဝန်ဖြူနှင့် ရေစိုရွှဲနေတဲ့ သဏ္ဌာန်လေးကို ပြန်မြင်ယောင်မိသည်။

စတိုင်လ်မတ်မတ်နှင့် နံရံမှာ ခပ်အေးအေးမှီပြီး သူမထံ စူးစူးငေးငေးကြည့်နေပုံကြောင့် သုနီ မျက်နှာလေး နွေးသွားရသည်။

"ဘာကို ကြည့်တာလဲဟင်"





"သုနီက လှလို့ပါ"

သူ့အဖြေကြောင့် ရှက်စနိုး ပြုံးမိသည်။ မိန်းကလေးတစ်ယောက် ကျေနပ်ကြည်နူးသွားအောင် သူကဖြေတတ်သည်။

"မသိပါဘူး၊ ကျွန်မ လမ်းလျှောက်ပုံတစ်မျိုးများ ဖြစ်နေသလားလို့"

"မဖြစ်ပါဘူး၊ ရဲရဲသာလျှောက်"

သူက တွဲနေကျအတိုင်း သူမ လက်ကလေးကို ဆုပ်ကိုင်တွဲခေါ် လိုက်၏။

လုံခကျော်သည် ဒက်ဒီကို စချင်သဖြင့် ဘာမပြော ညာမပြောနှင့်ပဲ ရွှေသုနီနှင့် သောင်ပြင်အေးအေးပေါ် လမ်းလျှောက်ထွက်ခဲ့သည်။

လေပြေညှင်းလေးက တသုန်သုန် တိုက်ခတ်လျက်ရှိသည်။

လောကကြီးက ဒီလိုကျတော့လည်း အလွန် စိတ်ချမ်းသာ ကြည်နူးဖွယ် ချိုမြိန်သာယာနေပါရောလား။

လုံခကျော်က သဲပြင်ပေါ် ခပ်ဖြေးဖြေးလေး လျှောက်ရင်း သူမဖက်သို့ ခဏခဏ ပြုံးငုံ့ကြည့်မိသည်။

သူမကလည်း လှစ်ခနဲ လှစ်ခနဲ မော့အကြည့် မျက်လုံးချင်း ငြိတွယ်မိကြသည်။ သုနီရဲ့ ဆံနွယ်ပျော့ပျော့လေးတွေ လေမှာ လွင့်မျောနေပုံကပင် သူ့ကို မချင့်မရဲ ဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းသံတွေကြားမှာ လေကတဖြူးဖြူး တိုက်နေတော့ ရွှေသုနီက ချမ်းသလို ပခုံးကလေး ကျုံ့လိုက်မိ၏။

သူမ လက်ဖျားလေးတွေကလည်း အေးစက်လာသည်။ လုံခက သူဆုပ်ထားတဲ့ လက်ဖဝါးလေးကို နွေးသွားအောင် ဆုပ်နယ်ပေးမိသည်။

သူက သုနီလက်ကလေးကို တယုတယ ဆုပ်နယ်ပွတ်သပ်နေတော့ ရင်ထဲမှာ တစ်မျိုးကြီး လှုးလွန့်လှုပ်ရှားလာရသည်။

ဟဖြည်းဖြည်းနှင့် ဘနိဂလိုနှင့်လည်း ဝေးလာပြီလေ။

“ကိုလုံခ. . . သုနီ သိပ်အဝေးကြီး မလျှောက်နိုင်ဘူး”

“ဟုတ်သားပဲ. . . ဒါဆို ဟိုက ခုံတန်းလေးမှာ သွားထိုင်ရအောင်”

အတူတူလာထိုင်ရင်း ကောင်းကင်ကြီးကိုလည်း မော့ကြည့်မိသည်။ ပြာမှောင်သော ကောင်းကင်နှင့် တိတ်ဆိတ်သောညဦးယံဟာ လှိုင်းသံတွေကြားမှာ ဆွတ်ပျံ့သာမောဖွယ်ကောင်းနေ၏။

ကိုလုံခ ဘေးမှာ ထိုင်နေရတာ လုံခြုံနွေးထွေးမှု အရသာတစ်မျိုးကို သုနီ ခံစားလိုက်မိသည်။

ကိုဩဇာလိုပဲ သူ့ကို ဘာလေးမဆို အားကိုးချင်စိတ်ဖြစ်နေမိတာလည်း ကိုယ့်ဘာသာ သတိပြုမိသည်။

“ကျွန်တော် အခုန အိပ်မက်တစ်ခု မက်တယ်”





“ဟုတ်လား”

“သုနီနဲ့ ကမ်းစပ်မှာ လမ်းလျှောက်နေတာ”

“မေမေတို့ရော ပါလား”

“မပါဘူး၊ နှစ်ယောက်ထဲပဲ”

“ဘာတွေ ပြောနေကြတာလဲ”

လုံခကျော်က လည်းချောင်းတစ်ချက် ရှင်းလိုက်မိသည်။

အိပ်မက်ထဲကလို ပွင့်ပွင့်လင်းလင်းပြောချရရင် ကောင်းမှာ . . . ။

ယခုတော့ သူ နှုတ်မရဲ. . . ။

“မမှတ်မိတော့ဘူးလား”

“မှတ်မိပါတယ်၊ တစ်သက်လုံးတောင် မေ့နိုင်မှာ မဟုတ်ဘူး”

“ဘာပြောနေလို့လဲ”

“ရည်စားစကား”

“ဘာရယ်”

“သုနီကို ချစ်တယ်လို့ ပြောနေတာ”

သူမ ရုတ်ခြည်း တိတ်ဆိတ်ငြိမ်ကျသွား၏။

“အရင်တုန်းကလည်း ရင်နဲ့မဆန့်အောင် ရှုးရှုးမှုးမှုး သည်းသည်းမည်းမည်းနဲ့ အရမ်းကို ချစ်ခဲ့တယ်၊ အခုလည်း ချစ်တယ်၊ နောက်လည်း အမြဲ ချစ်သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ အိပ်မက်ထဲမှာပဲလေ၊ အပြင်မှာမှ မဟုတ်တာ၊ ကိစ္စမရှိပါဘူး"

"အပြင်မှာ ပြောနေတာဗျ"

"ဟောတော့"

"ဘာလို့လဲ၊ မယုံဘူးလား"

သုနီ ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ သူ့အမူအယာတွေ ကြည့်ပြီး အစကတည်းကလည်း ရိပ်မိနေပြီးသားပါ။

ဒါပေမယ့် ခုလို ဖွင့်ပြောတော့ ရင်တုန်သွားမိသေးတာပဲ။ ရွှေသုနီက သူ့ဖက်မကြည့်ဘဲ အဝေးကလှိုင်းတွေကိုသာ ငေးနေလိုက်၏။

"သုနီ အကြောင်းတွေ ရှင်သိနေသားနဲ့၊ ဒီဇာတ်လမ်းကို ဆက်ချင်သေးတယ်၊ ဟုတ်လား"

"အချစ်ဆိုတာ အိုသွားတယ်၊ ဟောင်းသွားတယ်လို့မှ မရှိတာဗျာ"

သုနီ ငြိမ်နေတော့ သူက ပခုံးလေးကို မရဲတရဲ ဖွဖွ ဖက်ရင်း. . .

"ဘာတွေ အားငယ်နေတာလဲ၊ ကျွန်တော် သုနီနဲ့ခွဲပြီးတော့ မနေနိုင်တော့ဘူး၊ ဒီလိုပဲ နီးနီးကပ်ကပ် အမြဲနေချင်တယ်၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါဗျာ. . . နော်"

◆ ဉာဏ်ဝင်းစာပေ ◆



သူ့ခွင့်တောင်းနေပုံလေးကြောင့် သုနီ ရင်ထဲတုန်တုန်ရီရီ လှုပ်ရှားလာမိကာ ဘယ်လိုက ဘယ်လို ခေါင်းညိတ်ပြမိသွားသလဲ မသိတော့ပါဘူး။

"ကျွန်တော့်ကို ချစ်တယ်နော်"

ထပ်ပြီး ခေါင်းညိတ်ပြတာမို့ လုံခကျော်က ဝမ်းသာအားရ သူမကို တအားတိုးဖက်လိုက်၏။ ပြီးတော့ သုနီလည်တိုင်လေးကို နှုတ်ခမ်းနွေးနွေးနှင့် ထိကပ်နမ်းရှိုက်လိုက်သည်။

"ပျော်လိုက်တာ သုနီရယ်၊ ဒါ ကျွန်တော် လိုချင်မက်မောဆုံး ဘဝနဲ့အချစ်ပဲဗျာ. . . သိလား"

ရွှေသုနီသည် လုံခြုံနွေးထွေးသော ရင်ခွင်တစ်ခုမှာ မှီကပ်ထားရင်း စိတ်ထဲကနေ ကိုဩဇာထံ ခွင့်ပြုပါဟု တောင်းပန်မိသည်။

သူမကိုယ်တိုင်လည်း ကိုလုံခကို တစ်စတစ်စ တိုးလို့နှောင်ဖွဲ့နေမိပြီ မဟုတ်လား။

"ကိုလုံခရယ်. . . ဖယ်ပါဦး. . ."

"မဖယ်ချင်ဘူးဗျာ"

"ရှင် အဲလို မလုပ်နဲ့လေ၊ ဟိုမှာ လူတွေ ဒီဖက်လျှောက်လာပြီ"

လုံခကျော်က လည်တိုင်နုနုလေးပေါ်မှ သူ့နှုတ်ခမ်းကို ခွာလိုက်၏။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ"

သူကြည့်တော့ ကမ်းခြေအတိုင်း ဒီဘက်ကိုလျှောက်လာနေတဲ့ စုံတွဲတစ်တွဲ။

အမျိုးသမီးက လည်မှာ ပုဝါပတ်ထားသည်။ ထမီစကတ်ပုံစံ လုံချည်ရှည်ရှည်ရဲ့အနားစကလေးမှာ တဖတ်ဖတ်လွင့်နေသည်။

ကောက်ကြောင်းကို ကြည့်ရတာလည်း ခပ်လှလှနှင့် နွဲ့နွဲ့နှောင်းနှောင်းပါပဲ။ ဘေးက လူကြီးကတော့ ဟာဝေယံရှပ်နှင့် သရီးကွာတားဘောင်းဘီတကားကားနှင့်ပါ။

အမျိုးသမီးက အမျိုးသားလက်မောင်းကို မှီတွဲကာ ခပ်ဖြည်းဖြည်း လျှောက်လာနေသည်။

"ဟင်. . . မေမေ ထင်တယ်"

"ဟာ. . . ဒက်ဒီပဲ"

သူတို့ ပြိုင်တူလိုလို တအံ့တဩ အလန့်တကြား ရွတ်မိကြ၏။

"သုနီ. . ကြည့်စမ်းပါဦး၊ အန်တီက ဒက်ဒီလက်မောင်းကို တွဲမှီထားပါလား"

"အို. . . မေမေ ခေါင်းမူးနေလို့ဖြစ်မှာပါ"

သုနီက ကမန်းကတန်း ဖာဖာထေးထေး ဖုံးဖိကာတွယ်လိုက်ပါသည်။





"အေးလေ. . . အဲဒါဆိုလည်း ရှေ့လျှောက်ပိုမူးရင် ခက်မှာပေါ့။ ဆေးပေး မီးယူလေးတော့ အဖော်ပြုရမှာပေါ့ကွာ၊ မဟုတ်ဘူးလား"

"ကဲပါ. . . လျှောက်ပြောမနေနဲ့၊ သူတို့ ဒီဘက်ရောက်လို့ သုနီတို့ကို မြင်သွားရင် ရှက်နေဦးမယ်"

"အိုကေ. . . ဒါဆိုလည်း အသာလေး မသိယောင်ဆောင်နေလိုက်မယ်"

မိဘနှစ်ပါးကို ထိပ်တိုက်ရင်မဆိုင်မိဖို့ သူတို့ ကြိုတင်ပြေးရှောင်ပုန်းမှ ဖြစ်မှာပါ။

နှစ်ဦးသား ပြုံးစိစိလေးတွေနှင့်ပဲ ဘန်ဂလိုဘက်သို့ အသာခြေဖွလို့ ပြန်ပြေးလာမိကြသည်။

ရင်ထဲမှာ ရယ်ချင်မြူးတူးနေကာ တော်တော်ဝေးဝေးကိုရောက်မှ မအောင့်နိုင်ဘဲ ကြိတ်ရယ်လိုက်မိကြသည်။

"ဟိ. . . ဟိ. . . ဟိ"

"အဟား. . . ဟား. . . ဟား. . . ဟား"

ဆုလေးနွယ်



www.burmeseclassic.com